# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၂) အမှတ် (၃၅၀)

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ သောကြာနေ့။


နေပြည်တော် သံဝေဇနိယလေးဌာနရှိ ဘုရားလောင်းဖွားမြင်တော်မူရာနေရာနှင့် ဓမ္မစကြာတရားဦး ဟောတော်မူရာနေရာများ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာကျင်းပ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘုရားလောင်းဖွားမြင်တော်မူရာနေရာ၌ ရတနာငွေကြုတ်တော် စီသွင်းပူဇော်

## ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ တည်ထားကိုးကွယ်မည့် သံဝေဇနိယလေးဌာနရှိ ဘုရားလောင်းဖွားမြင်တော်မူရာနေရာနှင့် ဓမ္မစကြာတရားဦးဟောတော်မူရာနေရာများ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘုရားအလောင်းတော် ဖွားမြင်တော်မူရာနေရာတွင် ရတနာငွေကြုတ်တော်ကို စီသွင်းပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရတနာငွေကြုတ်တော်ကို ဆရာတော်ထံ ဆက်ကပ်စဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များတက်ရောက်ကြသည်။

### ကိုးပါးသီလခံယူ

ရှေးဦးစွာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှု ဆည်းပူးခြင်းမင်္ဂလာအခမ်းအနားကို နံနက် ၈ နာရီတွင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်အနီးရှိ သာသနာ့ဗိမာန်၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လှည်းဆိပ်စံပြကျေးရွာ မနောဟရီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုသလထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ရတနာရွှေအုတ်တော်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ▲

# မြန်မာနိုင်ငံဓာတ်ပုံအသင်းနိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံသည် နယ်ပယ်ကဏ္ဍအသီးသီးတွင် နိုင်ငံတကာနှင့် ပူးတွဲဆောင်ရွက်မှုများ တိုးတက်များပြားလာလျက်ရှိရာ မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များသည်လည်း ပြည်ပဓာတ်ပုံပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများလာရန် ကြိုးစားဆောင်ရွက်နေပြီဖြစ်သည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အဖြစ် မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးသည် တရုတ်နိုင်ငံတွင် Pingyao မြို့၌ကျင်းပမည့် (၁၃)ကြိမ်မြောက် Pingyao International Photography Festival သို့ တက်ရောက်နေပြီဖြစ်သည်။

စက်တင်ဘာ ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် နိုင်ငံတကာဓာတ်ပုံပွဲတော်အတွင်း မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များနှင့် နိုင်ငံတကာမှ ဓာတ်ပုံပညာရှင်များ အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အပြန်အလှန်ပူးတွဲလုပ်ဆောင်မှုများ တိုးတက်လာရေးတို့အတွက် ဆွေးနွေးမည် ဖြစ်သည်။

**သတင်း - ဝေယံဦး**

မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များ၏ လက်ရာများ နိုင်ငံတကာ ဓာတ်ပုံပြပွဲများတွင် ပါဝင်ပြသနိုင်ရေး၊ မြန်မာနိုင်ငံတွင် နိုင်ငံတကာဓာတ်ပုံပြပွဲများ လာရောက်ပြသနိုင်ရေးစသည်တို့ကိုလည်း ဖြစ်ပေါ်လာရန် မြန်မာနိုင်ငံဓာတ်ပုံအသင်းက ကြိုးစားလျက်ရှိသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### စိုးရိမ်ရေမှတ်အလွန်

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသ အချို့၌ မကြုံစဖူး မိုးများ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြစ်ရေသည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပါသည်။ အချို့သောဒေသများ၌ စိုးရိမ်ရေမှတ်ကို ကျော်လွန်ခဲ့ပါသည်။ စိုးရိမ်ရေမှတ်ကျော်လွန်ခြင်းသည် တစ်နည်းအားဖြင့် မြစ်ရေလျှံ ရေကြီးခြင်းပင်ဖြစ်ပါသည်။ အထူးသဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မြစ်ရေလျှံရေကြီးခဲ့ခြင်းဖြစ်ပါသည်။

“တော်သလင်းမိုး ကန်သင်းကျိုး”ဟူသည့်စကားအတိုင်း အထက်အညာဒေသတွင် ဤတော်သလင်းလအတွင်း ရွာလိုက်သော မိုးများသည် သဲသဲမဲမဲ မစဲဘဲ ရွာသွန်းလေ့ရှိပါသည်။ ထို့ကြောင့်လည်း ဆရာဇော်ဂျီ၏ ကဗျာထဲကလို “မြစ်ရေကလျှံ၊ ချောင်းရေကတိုး” ဆိုသကဲ့သို့ ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့ရပါသည်။

ဤသို့ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများစွာ မဖြစ်နိုင်သော်လည်း သတိပြုရမည့်အချက်များမှာ များစွာ ရှိနေသည်ကို သတိမူအပ်ပေသည်။ ဥပမာဆိုရလျှင် မိလ္လာစနစ်များအတွင်း ရေဝင်ရောက်ခဲ့ခြင်းကြောင့် ညစ်ညမ်းရေများ ပျံ့နှံ့သွားရာက ဝမ်းရောဂါများဖြစ်တတ်ခြင်း၊ ခိုင်ခံ့မှု အားနည်းသော နေအိမ်များ၊ အဆောက်အအုံများ ပြိုကျတတ်ခြင်း၊ ရေတွင်းနှင့် အိမ်သာများ ပြိုကျတတ်ခြင်းစသော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားတတ်ပါသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေသောဒေသများ၌ အထူးသဖြင့် သန့်ရှင်းသည့် သောက်သုံးရေအသုံးပြုရေးသည် အရေးကြီးပါသည်။ ရေကောင်းရေသန့် မရနိုင်သောဒေသများတွင် ရေကို ကျိုချက်သောက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ အစားအသောက်များကိုလည်း ခြင်၊ ယင်မနားသော အစားအစာများကို ပူပူနွေးနွေး စားသုံးသင့်ပါသည်။ အဆောက်အအုံများအတွင်း နေထိုင်မည်ဆိုပါက ခိုင်ခံ့မှုသေချာစွာ စစ်ဆေးပြီးမှသာလျှင် ဆက်လက်နေထိုင်သွားသင့်ပါသည်။ သို့မဟုတ်ပါက အဆောက်အအုံနေအိမ်များ ပြိုကျ၍ ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်ပါသည်။

သို့ပါ၍ စိုးရိမ်ရေမှတ်လွန်ဒေသများနေ ပြည်သူတို့အနေဖြင့် ရေကြီးမှုဖြစ်ပွားပြီးနောက်ပိုင်း တစ်စုံတစ်ခုသော ဘေးအန္တရာယ်များ မကြုံရလေအောင် အသိသတိရှိစွာ နေထိုင်သွားလာကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

### ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဉယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

**(မြန်မာ့အလင်း)**

# တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးတက်အောင် ကြိုးစားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီတို့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၏ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဆိုင်ရာနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီခွဲက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမဆောင်၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဘက်ပေါင်းစုံမှ ပြီးပြည့်စုံသော ဥပဒေဖြစ်ရေးသည် အားလုံးနှင့် သက်ဆိုင်သောကြောင့် ပါဝင်သင့် ပါဝင်ထိုက်သူများနှင့်ဌာနဆိုင်ရာများအားလုံးပါဝင်နိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ဥပဒေထွက်ရှိလာလျှင်လည်း အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဥပဒေကို အသက်ဝင်အောင် လုပ်ဆောင်နိုင်ရန် မိမိတို့တွင် အဓိကတာဝန်ရှိ၍ အသေးစိတ် ကြိုတင်လေ့လာထားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**ဝိုင်းဝန်းကြိုးစား**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံသော့ချက်များဖြစ်သည့် စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိပြီး ခိုင်မာသောဈေးကွက်ရရှိအောင် လက်တွေ့ဆောင်ရွက်ပေးရေး၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ထွန်းလာရန် အားပေးကူညီဆောင်ရွက်ရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို လက်တွေ့ အသုံးပြုရေး၊ သွင်းအားစုတို့ကို အချိန်ကိုက် အချိုးကျ အသုံးပြုနိုင်အောင် လက်တွေ့အားပေးကူညီရေး၊ စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ကုန်ချော ထုတ်လုပ်နိုင်မည့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ထိထိရောက်ရောက် ထူထောင်နိုင်ရေး အားပေးကူညီရေး၊ စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်လွန် တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်ပြီး ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်အထိ လေလွင့်ဆုံးရှုံးမှုများ၊ ထုတ်လုပ်မှုနှင့် သယ်ယူရောင်းဝယ် လွှဲပြောင်းမှုကုန်ကျစရိတ်များကို လျှော့နည်းသက်သာအောင် လက်တွေ့အားပေးဆောင်ရွက်ရေးတို့ကို အသေးစိတ်လေ့လာပြီး မိမိတို့ တတ်နိုင်သလောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်နှင့် တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန် အထူးလိုအပ်ပါကြောင်းဖြင့် ဆက်လက်မှာကြားခဲ့သည်။

အလားတူ တောင်သူလယ်သမားများသည် ၄င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် လက်ရှိဝင်ငွေနှင့်မဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ကူးပြောင်းနိုင်ရေးအတွက်လည်း လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒေသအလိုက် ဆောင်ရွက်လျက်ရှိသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူများ သက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့ နေနိုင်ရေးတို့အတွက် အခြေခံလိုအပ်ချက်များကို သက်ဆိုင်ရာ အစိုးရအဖွဲ့များနှင့်တာဝန်ရှိသူများက လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ထို့နောက် ဗဟိုကော်မတီမှ တာဝန်ရှိသူများနှင့် ဌာနအကြီးအကဲများက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှ တင်ပြထားသည့် လယ်မြေအားအခြားနည်းဖြင့် အသုံးပြုမှု၊ ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှု၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေဆိုင်ရာ၊ စက်မှုလယ်ယာ ကူးပြောင်းရေးဆိုင်ရာ၊ စိုက်ပျိုးစရိတ် ချေးငွေဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မြေယာခွန်ဥပဒေများနှင့် မြေခွန်တိုးမြှင့်ရေး လုပ်ထုံးလုပ်နည်းများ တစ်ပြေးညီ သတ်မှတ်ထုတ်ပြန်နိုင်ရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် သီးနှံပုံစံများ ရွေးချယ်စိုက်ပျိုးရေးဆိုင်ရာများနှင့် ဒုတိယဝန်ကြီး ဦးခင်ဇော်က စိုက်ပျိုးရေးစီမံခန့်ခွဲမှု စနစ်တကျဆောင်ရွက်ရေး ကဏ္ဍဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ တိုင်း ဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးချက်များအပေါ် ဘက်ပေါင်းစုံမှ ဖြည့်စွက် ဆွေးနွေးကြသည်။

ထို့အတူ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်က စိုက်ပျိုးချိန်၌ လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် ထွက်ရှိလာသော ဆန်းစပါးဈေးကောင်းဈေးမှန်ရရှိရေး၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများကို ဦးစားပေးရေး၊ သဘာဝဘေးဒဏ်ကြောင့် ဆုံးရှုံးကြရသော တောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီအထောက်အပံ့ပေးနိုင်ရေးဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ်ရှိ စက်စက်ယို ဆည်ရေသောက်စနစ်တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်း၌ အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထားသော တောင်သူပညာပေး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကသာဆိပ်ကမ်း မြေထိန်းနံရံပြုပြင်သင့်

ထင်သာမြင်သာပြုပြင်စရာ

ကသာမြို့သည် ဧရာဝတီမြစ် အနောက်ဘက် ကမ်းပါးပေါ်တွင် တည်ရှိသည့် မြို့တစ်မြို့ဖြစ်သည်။ မြို့တည်ကာလ သက်တမ်းကြာရှည်ပြီဖြစ်သည်နှင့်အညီ ဧရာဝတီမြစ်ရေ တိုက်စားမှုဒဏ်ကြောင့် မြစ်ကမ်းပါး ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ရပ်ကွက်(၂) ရွှေကူကြီးဘုရားအရှေ့ရှိ ဆိပ်ကမ်း၌ အလျားပေ ၂၀၀ ခန့်၊ အမြင့် ၁၂ ပေခန့်ရှိ ကျောက်ကြီးစီ ဆင်ခြေလျှောမြေထိန်းနံရံတစ်ခုကို စတင်တည်ဆောက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ရပ်ကွက်(၃) ဆိပ်ကမ်းတစ်လျှောက် အလျားပေ ၇၀၀၊ အမြင့် ခြောက်ပေခန့်ရှိ မြေထိန်းနံရံနှင့် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ရပ်ကွက်(၁၀) ဆိပ်ကမ်း၌ အလျားပေ ၃၂၀ ကျော်၊ အမြင့် ပေ ၂၀ ခန့်ရှိ မြေထိန်းနံရံကို ဆက်လက်တည်ဆောက်နိုင်ခဲ့သည်။

မြေထိန်းနံရံအပေါ် ထိပ်ပိုင်းတွင် လူသွားလမ်း ပလက်ဖောင်းများ ရောင်စုံခြယ်သထားသည့် သံလက်ရန်းတိုင်များ၊ အလှမီးလုံးများ ပြုလုပ်တပ်ဆင်ထားရာ သာယာလှပသည့် ဆိပ်ကမ်းတွင် ပြည်သူများအနားယူအပန်းဖြေနိုင်ကြသကဲ့သို့ မြစ်ကမ်းပါးပြိုကျမှုကိုလည်း ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြေထိန်းနံရံသုံးခုအနက် အစောဆုံးတည်ဆောက်ခဲ့သည့် ရွှေကူကြီးဘုရားအရှေ့ရှိ ဆင်ခြေလျှောမြေထိန်းနံရံသည် နေရာအတော်များများတွင် ကျောက်တုံးကြီးများမရှိတော့ဘဲ မြေသားများပေါ်ထွက်ကာ မြက်ပင်ချုံပင်များ ပေါက်ရောက်လျက်ရှိပြီး မြေထိန်းနံရံများပေါ်တွင် အမှိုက်သရိုက်များ၊ စားကြွင်းစားကျန်များကို စည်းကမ်းမဲ့စွန့်ပစ်ကြသဖြင့် မြေကွက်ကြီးများ ရောက်ရှိလာကာ တွင်းဖွဲ့ခိုအောင်းနေကြသောကြောင့် တောင့်တင်းခိုင်မာမှု လျော့နည်းလာကြောင်း တွေ့ရှိရသည်။

ထို့အပြင် ကသာဆိပ်ကမ်းသို့ ဆိုက်ကပ်သည့် မော်တော်ယာဉ်များသည် ကန့်သတ်ဧရိယာဖြစ်သည့် မြေထိန်းနံရံများပေါ်တွင် ခရီးသည် အတက်အဆင်းနှင့် ကုန်တင် ကုန်ချမှုများ ပြုလုပ်နေသည်ကိုလည်း တွေ့မြင်နေရသည်။

**ပူးပေါင်းဆောင်ရွက်**

အများအကျိုးအတွက် တည်ဆောက်ထားသည့် မြေထိန်းနံရံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် ပြည်သူလူထုက တာဝန်သိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

ထိုနည်းတူ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ အနေဖြင့်လည်း “အသစ်တည်ဆောက်၊ အဟောင်းပြုပြင်” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပျက်စီးယိုယွင်းမှုများ၊ စည်းကမ်းမဲ့လုပ်ဆောင်နေမှုများကို အချိန်မီ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

**စမ်းဦး(ကသာ)**

## ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ အလှူရှင် ၉၃ ဦးတို့က ငွေကျပ်သိန်းပေါင်း ၁၇၅၈ သိန်းကျော်ကို လှူဒါန်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဘုရားအလောင်းတော် ဖွားမြင်တော်မူရာနေရာတွင် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရတနာငွေကြုတ်တော်၊ မော်ကွန်းကမ္ပည်းကြေးပြားတော်၊ မော်ကွန်းကျောက်စာတော်နှင့် ပတ္တမြားရတနာစီခြယ်ထားသော ကျောက်စိမ်းအုတ်မြစ်တော်တို့ကို စီသွင်းပူဇော်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူတို့က ရတနာကျောက်စိမ်း အုတ်မြစ်တော်တို့ကို စီသွင်းပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာ ဓမ္မစကြာတရားဦး ဟောတော်မူရာ နေရာတွင် ရတနာကျောက်စိမ်း အုတ်မြစ်တော်များ စီသွင်းပူဇော်ကြသည်။

ရာဇဌာနီ မင်းနေပြည်တော်၌ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်သည် သံဝေဇနိယလေးဌာနတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဆက်လက်၍ သံဝေဇနိယလေးဌာနမှ ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို တည်ထားပူဇော်ရန် စီမံဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဘုရားအလောင်းတော်ဖွားမြင်တော်မူရာနှင့် ဓမ္မစကြာတရားဦးဟောတော်မူရာနှစ်ဌာနတည်ဆောက်ရန် ရတနာနဝရတ်အုတ်မြစ်တော်များ စီသွင်းပူဇော်ပြီး ဖြစ်သည်။

မြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်အရွယ်တွင် ပရိနိဗ္ဗာန်စံတော်မူခဲ့ရာ ထိုအကြောင်းအရာကို အထိမ်းအမှတ်ပြုလျက် မြတ်စွာဘုရားပရိနိဗ္ဗာန် စံတော်မူရာဌာနတည်ဆောက်ရန် ရတနာနဝရတ်အုတ်မြစ်တော်စီ သွင်းပူဇော်ခြင်းကို ယနေ့မှစတင်၍ ရက်ပေါင်း ၈၀ ပြည့်သည့်နေ့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၉**

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

**နေပြည်တော် စက်တင်ဘာ ၁၉**

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို တိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်၏ အစီရင်ခံစာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန် လျာထားချက်နှင့် ဥပဒေ(မူကြမ်း) တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အီရန်နိုင်ငံ၏ သမ္မတ ရိုဟာနီ။

# နျူကလီးယားလက်နက် မည်သည့်အခါမှ ထုတ်လုပ်မည်မဟုတ်ဟု အီရန်သမ္မတရိုဟာနီပြော

**ဝါရှင်တန် စက်တင်ဘာ ၁၉**

အီရန်သမ္မတဟာဆန်ရိုဟာနီက ၎င်း၏အစိုးရအနေဖြင့် မည်သည့်အခါမှ နျူကလီးယားလက်နက်ထုတ်လုပ်မည်မဟုတ်သလို မိမိနိုင်ငံ၏ နျူကလီးယား စီမံကိန်းများကို အနောက်အုပ်စုနှင့် သဘောတူညီမှု ရရှိရေး အပြည့်အဝတာဝန်ယူထားသည်ဟု အမေရိကန် NBC သတင်းဌာနသို့ ဖြေကြားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် စက်တင်ဘာ ၁၈ ရက်က ဖော်ပြသည်။

ထို့ပြင် အမေရိကန်သမ္မတ အိုဘားမားနှင့် အပြန်အလှန်အကျိုးပြု ဆက်ဆံရေးအကြောင်းကိုလည်း ၎င်းကပြောကြားသည်။ သမ္မတရိုဟာနီ ရွေးကောက်ခံရပြီး အပြုသဘောလက္ခဏာများတိုးတက်ခဲ့ရာ အမေရိကန်သမ္မတအိုဘားမားက ဂုဏ်ပြုသဝဏ်လွှာပါးခဲ့ဖူးသည်။

"သမ္မတအိုဘားမားစာရဲ့သဘောသွားက အပြုသဘောဆောင်တဲ့ ဆက်ဆံရေးတစ်ရပ်လို့ ကျွန်တော့်အမြင်ဘက်ကနေ ယူဆပါတယ်။ အလွန်အရေးပါတဲ့ အနာဂတ်အတွက် သိမ်မွေ့ပြီး ခြေလှမ်းအစတစ်ရပ်လည်း ဖြစ်လာနိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံခေါင်းဆောင်အားလုံး ကိုယ့်နိုင်ငံ အမျိုးသား အကျိုးစီးပွားကို စဉ်းစားဖော်ဆောင်နိုင်သလို ဖိအားပေးအုပ်စုများရဲ့ ဩဇာရိပ်အောက်မှာရှိ မနေသင့်ဘူးလို့ ကျွန်တော်ယုံကြည်တယ်။ အနာဂတ်မှာ ရင်းနှီးတဲ့ဆက်ဆံရေး ဖြစ်ထွန်းလာဖို့ မျှော်လင့်ထားပါတယ်" ဟု သမ္မတရိုဟာနီက ပြောကြားသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၅ ရက်က ABC သတင်းရုပ်သံလိုင်းနှင့် အင်တာဗျူးတစ်ခုတွင် သမ္မတအိုဘားမားက အီရန်သမ္မတရိုဟာနီထံသို့ စာချင်းအဆက်အသွယ်ရှိကြောင်း၊ နျူကလီးယားပြဿနာသည် ဓာတုလက်နက်အရေးထက် မိမိတို့အတွက် ပို၍ အရေးကြီးပြဿနာဖြစ်သည်ကို အီရန်တို့ကလည်း သဘောပေါက်နားလည်ကြောင်း ဖြေကြားခဲ့သည်။

(ဆင်ဟွာ)

# အငြင်းပွားကျွန်းရေပိုင်နက်အတွင်း တရုတ်ကင်းလှည့်

**ပေကျင်း စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့၏ သင်္ဘောနှစ်စင်း စက်တင်ဘာ ၁၉ ရက်က ဒိုင်အောယု ကျွန်းပတ်လည်ရှိ ရေပိုင်နက်များသို့ ကင်းလှည့်လျက်ရှိကြောင်း သမုဒ္ဒရာရေပိုင်နက် စီမံခန့်ခွဲရေးဌာနက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ လှည့်ကင်းသင်္ဘောနှစ်စင်း CCG ၂၃၅၀ နှင့် ၂၅၀၆ တို့သည် ရေပိုင်နက်ပြဿနာအငြင်းပွားမှုကြားမှ ဒိုင်အောယုကျွန်းများ တစ်ဝိုက်တွင် ကင်းလှည့်လည်ခဲ့ကြခြင်းဖြစ်သည်။ ကင်းလှည့်နေစဉ်အတွင်း ရေတပ်သင်္ဘောစုသည် တရုတ်ရေပိုင်နက် အတွင်းဝင်ရောက်ခဲ့ဖူးသော ဂျပန်သင်္ဘောများနှင့်ဆန့်ကျင်လျက် တရုတ်နိုင်ငံ၏ ဥပဒေစည်းမျဉ်းများနှင့်အညီ နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းရေးကင်းလှည့်ခဲ့ခြင်းဖြစ်သည်ဟု ရေးသားဖော်ပြထားသည်။

(ဆင်ဟွာ)

# တရုတ်တစ်အိမ်ထောင်ကလေးတစ်ဦးပေါ်လစီဒဏ်ငွေများအမေရိကန် ဒေါ်လာသန်း ၂၆၀ အလွဲသုံးစားမှုဖြစ်

**ပေကျင်း စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံတွင် တစ်အိမ်ထောင်ကလေးတစ်ဦးဥပဒေအရ ပျက်ကွက်၍ ပေးဆောင်ရသော စည်းကြပ်ဒဏ်ကြေးငွေတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၂၆၀ အလွဲသုံးစားရှိနေသည်ဟု အမျိုးသားစာရင်းစစ်ချုပ်ရုံးက စစ်ဆေးတွေ့ရှိရာ ယင်းကိစ္စအပေါ် ထိထိရောက်ရောက်ကိုင်တွယ် နှိမ်နင်းရမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသည် လူဦးရေပေါက်ကွဲမှုကို ထိန်းချုပ်နိုင်ရန် ၁၉၇၀ ခုနှစ်များတွင် ကလေးတစ်ဦးမူဝါဒကို ပြဋ္ဌာန်းကျင့်သုံးပြီး ယင်းပေါ်လစီကို ပြည်သူများ၏ မကျေနပ်မှုကလည်း ကြီးထွားလျက်ရှိကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၁၈ ရက်က ဖော်ပြသည်။

မိသားစု တချို့တလေ ကလေးနှစ်ယောက်ထိယူကြသည်ကို ခွင့်ပြုမှုများလည်းရှိပြီး ယင်းပေါ်လစီကို အလျှော့အတင်း ပြုလုပ်လျက်ရှိသော်လည်း ၆၃ ရာခိုင်နှုန်းထိ ယင်းပေါ်လစီကျင့်သုံးဆဲ ဖြစ်သည်။

စာရင်းစစ်ရုံးစစ်ဆေးရေးအရာရှိများက ပြည်နယ်ကိုးပြည်နယ်ရှိ စီရင်စု ၄၅၉ စုတွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ စာရင်းစစ်ရာဒဏ်ကြေးငွေယွမ် ၁ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ သန်း ၂၆၀) အလွဲသုံးစားလုပ်ထား၍ ကွာဟမှုများရှိနေသည်ကို တွေ့ရသည်ဟု နိုင်ငံပိုင်သတင်းစာက စက်တင်ဘာ၁၈ရက်တွင် ဖော်ပြသည်။

အဆိုပါကလေးတစ်ဦး မူဝါဒ စည်းကြပ်ဒဏ်ကြေးငွေကို ကလေးသူငယ်ဆိုင်ရာ အရေးအရာများတွင် အသုံးပြုနိုင်ရန်အတွက် အစိုးရဘဏ္ဍာသို့ ကောက်ယူဖြည့်ဆည်းခြင်းဖြစ်သည်။

(ရိုက်တာ)

# ဓာတုလက်နက်များ ဖယ်ရှားရေး အမေရိကန်ဒေါ်လာ တစ် ဘီလီယံနှင့် အချိန်အားဖြင့် တစ်နှစ်ခန့်လိုအပ်ဟု ဆီးရီးယားသမ္မတပြောကြား

**ဒမတ်စကတ် စက်တင်ဘာ ၁၉**

ရုရှား-အမေရိကန် နှစ်နိုင်ငံ သဘောတူညီမှုအရ ဆီးရီးယားဓာတုလက်နက်များ ဖယ်ရှားရှင်းလင်းရေးတွင် အမေရိကန်ဒေါ်လာတစ်ဘီလီယံခန့် ကုန်ကျလိမ့်မည်ဟု ဆီးရီးယားသမ္မတ ဘရှာအဲလ်အာဆတ်က စက်တင်ဘာ ၁၈ ရက်တွင်ပြောကြားကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

မိမိအစိုးရအနေဖြင့် ဓာတုလက်နက်တိုက်အား ဖယ်ရှားရှင်းလင်းမည်ဖြစ်ပြီး အချိန်အားဖြင့် တစ်နှစ်ခန့် ယူရလိမ့်မည်ဟုလည်း Fox News တီဗွီချန်နယ်နှင့် အင်တာဗျူးတွင် သမ္မတအာဆတ်ကပြောကြားခဲ့သည်။

"ဒီလုပ်ငန်းကို လက်တွေ့အားဖြင့် ဆောင်ရွက်ဖို့ရာမှာ အလွန်ရှုပ်ထွေးခက်ခဲတယ်လို့ ကျွန်တော်မြင်တယ်။ ငွေကြေးလည်း များစွာလိုအပ်မှာပါ။ တချို့က တစ်ဘီလီယံလောက် လိုအပ်လိမ့်မယ်လို့ တွက်ချက်ခန့်မှန်းကြတယ်"ဟု သမ္မတ အာဆတ်က ဆိုသည်။

(ရိုက်တာ)

ဆီးရီးယားသမ္မတ အာဆတ် ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရိုင်ယာဘီကော့ဖ်နှင့် တွေ့ဆုံစဉ်။

# ကမ္ဘောဒီးယားဆန် ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့

**ဖနောင်ပင် စက်တင်ဘာ ၁၉**

နိုင်ငံတကာ ဈေးကွက်တွင် ဝယ်လိုအား တိုးတက်များပြားလာမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တင်ပို့မှုသည် ၂၀၁၃ ခုနှစ် ပထမ ရှစ်လတာ ကာလအတွင်း ၁၀၇ ရာခိုင်နှုန်းအထိ တိုးတက်တင်ပို့နိုင်ခဲ့သည်ဟု ကမ္ဘောဒီးယားနိုင်ငံမှ တရားဝင်ထုတ်ပြန်သော စာရင်းအင်းများ၌ စက်တင်ဘာ ၁၈ရက်က ဖော်ပြသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်ပြည်ပတင်ပို့မှုမှာ တန် ၂၃၆၇၃၀ ရှိလာခဲ့ရာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် အလားတူ ကာလကထက် ၁၀၇ ရာခိုင်နှုန်းတိုးတက်မြင့်မားခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဒီယားနိုင်ငံသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ ဆန်တန်ချိန် ၁၁၄၀၇၀ တန်ကို ပြည်ပသို့တင်ပို့နိုင်သည်။ ကမ္ဘောဒီးယားနိုင်ငံမှ ကုမ္ပဏီ ၇၂ ခုတို့သည် ပြည်ပနိုင်ငံပေါင်း ၅၂ နိုင်ငံသို့ ဆန်များ တင်ပို့လျက်ရှိသည်။

ကမ္ဘောဒီးယားဆန်များကို အဓိကအားဖြင့် ပိုလန်၊ ပြင်သစ်၊မလေးရှား၊ ထိုင်းနှင့်တရုတ်နိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် ဆန်တန်ချိန် ၄၀၀၀၀၀ အထိပြည်ပတင်ပို့ရန် မျှော်မှန်းထားသည်။ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် တစ်နှစ်ပတ်လုံး ဆန်တန်ချိန် ၂၀၅၀၀၀ တန်တင်ပို့နိုင်ခဲ့သည်။

(ဆင်ဟွာ)

# မိုးခေါင်သော်လည်း နယူးဇီလန်စီးပွားတက်

ပြီးခဲ့သည့် နွေရာသီက ပြင်းထန်သော မိုးခေါင်မှုကြောင့် နိုင်ငံ၏ အဓိကကျောရိုးဖြစ်သော စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုရှိခဲ့သော်လည်း နယူးဇီလန်နိုင်ငံ၏ စီးပွားရေးသည် ဇွန်လကုန်၌ ဝဒသမ ၂ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အစိုးရ သတင်းအချက်အလက်ထုတ်ပြန်ရေး အေဂျင်စီမှ စက်တင်ဘာ ၁၉ ရက်က ထုတ်ပြန်သည်။ နိုင်ငံအတွင်း မိုးခေါင်မှုကြုံတွေ့နေရချိန် မတ်လက ထုတ်ပြန်သော သတင်းအချက်အလက်များအရ နိုင်ငံ၏ ဂျီဒီပီမှာ ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်ဟု ဆိုသည်။

ယခုနှစ် အစောပိုင်းမိုးခေါင်မှုသည် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုများအပေါ် ရိုက်ခတ်မှုရှိခဲ့ကြောင်း၊ သို့သော် စက်ရုံလုပ်ငန်းများအရှိန်မြင့်ဖွံ့ဖြိုးလာမှုကြောင့် မျှခြေအနေအထားဖြစ်ခဲ့ကြောင်း ဖော်ပြထားသည်။

• • • • • • • • • • • • • • • • • • • • • •

# ကွန်ဂိုတွင် စစ်ဘေးဒုက္ခသည် ၈၀၀၀၀ ရှိပြီ

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံအရှေ့ပိုင်းတွင် စစ်တပ်နှင့် သောင်းကျန်းသူများအကြား လွန်ခဲ့သောလကတည်းက ပဋိပက္ခများဖြစ်ပွားရာမှ ယခုထိဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသနေလူပေါင်း ၈၀၀၀၀ ခန့် နေအိမ်များစွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း ကုလသမဂ္ဂမှ စက်တင်ဘာ ၁၈ ရက်က ပြောကြားခဲ့သည်။

ဩဂုတ် ၂၂ ရက်ကတည်းက ထပ်ကာထပ်ကာ ဖြစ်ပွားနေသော အစိုးရတပ်ဖွဲ့ဝင်များနှင့် FRPI အုပ်စုတို့ကြား ပဋိပက္ခဖြစ်ပွားရာ အရှေ့တိုင်းပြည်နယ် အီတူရီဒေသ အခြေအနေသည် စိုးရိမ်ပူပန်ရသည့်အဆင့်သို့ ရောက်ရှိနေပြီ ဆိုသည်။

• • • • • • • • • • • • • • • • • • • • • •

# မက္ကဆီကိုမုန်တိုင်း သေဆုံးသူ ၈၀ ရှိ

မက္ကဆီကိုနိုင်ငံ၌ မကြာသေးမီ ရက်များက မုန်တိုင်းနှစ်ခုဝင်ရောက်ခဲ့မှုကြောင့် ပြည်နယ်ခုနစ်ခုအတွင်း သေဆုံးသူ ၈၀ ရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့ကြသည်။

ပစိဖိတ်ကမ်းရိုးတန်းဘက်မှ လာသော မန်နျူရယ်မုန်တိုင်းကြောင့် မက္ကဆီကို ဂူယာရီရိုပြည်နယ် တောင်ပိုင်းမှ လူ ၄၈ ဦး သေဆုံးခဲ့ရပြီး ပင်လယ်ကွေ့မှ တက်လာသော ဟာရီကိန်းအင်ဂရက်ကြောင့် လူ ၃၂ ဦး သေဆုံးခဲ့ရသည်ဟု သိရသည်။

အဆိုပါ မုန်တိုင်းများကို တစ်နိုင်ငံလုံးရှိမြို့ ၂၅၄မြို့တွင် ကြုံတွေ့ခံစားရပြီး မြစ်ချောင်း ၁၀၀ခန့် ရေကြီးလျှံကာ လူပေါင်း ၃၉၀၀၀တို့ နေရာပြောင်းရွှေ့နေထိုင်ခဲ့ရသည်။


## လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ အင်းစိန်သစ်ဆိပ် ဝန်ထမ်းအိမ်ရာအဟောင်း(၅)လုံးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်လေလံဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**(က) ပစ္စည်းအမျိုးအမည်** - ဝန်ထမ်းအိမ်ရာအဟောင်း(၅)လုံး
**(ခ) လေလံတင်ရောင်းချမည့်ရက်** - ၄-၁၀-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၀နာရီ
**(ဂ) လေလံတင်ရောင်းချမည့်နေရာ** - သစ်လုံးရောင်းဌာနစု(၁)၊ သစ်လုံးသိုလှောင်ရေးဌာနသွယ်ရုံး အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်
**(ဃ) လျှောက်လွှာရောင်းချမည့်ရက်** - ၂၃-၉-၂၀၁၃ရက်(တနင်္လာနေ့)မှ ၂-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)အထိ

၂။ လေလံဝယ်ယူမည့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၂၀၀၀/- နှုန်းဖြင့် ၂-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရှိ သစ်လုံးရောင်းဌာနစု(၁)၊ ဘဏ္ဍာရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။

**ဝန်ထမ်းအိမ်ရာအဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့**
**ဖုန်း-၀၁-၅၂၈၇၅၆၊ ၀၉-၇၃၀၄၀၆၄၁**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာ (လေးခန်းတွဲနှစ်ထပ်)(၁၀၂ပေ×၂၅ပေ) လေးလုံးနှင့် ဧည့်ရိပ်သာအမှတ်(၂)၊ နှစ်ထပ်(၁၀၂ပေ×၂၆ပေ) အဆောက်အအုံဆောက်လုပ်ရန်ရှိပါ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်-

**(က) တင်ဒါလျှောက်လွှာရယူမည့်ရက်** - ၁၉-၉-၂၀၁၃ရက်မှ ၂၉-၉-၂၀၁၃ရက်ထိ
**(ခ) တင်ဒါတင်သွင်းရမည့်ရက်** - ၃၀-၉-၂၀၁၃ရက်
**(ဂ) တင်ဒါတင်သွင်းရမည့်အချိန်** - ညနေ ၁၆:၀၀နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၇၉၆၅၊ Toyota Landcruiser Prado SW(4x4) ယာဉ်လက်ဝယ်ရှိသူ တော်ဝင်ဖြူရောင်းဝယ်ရေးလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

# အစိုးရအနေဖြင့် လူမျိုးရေး၊ ဘာသာရေးကွဲပြားသည့် လူမှုအဖွဲ့အစည်းအချင်းချင်း ငြိမ်းချမ်းပြီး သဟဇာတဖြစ်စွာပူးတွဲနေထိုင်မှုကို လက်ခံရေး အထူးအလေးပေးဆောင်ရွက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၉**

(၂၄)ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စက်တင်ဘာ ၁၃ ရက်တွင် အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူတို့သည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်သူအားလုံးပါဝင်သည့် နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်အတွက် ခိုင်မာသည့် အုတ်မြစ်တစ်ရပ်ကို ချမှတ်ခဲ့ပြီး အပြန်အလှန်ဆွေးနွေးမှု အလေ့အထ အသစ်တစ်ရပ်သည်လည်း အခိုင်အမာ ဖြစ်ပေါ်လာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်နှင့် နိုင်ငံ၏ အခြားသောဒေသများတွင် တရားဥပဒေစိုးမိုးရေးကို အလေးပေးခဲ့ပြီး အခြေအနေအရပ်ရပ်ကို ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှုမပြုဘဲ အကြမ်းဖက်မှုကျူးလွန်သူများအား လုံးဝသည်းခံခြင်းမရှိသည့် မူဝါဒကိုကျင့်သုံးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရှိနေသူများ၏ တရားဝင်အဆင့်အတန်းနှင့် ပတ်သက်၍လည်း အလေးအနက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လူမှုအဖွဲ့အစည်းနှစ်ရပ်လုံးသို့ ခွဲခြားဆက်ဆံမှုမရှိဘဲ လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးအပ်ရေးအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ(အိုင်အန်ဂျီအို)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အန်ဂျီအို)တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အစိုးရအနေဖြင့် လူမျိုးရေး၊ ဘာသာရေးကွဲပြားသည့် လူမှုအဖွဲ့အစည်းအချင်းချင်း ငြိမ်းချမ်းပြီး သဟဇာတဖြစ်စွာပူးတွဲနေထိုင်မှုကိုလက်ခံရေး၊ နားလည်မှုမြှင့်တင်ရေးတို့ကိုလည်း အထူးအလေးပေးဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် မြန်မာနိုင်ငံသို့ ၁၀ ရက်ကြာ အလုပ်သဘော ခရီးလာရောက်ခဲ့သည့် အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသော မတ်စ် ကွင်တားနား၏ အဋ္ဌမအကြိမ်မြောက်ခရီးစဉ်အား အဆင်ပြေမှုရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်မှ စတင်၍ လူ့အခွင့်အရေးဆိုင်ရာ UPR လုပ်ငန်းစဉ်တွင် အပြုသဘောဆောင်စွာ ပါဝင်ခဲ့ပြီး ယင်း၏အစီရင်ခံစာကို တင်သွင်းခဲ့ကြောင်း၊ ယခုအခါ ဒုတိယအကြိမ်အစီရင်ခံစာအတွက် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂကိုယ်စားပြု လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး(OHCHR)၏ နိုင်ငံဆိုင်ရာရုံးခွဲတည်ထောင်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရေးအတွက် ဆက်လက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရမှ ၂၀၁၁ ခုနှစ်တွင် စတင်တာဝန်ယူခဲ့ပြီးနောက် များမကြာမီ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ၎င်း၏ဖွဲ့စည်းမှု၊ လုပ်ပိုင်ခွင့်၊ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ ဥပဒေကြမ်းတစ်ရပ်ကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများအား ဖယ်ရှားခြင်း သို့မဟုတ် ဖြေလျှော့ခြင်းများ ဆောင်ရွက်ပေးခြင်းများသည် မြန်မာနိုင်ငံ၏ သန်း ၆၀ သော ပြည်သူများ၏ အကျိုးအတွက် စီးပွားရေးအခွင့်အလမ်းများကို လမ်းခင်းပေးရာရောက်ကြောင်းဖြင့်လည်း ထည့်သွင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရောဝတီမြစ်ရေနှင့် ဝေါ်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၉**

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ စက်တင်ဘာ ၁၅ ရက် ညနေ ၆ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၄စင်တီမီတာ ( ၂ ဒသမ ၁ ပေခန့်) ကျော်လွန်နေကာ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝေါ်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ စက်တင်ဘာ ၁၆ ရက် နံနက် ၃ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၆ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်) ကျော်လွန်နေကာ နောက်သုံးရက်အတွင်း ၂၀ စင်တီမီတာ (၀ ဒသမ ၇ပေခန့်) ဆက်လက်မြင့်တက်လာနိုင်၍ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ကလေးငယ်များအတွက် မိခင်နို့ရည်သာ အကောင်းဆုံးဟု ကျွမ်းကျင်သူများ ထောက်ခံ

မိခင်နို့ရည်အစား နို့မှုန့်များ တိုက်ကျွေးခြင်းသည် ကလေးများ၏ ကိုယ်ကာယဖွံ့ဖြိုးမှုအတွက် ရလဒ်မကောင်းသော သက်ရောက်မှုများဖြစ်စေသည်ဟု ကျွမ်းကျင်သူများ၏ အဆိုကို စက်တင်ဘာ ၁၈ ရက် အင်တာနက်သတင်းတွင် ရေးသားထားသည်။ အကယ်၍ မွေးကင်းစ ကလေးငယ်များကို နို့မှုန့်တိုက်မိပါက ကလေးငယ်သည် နောင်တစ်ချိန် မိခင်နို့ကို မကြိုက်ဘဲဖြစ်တတ်သည်ဟု ကျွမ်းကျင်သူတို့က ထောက်ပြထားသည်။

မွေးကင်းစ ကလေးငယ်များအတွက် မိခင်နို့ရည်သည်သာ ကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်ကြောင်းကို "ကလေးမိခင်တွေ ကျန်းမာရေးမကောင်းဘူးဆိုရင် ကလေးတွေကို နို့မတိုက်နိုင်ကြပါဘူး။ အဲဒီလိုဖြစ်ရင်တော့ နို့မှုန့်တိုက်ဖို့ လိုကောင်းလိုပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်ဆရာဝန်ကမှ ကလေးမိခင်တွေကို နို့မှုန့်တိုက်ဖို့ ခွင့်ပြုမှာမဟုတ်ပါဘူး" ဟု ဆေးပညာရှင်က ဆိုထားသည်။ ကျွမ်းကျင်သူများ အဆိုအရ ကလေးမွေးဖွားပြီးစ ခုနစ်ရက်အတွင်းထွက်သော မိခင်နို့ရည်၏အာဟာရသည် ကလေးများကို ဘက်တီးရီးယားပိုးမွှားများ ကာကွယ်မှုစနစ် တည်ဆောက်မှုကို ထောက်ပံ့ပေးနိုင်သည်ဟု သိရသည်။ ၎င်းရက်များအတွင်း နို့မှုန့်သာတိုက်ကျွေးပါက ကလေးငယ်များသည် မိခင်နို့မှ အာဟာရဖြစ်စေသာ သတ္တိများဆုံးရှုံးရမည်ဖြစ်သည်။

"အချို့ကလေးတွေက သူတို့ကို နို့မှုန့်တိုက်ထားပြီးရင်နောင်အခါ မိခင်နို့ပြန်တိုက်တဲ့အခါဆို ငြင်းဆန်ကြတယ်။ ဒါဘာလို့လဲဆိုတော့နို့မှုန့်တွေက သောက်ရလွယ်ပြီး ပိုအရသာရှိနေတာကိုး"ဟုဆေးပညာရှင်က ဆိုသည်။

ထို့ပြင် မိခင်နို့ရည် မသောက်စို့ရသော မွေးကင်းစကလေးသည် ရှိသင့်သော ကိုယ်ခံအားစနစ်မရှိနိုင်ဘဲ ဝမ်းပျက်ဝမ်းလျှောခြင်းများ ဖြစ်စေနိုင်သည်ဟုလည်း သိရသည်။

**နေခြည်**

## ယုံကြည်ရသော အမျိုးသမီးကိုရှာနေသည်ဟု ရောဘတ်ပတ်တင်ဆန်ပြော

Twilight မင်းသား ရောဘတ်ပတ်တင်ဆန်က သူသည်လုံးလုံးလျားလျား ဆန့်ကျင်ဘက်တစ်ဦးလို ခံစားရသည့်အတွက်ကြောင့် စိတ်ချယုံကြည်ရမည့် အမျိုးသမီးကို ရှာလျက်ရှိကြောင်း ဆိုသည်။

မေလအတွင်းက ခရစ္စတင်း စတီးဝပ်နှင့်တွဲလက်ဖြုတ်ခဲ့သူ မင်းသား ပတ်တင်ဆန်က သူ၏အိပ်မက်ထဲမှ အမျိုးသမီးသည် ကိုယ့်ဘာသာ သက်သောင့်သက်သာနှင့်ရပ်တည်နိုင်သော၊ ယုံကြည်စိတ်ချရသော အမျိုးသမီးမျိုးဖြစ်ရမည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မင်းသားရောဘတ်ပတ်တင်ဆန်နှင့် မင်းသမီးခရစ္စတင်းစတီးဝပ်တို့မှာ Twilight ရုပ်ရှင်ဇာတ်ကားတွဲများတွင် တွဲဖက်သရုပ်ဆောင်ခဲ့ကြပြီး အပြင်တွင်လည်း သမီးရည်းစားများဖြစ်ခဲ့ကြသည်။

ခရစ္စတင်းစတီးဝပ်၏ သစ္စာမဲ့သည့် ဓာတ်ပုံများပေါ်ထွက်လာခဲ့ရာမှ အက်သံပေါ်ပြီး မေလအတွင်း လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။

Twilight မင်းသား ရောဘတ်ပတ်တင်ဆန်။

## အိန္ဒိယရွှေထည်တင်သွင်းမှု အခွန် ၁၅ ရာခိုင်နှုန်းမြှင့်

အိန္ဒိယနိုင်ငံက ရွှေထည် လက်ဝတ်ရတနာပစ္စည်းများ တင်သွင်းခြင်းအပေါ် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း ယင်းကဲ့သို့ဆောင်ရွက်ခြင်းမှာ အဖိုးတန်သတ္တု(ရွှေ) ဝယ်လိုအားကို ထိန်းချုပ်၍ ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အိန္ဒိယ အစိုးရက ရွှေချောင်း၊ ရွှေဒင်္ဂါးအပါအဝင် ရွှေအတုံးလိုက် တင်သွင်းခြင်းအပေါ် ယခုနှစ်အတွင်း အခွန်သုံးဆ တိုးမြှင့်ကောက်ခံလိုက်ပြီးနောက် ရွှေထည်ပစ္စည်း လက်ဝတ်ရတနာတင်သွင်းခြင်းကိုလည်း အခွန်တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ရွှေဝယ်လိုအားမှာ မကြာသေးမီက ရွှေဈေးကျပြီးနောက် မြင့်တက်လာခြင်း ဖြစ်သည်။

• • • • • • • • • • • • • • • • • • • • •

## ဝါရှင်တန် သေနတ်သမား စိတ်မနှံ့သူဖြစ်နေ

ဝါရှင်တန် ဒီစီရေတပ်စခန်း၌ လူ ၁၂ ဦးကို ပစ်ခတ်ခဲ့သူမှာ စိတ်ကျန်းမာရေးဆေးကုသမှုခံယူရန် ခွင့်ပြုချက်လက်ခံရရှိထားသူဖြစ်ကြောင်း အမေရိကန်ဆေးဘက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အသက် ၃၄ နှစ်ရှိ အမေရိကန်ရေတပ်တပ်ဖွဲ့ဝင်ဟောင်း အာရွန်အဲလက်ဇ်သည် စိတ်ကျန်းမာရေးအတွက် ကုသမှုခံယူထားသူဖြစ်ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ၎င်းအား စက်တင်ဘာ ၁၆ ရက်က ဝါရှင်တန်ဒီစီရေတပ်ဝင်းအတွင်း လူ ၁၂ ဦးကို ပစ်ခတ်စဉ်အတွင်း ရဲတပ်ဖွဲ့က သေနတ်ဖြင့်ပစ်သတ်လိုက်ရသည်။

• • • • • • • • • • • • • • • • • • • • •

## အဗ္ဗဒူလ်ခါဒါမူလာကို သေဒဏ်စီရင်

ဘင်္ဂလားဒေ့ရှ်အစ္စလာမ္မစ်ခေါင်းဆောင်တစ်ဦးအား စစ်ရာဇဝတ်မှုဖြင့် သေဒဏ်စီရင်လိုက်ပြီးနောက် တစ်ရက်အကြာ နိုင်ငံတစ်ဝန်း နှစ်ရက်ကြာဆန္ဒပြခဲ့ကြောင်း စက်တင်ဘာ ၁၈ ရက် ဘီဘီစီတွင်ဖော်ပြသည်။ အဗ္ဗဒူလ်ခါဒါမူလာကို ၁၉၇၁ ခုနှစ်က ပါကစ္စတန်နှင့်အတူ လွတ်လပ်ရေးစစ်ပွဲဆင်နွှဲစဉ်ကာလအတွင်း စက်တင်ဘာ ၁၇ ရက်က စစ်ရာဇဝတ်မှုများဖြင့် သေဒဏ်စီရင်ချက် ချမှတ်လိုက်ခြင်းဖြစ်သည်။

၎င်း၏ပါတီဂျမာအက်အီးအစ္စလာမီက ယင်းဆန္ဒပြပွဲကို ဆော်ဩခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၎င်း၏အတိုက်အခံများက သေဒဏ်စီရင်ခြင်းကို ကြိုဆိုခဲ့ကြသည်။ စက်တင်ဘာ ၁၈ ရက်အထိ ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများပိတ်ထားဖွယ်ရှိသည်။ ဆန္ဒပြစဉ်အတွင်း အကြမ်းဖက်လာမည်ကို စိုးရိမ်နေကြသည်။

**မြင့်မောင်စိုး-စုစည်းသည်**

## စနေဂြိုဟ် အရံလပေါ်၌ ထူးခြားသော ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့

စနေဂြိုဟ်၏ အရံလတစ်စင်းဖြစ်သော တိုက်တန်လပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ထူးခြားသော ပြောင်းလဲမှုဖြစ်စဉ်များသည် ကမ္ဘာဂြိုဟ်၏ သက်ရှိများဖြစ်တည်မှုနှင့် ဆက်စပ်မှုရှိနေကြောင်း အမေရိကန် အာကာသရေးရာ သိပ္ပံပညာရှင်များက ပြောကြားသည်။

စနေဂြိုဟ်၏ အရံလများစွာရှိသည့်အနက် အကြီးဆုံးဖြစ်သော တိုက်တန်လတွင် လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံကျော်က ထူးခြားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်ဟု အာကာသသိပ္ပံပညာရှင် ဒေါက်တာ ဂျိုနသန်လူနင်းက ပြောကြားသည်။

ထိုသို့ ဖြစ်ပေါ်ပြောင်းလဲမှုများတွင် နေ၏ရောင်ခြည်တန်းများကြောင့် ပါဝင်ပြီး အရံလတိုက်တန်တွင် ပေါက်ကွဲမှုများလည်း ဖြစ်ပေါ်ခဲ့ရာမှ ကမ္ဘာဂြိုဟ်သို့ သက်ရှိများ ရောက်ရှိခဲ့သည်ဟု ဆက်စပ်ယူဆလျက်ရှိသည်။

သို့သော် အဆိုပါယူဆချက်ကို ခိုင်မာစွာ သက်သေပြနိုင်ရန် အချိန်ယူကာ လေ့လာသုတေသန ပြုလုပ်ရမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အာကာသခရီးစဉ်များမှ ရယူသည့်အချက်အလက်များ၊ အာကာသမှ ကျဆင်းလာသော ဥက္ကာခဲများကို ဆက်စပ်လေ့လာကာ သုတေသနပြုသွားမည် ဖြစ်သည်။

**အာကာဟိန်း-ရေးသည်**

## ကလေးငယ်များ အလှမယ်ပြိုင်ပွဲ ပြင်သစ်တွင် ဥပဒေဖြင့်တားမြစ်

ကလေးငယ်များအလှမယ်ပြိုင်ပွဲများသည် လိင်ကိစ္စကို အားပေးရာရောက်သည်ဟုဆိုကာ ပြင်သစ်ပါလီမန်က ဥပဒေပြဋ္ဌာန်းတားမြစ်နိုင်ရေးလုပ်ဆောင်လျက်ရှိကြောင်း ရိုက်တာသတင်းတွင် စက်တင်ဘာ ၁၈ ရက်က ဖော်ပြသည်။

ဆီးနိတ်လွှတ်တော်က စက်တင်ဘာ ၁၄ ရက်က ဆန္ဒမဲ ၁၉၆ မဲ၊ ကန့်ကွက်မဲ ၁၄၆ မဲဖြင့် ယင်းဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ အမျိုးသားလွှတ်တော်သို့တင်ပြပြီးနောက် ဥပဒေပြဋ္ဌာန်းမည်ဖြစ်သည်။

ဥပဒေအရ ထိုသို့သော ကလေးအလှမယ်ပြိုင်ပွဲများ စီစဉ်သူများကို နှစ်နှစ်အထက် ထောင်ဒဏ်နှင့်ဒဏ်ကြေးငွေယူရို ၃၀၀၀၀ ဒဏ်ရိုက်နိုင်မည်ဖြစ်သည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်းက ကိုယ်ကျပ်ဝတ်စုံ၊ ဒေါက်မြင့်ဖိနပ်၊ လက်ဝတ်ရတနာစသည့်တို့ ဝတ်ဆင်ထားသည့် မိတ်ကပ်အဖွေးသားနှင့် ၁၀ နှစ်သမီးငယ်သုံးဦး၏ ဓာတ်ပုံကို ပုံနှိပ်ဖော်ပြခဲ့ရာမှ အစပြုပြီး ယခုကဲ့သို့ ပါလီမန် တွင် ဥပဒေပြုခြင်းဖြစ်သည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့် ပြည်သူလူထုအကြိုက် ရုပ်သံလိုင်းရွေးချယ်ကြည့်ရှုနိုင်ရန် အခွင့်အလမ်းရရှိလာ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်းလဲထုတ်လွှင့်ရေး ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများအား သတင်းအဖွဲ့မှ သွားရောက်တွေ့ဆုံမေးမြန်းပြီး သိရှိခဲ့သည်များကို ပြန်လည်ရေးသား ဖော်ပြလိုက်ပါသည်- **သတင်းအဖွဲ့**

**မေး -** မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို လက်ရှိထုတ်လွှင့်နေတဲ့စနစ်မှ Digital စနစ်ကို ပြောင်းလဲထုတ်လွှင့်မယ့်အစီအစဉ်ကို သိလိုပါတယ်။

**ဖြေ -** မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်ကို လက်ရှိ Analogue စနစ်နဲ့ ထုတ်လွှင့်နေပါတယ်။ NTSC စနစ်ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ ရုပ်မြင်သံကြားစလွှင့်တဲ့ ၁၉၈၀ ခုနှစ်ကစပြီး ယနေ့တိုင် Analogue NTSC စနစ်နှင့် ထုတ်လွှင့်နေပါတယ်။ ယခုအခါမှာ တိုးတက်ပြောင်းလဲလာတဲ့ Digital နည်းပညာဖြစ်တဲ့ Digital ရုပ်သံထုတ်လွှင့်စနစ်ကို ထုတ်လွှင့်သွားမှာပါ။ DVB-T2 ဆိုတဲ့ စနစ်ဖြစ်ပါတယ်။

**မေး -** DVB-T2 Digital စနစ်ကိုဘယ်တော့စလွှင့်မှာပါလဲ၊ ဘယ်မြို့တွေမှာ လွှင့်မှာပါလဲ။

**ဖြေ -** ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ စတင်စမ်းသပ်ထုတ်လွှင့်ပါမယ်။ပြီးတော့ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပုံမှန်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စတဲ့သုံးနေရာမှာ စလွှင့်ပါမယ်။ ပထမအဆင့် သုံးရုံပြီးလျှင် ဒုတိယအဆင့်အနေနဲ့ မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟင်္သာတ၊ ထားဝယ်စတဲ့ မြို့တွေမှာရှိတဲ့ MRTV စက်ရုံတွေမှာ တိုးချဲ့မှာဖြစ်ပြီး အောက်တိုဘာ၊ နိုဝင်ဘာလမှာ စက်ပစ္စည်းတွေ ရောက်ရှိလာမှာ ဖြစ်ပါတယ်။

**မေး -** တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း သိလိုပါတယ်။

**ဖြေ -** ဒီစက်ရုံ ၂၁ ရုံပြီးတဲ့အခါမှာ တတိယအဆင့်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စက်ရုံ ၅၆ ရုံကို ၂၀၁၄-၂၀၁၅ မှာ Digital ပြောင်းလဲဖို့ လျာထားပါတယ်။ ပြီးတော့ ၂၀၁၅-၂၀၁၆ မှာ စက်ရုံ ၁၁၀ကို Digital ပြောင်းလဲဖို့ လျာထားပါတယ်။

**မေး -** Analogue စနစ်နဲ့ Digital ထုတ်လွှင့်မှုစနစ် ဘယ်လိုကွာခြားပါသလဲ။

**ဖြေ-** Analogue စနစ်မှာ လွှင့်စက် တစ်လုံးက Program ရုပ်သံလိုင်း တစ်ခုသာ လွှင့်နိုင်ပြီး Digital စနစ်မှာတော့ ရုပ်သံလိုင်းရှစ်ခု၊ ၁၀ ခု၊ ၁၂ ခုစသည်ဖြင့် ထုတ်လွှင့်နိုင်ပါတယ်။

**မေး-** အခု MRTVက စလွှင့်မယ့်စနစ်မှာ ရုပ်သံလိုင်းဘယ်နှခုဖြစ်ပါသလဲ။

**ဖြေ-** ပထမအစမှာ ရုပ်သံလိုင်းငါးခုနဲ့ စလွှင့်ပါမယ်။ အဲဒါတွေကတော့ MRTV၊ MITV၊ တိုင်းရင်းသားရုပ်သံလိုင်း (National Races Channel)၊ လွှတ်တော်ရုပ်သံလိုင်းနဲ့ Farmers ရုပ်သံလိုင်းတွေဖြစ်ပါတယ်။ တဖြည်းဖြည်း ရုပ်သံလိုင်းရှစ်ခုအထိ တိုးချဲ့ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။

**မေး-** DVB-T2 စနစ်ကို အခြားဘယ်နိုင်ငံတွေမှာကော သုံးပါသလဲ။

**ဖြေ-** DVB-T2 စနစ်ဟာ DVB-T ကအစပြုလာတာကို ပြောပြီးပါပြီ။ ဒီစနစ်ဟာ ဥရောပနိုင်ငံတွေမှာ ၁၉၉၈ ခုနှစ်လောက်က စတင်သုံးတာပါ။ ATSC စနစ်ကတော့ အမေရိကမှာ သုံးတဲ့စနစ်ဖြစ်ပြီး ISDB-T က ဂျပန်မှာသုံးတဲ့ စနစ်ဖြစ်ပါတယ်။ အာဆီယံနိုင်ငံများမှာ DVB-T စနစ်ကို အာဆီယံရဲ့ Digital Standard အဖြစ် ရွေးချယ်ထားပါတယ်။ ကျွန်တော်တို့ကလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအနေနဲ့ DVB-T ကိုပဲ ရွေးချယ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာပဲ ကျွန်တော်တို့ နိုင်ငံမှာ DVB-Tကို Digital Standard အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။

**မေး -** မူလလွှင့်တဲ့ Analogue လွှင့်စက်လွှင့်အားနဲ့ အခုလွှင့်မယ့် Digital လွှင့်စက်လွှင့်အား ဘယ်လိုကွာခြားပါသလဲ။

**ဖြေ -** လက်ရှိ Analogue စက်ရုံကြီးတွေဖြစ်တဲ့ ရန်ကုန်၊ တောင်ငူ၊ စစ်ကိုင်း၊ တောင်ကြီးစတဲ့မြို့ကြီးက လွှင့်စက်တွေဟာ 10 KW Power တွေဖြစ်ပါတယ်။ Digital စနစ်မှာတော့ လက်ရှိ Analogue Power ထက် သုံးပုံတစ်ပုံလွှင့်ရုံနဲ့ မူလ Analogue ရဲ့ လွှင့်အားပျံ့နှံ့တဲ့ Coverage ကို ရောက်ရှိပါတယ်။ ဒါကြောင့် Digital လွှင့်စက်ရုံတွေမှာ Power ကို 3 KW ထားရှိပြီး ထုတ်လွှင့် ပါတယ်။ Power Consumption အနေနဲ့ Analogue စက်မှာ 30 KW လောက်ရှိပြီး Digital စက်မှာတော့ 20 KW လောက်ရှိပါတယ်။

**မေး -** Digital ထုတ်လွှင့်မှုကို ဘယ်လိုဖမ်းယူကြည့်ရှုရပါမလဲ။

**ဖြေ -** ကျွန်တော်တို့ Analogue စနစ်နဲ့ လွှင့်နေတုန်းက အိမ်က TV တွေက Antenna ထောင်ပြီးဖမ်းရုံနဲ့ ကြည့်ရှုနိုင်ပါတယ်။ ဒါပေမယ့် Digital စနစ်နဲ့ လွှင့်တဲ့အခါမှာ Digital Tuner ပါတဲ့ Digital TVနဲ့ ကြည့်ရှုနိုင်ပါတယ်။ လက်ရှိ ကိုယ့်အိမ်မှာရှိတဲ့ Analogue TVတွေနဲ့ ကြည့်မယ်ဆိုရင်တော့ Set-top Boxတပ်ပြီး ကြည့်ရပါမယ်။ အဲဒီမှာ စနစ်လည်း တူဖို့လိုပါတယ်။ ကျွန်တော်တို့လွှင့်တဲ့စနစ်က DVB-T2 MPEG-4 စနစ်ဖြစ်တဲ့အတွက် Digital TVတွေဟာ DVB-T2 MPEG-4 စနစ်ကို Tuning လုပ်နိုင်တဲ့ TV ဖြစ်ရပါမယ်။ ပြီးတော့ Set-top Box မှာဆိုရင်လည်း DVB-T2 MPEG-4 Set-top Box ဖြစ်ရပါမယ်။ ထုတ်လွှင့်တာက UHF စနစ်ဖြစ်တဲ့အတွက်ကြောင့် Antenna ဟာလည်း UHF Antenna နဲ့ဖမ်းရပါမယ်။

**မေး -** MRTV က လွှင့်တဲ့စနစ်မှာ လစဉ်ကြေးပေးကြည့်ရမယ့် စနစ်ဖြစ်ပါသလား။

**ဖြေ -** ကျွန်တော်တို့ ထုတ်လွှင့်တဲ့စနစ်က အခကြေးငွေပေးစရာမလိုဘဲ Free To Air စနစ်ဖြစ်ပါတယ်။ ထုတ်လွှင့်တဲ့စနစ်မှာ CA လို့ခေါ်တဲ့ Conditional Access System မထည့်ထားပါဘူး။ အဲဒါကြောင့် ဖမ်းစက်မှာလည်း ကတ်ထည့်စရာမလိုဘဲ ဖမ်းယူကြည့်ရှုနိုင်ပါတယ်။ ဒါ့အပြင် DVB-T2 TV စက်၊ ဒါမှမဟုတ် DVB-T2 Set-top Box ဟာ DVB-T နဲ့ လွှင့်တဲ့စနစ်ကိုလည်း ဖမ်းယူကြည့်ရှုနိုင်ပါတယ်။ ဒါပေမယ့် အဲဒီ DVB-T နဲ့ လွှင့်တဲ့စနစ်ကတော့Free To Air စနစ်ဖြစ်ရပါမယ်။

**မေး -** ဖမ်းယူကြည့်ရှုတဲ့နေရာမှာ Analogue နဲ့ Digital ဘာကွာခြားချက်ရှိပါသလဲ။

**ဖြေ -** Digital စနစ်ဟာ Analogue စနစ်ထက်ပိုပြီး ရုပ်ပုံကြည်လင်ပြတ်သား မှုရှိပါတယ်။ Analogue စနစ်မှာ Signal Strength ဖမ်းယူအားကောင်းတဲ့နေရာမှာ ပုံကြည်လင်ပြတ်သားပြီး နည်းတဲ့နေရာမှာတော့ ပုံမှုန်ဝါးနေတတ်ပါတယ်။ Digital စနစ်မှာတော့ ပုံမှုန်ဝါးတာမျိုးမရှိဘဲ လုံးဝကြည်လင်ပြတ်သားပြီး သိပ်ဝေးသွားလို့ Signal Lock မဖြစ်တဲ့နေရာ မှာတော့ လုံးဝဖမ်းမရတာမျိုးရှိပါမယ်။

**မေး -** Digital စနစ်လွှင့်တဲ့အခါမှာ လက်ရှိ Analogue စနစ်ကို ချက်ချင်းရပ်လိုက်မှာလား။

**ဖြေ -** ဒီလိုမဟုတ်ပါဘူး။Analogue စနစ်ကိုလည်း ဆက်လက်ထုတ်လွှင့်ပေးနေပါမယ်။ Digital စနစ်နဲ့အတူ အပြိုင်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ သုံးနှစ်အပြိုင် ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ Analogue ဖမ်းယူကြည့်ရှုသူက ရုပ်သံလိုင်းတစ်ခုသာ ကြည့်ရှုနိုင်ပြီး Digital ဖမ်းယူကြည့်ရှုသူက ရုပ်သံလိုင်းငါးခုကြည့်ရမှာဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာတော့ အပြိုင်ထုတ်လွှင့်မှုကို နှစ်နှစ်ထက်ပိုမထားကြပါဘူး။ တစ်နှစ်ထားတဲ့နိုင်ငံတွေလည်း ရှိပါတယ်။

**မေး -** တစ်နိုင်ငံလုံးမှာ ဘယ်တော့ Analogue တွေအားလုံး ထုတ်လွှင့်မှု ရပ်မှာပါလဲ။

**ဖြေ -** Digital ထုတ်လွှင့်မှုဟာ အဆင့်အလိုက် ဖြစ်တာကြောင့် Analogue ထုတ်လွှင့်မှုရပ်တာဟာလည်း အဆင့်လိုက်ပဲဖြစ်ပါမယ်။ ASO လို့ခေါ်တဲ့ Analogue Switch Off Date ကို နောက်ဆုံးအဆင့် Digitalလွှင့်ပြီး သုံးနှစ်အကြာမှာ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ ITU (International Telecommunication Union) ကတော့ နိုင်ငံများကို Digital ပြောင်းလဲဖို့အတွက် ASO ကို ၂၀၁၅ ခုနှစ် သတ်မှတ်ထားပါတယ်။ ဒါပေမယ့် အာဆီယံနိုင်ငံအများစုမှာ အခြေအနေအရပ်ရပ်ကြောင့် မပြောင်းလဲနိုင်သေးဘဲ ၂၀၂၀ ကို နောက်ဆုံးထားပြီး ASO လုပ်ဖို့ လျာထားပါတယ်။ အခု ကျွန်တော်တို့အဆင့်လေးခုနဲ့ Digital ပြောင်းလဲရေး ဆောင်ရွက်နေရာမှာ စတုတ္ထအဆင့်ဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဖြစ်တာကြောင့် သုံးနှစ်ထပ်ပေါင်းရင် ၂၀၁၉ ကို ကျွန်တော်တို့ရဲ့ Analogue Switch Off လို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာတော့ ASO Dateကို ခုနှစ်၊ လ၊ ရက်၊ နာရီစတာတွေနဲ့ အတိအကျ သတ်မှတ်တာတွေလည်း ရှိပါတယ်။

**မေး -** Digital စနစ်ကို ဘာကြောင့်ပြောင်းရပါသလဲ။

**ဖြေ -** ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ရုပ်သံလိုင်းတွေတစ်ခု၊ နှစ်ခုထက်မက ဆယ်ဂဏန်း၊ ရာဂဏန်းအထိ ကြည့်ဖို့တောင်းဆိုချက်၊ လိုအပ်ချက်တွေရှိလာပါတယ်။ Analogue စနစ်မှာ RF လှိုင်းနှုန်း ရုပ်သံလိုင်းတစ်ခုဟာ ရုပ်သံ Program တစ်ခုသာ ထုတ်လွှင့်နိုင်ပါတယ်။ ဒါကြောင့် Analogue စနစ်က Program များများလွှင့်ဖို့ လုပ်မပေးနိုင်ပါဘူး။ Digital ပြောင်းပါမှ Analogue ထက် Program တွေ ၁၀ ဆမက တိုးချဲ့ထုတ်လွှင့်နိုင်မှာဖြစ်ပါတယ်။

**မေး -** Digital ပြောင်းခြင်းအားဖြင့် ဘာအကျိုးရှိသွားပါသလဲ။

**ဖြေ -** အဓိက Program ရုပ်သံလိုင်းများများ ထုတ်လွှင့်ပေးနိုင်ခြင်း ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ MRTV အနေနဲ့ နိုင်ငံပိုင်ရုပ်သံကနေ အများပြည်သူဝန်ဆောင်မှု ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းကို သွားနေတဲ့ ရည်ရွယ်ချက်အတွက်လည်း အထူးအကျိုးဖြစ်စေပါတယ်။ ယခုဆိုရင် MRTV ရဲ့ ပရိသတ် မိဘပြည်သူတွေဟာ ရုပ်သံလိုင်းများစွာကို တစ်ပြိုင်နက်တည်းမှာ အားရပါးရအခမဲ့ ကြည့်ရှုနိုင်ကြမှာပါ။

ဟုတ်ကဲ့ အခုလိုရှင်းပြပေးတဲ့အတွက် ကျွန်တော်တို့ သတင်းအဖွဲ့က ကျေးဇူးတင်ပါတယ်။

## (၁၉)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းအေရိုးဗစ် ပြိုင်ပွဲဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၉**

(၁၉)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်လေ့ကျင့်ခန်း အေရိုးဗစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပရာ ချန်ပီယံရန်ကုန်တိုင်းဒေသကြီးအသင်းက ဒိုင်းဆုကြီးကို အားကစားနှင့်ကာယပညာ ဦးစီးဌာန အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးကို ပြန်လည်အပ်နှံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စားအားကစားနှင့် ကာယပညာ ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အငယ်တန်း၊ အကြီးတန်း ကိုးယောက်တွဲပြိုင်ပွဲ၊ အကြီးတန်းသုံးယောက်တွဲပြိုင်ပွဲ၊ တစ်ဦးချင်း စိတ်ကြိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲတွင် ချင်းပြည်နယ်မှ အပ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲဝင်အသင်း ၁၃ သင်းယှဉ်ပြိုင်ကြပြီး အားကစားသမား ၂၇၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကိုးယောက်တွဲပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းမှ ယှဉ်ပြိုင်စဉ်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီနှင့် နာယကကြီးများ၊ အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ကျောက်မဲမြို့ သမရက္ခိတစေတနာရှင်များအဖွဲ့ ရုံးအဆောက်အအုံသစ်တည်ဆောက်

**ကျောက်မဲ စက်တင်ဘာ ၁၉**

ကျောက်မဲမြို့ သမရက္ခိတစေတနာရှင်များ အဖွဲ့ရုံးအဆောက်အအုံအသစ်တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆိုပါ အဆောက်အအုံတည်ဆောက်မည့်ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက် မိုးကောင်းဘုန်းတော်ကြီးကျောင်းကြီးဝင်းအတွင်းရှိ မြေကွက်လပ်တွင် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် ရေဦးကျောင်းဆရာတော် ဦးဇာဂရ၊ မိုးကောင်းကျောင်းတိုက်ဦးစီးနာယက ဆရာတော်ဦးကေလာသတို့က မင်္ဂလာအချိန်ကျရောက်သည့် နံနက် ၇ နာရီ ၈ မိနစ်တွင် ပန္နက်တင်ရိုက်ပေးတော်မူကြသည်။

၎င်းနောက် အဆောက်အအုံဆောက်လုပ်ရန်အတွက် မတည်အလှူငွေကျပ်တစ်သိန်းကို ဦးစောဦး-ဒေါ်ညွန့်ညွန့်သိန်းမိသားစုတို့က ဆရာတော်ဦးကေလာသထံသို့ ပေးအပ်လှူဒါန်းသွားသည်။

### လှူဒါန်းနိုင်

အဆိုပါ သမရက္ခိတစေတနာရှင်များအဖွဲ့သည် အောက်စီဂျင်ဘူးတစ်လုံးလျှင် တန်ဖိုးငွေကျပ် ၁၃၀၀၀၀ ရှိ အောက်ဆီဂျင်ဘူး ၃၅ လုံးဖြင့် အောက်ဆီဂျင်လိုအပ်နေသော လူနာပေါင်း ၂၂၀ တို့အား အခမဲ့လှူဒါန်းပေးခဲ့ပြီး ဆက်လက်၍လည်း အောက်ဆီဂျင်လိုအပ်နေသောလူနာများအား လှူဒါန်းပေးလျက်ရှိသည်။ သမရက္ခိတစေတနာရှင်များအဖွဲ့သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် ဆရာတော်ဦးကေလာသ ဖုန်း-၀၉-၇၃၈၆၁၂၆၇၊ ဦးကျော်သိန်း ဖုန်း-၀၉-၅၂၇၅၄၆၅၊ ဦးအေးမောင် ဖုန်း-၀၉-၄၄၅၁၀၆၁၉၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **မောင်မောင်(ကျောက်မဲ)**

## သစ်သီးတစ်ထောင် ပန်းတစ်ထောင် ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရေဆင်းအုပ်စု ကံသာအေး အောင်ချမ်းသာကျေးရွာ အနန္တမေတ္တာသစ္စာဝါဒီကျောင်းတိုက်တွင် စက်တင်ဘာ ၁၉ ရက်(တော်သလင်းလပြည့်နေ့) နံနက်ပိုင်းက ကျောင်းတိုက်ဝင်းအတွင်းရှိ ကံမြင့်စေတီတော်အား သစ်သီးတစ်ထောင် ပန်းတစ်ထောင်ဆက်ကပ်လှူဒါန်းပူဇော်ပွဲကျင်းပခဲ့ကြောင်းသိရသည်။ အဆိုပါ လှူဒါန်းပူဇော်ပွဲကို ဆရာတော်ဦးဇောတိက၊ ဦးဝိလာသ၊ ဘုရား ဂေါပကအဖွဲ့နှင့်ပရဟိတလူငယ်အဖွဲ့တို့က ဦးစီးဆောင်ရွက်ကာ လှူဒါန်းပူဇော်ပွဲကျင်းပခြင်းဖြစ်သည်။ သစ်သီးတစ်ထောင်၊ ပန်းတစ်ထောင်လှူဒါန်းခြင်းသုံးနှစ်မြောက်အဖြစ် ဓမ္မပူဇာတရားပွဲ များကိုလည်း စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်ည ၇ နာရီက ကျောင်းတိုက်အတွင်းရှိ ဇောတိကာရာမဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **ဝဿန်ထွန်း(မကွေး)**

# အင်တာနက်ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး သတင်းအချက်အလက်နှင့်နည်းပညာဌာန၏ ဆောင်ရွက်ချက်များ

**မြန်မာနိုင်ငံတွင်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဆက်သွယ်ရေးကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများ၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သော တယ်လီဖုန်းဆက်သွယ်မှုနှင့် အင်တာနက်ဆက်သွယ်မှုများအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသော ဌာနတစ်ခုဖြစ်ပေသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ သတင်းအချက်အလက်နှင့်နည်းပညာဌာန၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် မြန်မာ့သတင်းစဉ်(ပြည်တွင်း) သတင်းအဖွဲ့က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**

*(ယမန်နေ့မှအဆက်)*

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သတင်းအချက်အလက်နှင့် နည်းပညာဌာန အင်ဂျင်နီယာချုပ် ဦးမျိုးဆွေ**

**မေး။ သတင်းအချက်အလက်နှင့် နည်းပညာဌာနအနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို သိပါရစေ။**

ဖြေ။ သတင်းအချက်အလက်နှင့် နည်းပညာဌာနအနေနဲ့ လက်ရှိဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတွေအနေနဲ့ နှစ်ပိုင်းရှိပါတယ်။ ပထမပိုင်းအနေနဲ့ အစိုးရဌာနတွေရဲ့ e-Government လုပ်ငန်းဆောင်ရွက်နိုင်ဖို့ လိုအပ်မယ့် ဆက်သွယ်ရေးအခြေခံအဆောက်အအုံတွေကို တည်ဆောက်ပေးရပါတယ်။ နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနတွေ အချင်းချင်း ချိတ်ဆက်နိုင်ဖို့ Government Wide Area Network (G-WAN)တည်ဆောက်ပေးထားပါတယ်။ ဝန်ကြီးဌာနတွေအားလုံး Common အသုံးပြုနိုင်အောင် e-Government Application တွေဖြစ်တဲ့ Electronics Document Management System (EDMS)နဲ့ Government Personnel Management System (GPMS)တွေကို ဆောင်ရွက်ပေးထားပါတယ်။ EDMS စနစ်ဆိုတာ Online ကနေ ရုံးစာတွေပေးပို့ရယူစီမံခန့်ခွဲနိုင်တဲ့ စနစ်ဖြစ်ပါတယ်။ GPMS စနစ်ကတော့ ဝန်ထမ်းရေးရာအချက်အလက်တွေကို စီမံခန့်ခွဲတဲ့ စနစ်ဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနတွေအားလုံး အသုံးပြုနိုင်ဖို့ လိုအပ်တဲ့အမျိုးသားအဆင့် Databaseတွေ၊ Application တွေ တည်ဆောက်ဖို့ နိုင်ငံတကာအကူအညီ၊ အထောက်အပံ့တွေ ရရှိနိုင်ဖို့ Focal Ministryအနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။

ဒုတိယပိုင်းအနေနဲ့ အင်တာနက်ဝန်ဆောင်မှုပေးခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလို အင်တာနက်ဝန်ဆောင်မှုပေးတဲ့ နေရာမှာတော့ Core Network အပိုင်း (IXP, ISP)နဲ့ Access Network ပိုင်းဆိုပြီး လုပ်ငန်းတွေ ဆောင်ရွက်ပေးရပါတယ်။ IXP ကတော့ နိုင်ငံတကာနဲ့ ချိတ်ဆက်ခြင်း၊ ISP အချင်းချင်း ချိတ်ဆက်ခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။ IXPရဲ့ အပေါ်ပိုင်း (Up Stream) ကနေ Global IP Transit Service Provider တွေနဲ့ ချိတ်ဆက်ပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ Internet စနစ်တွေနဲ့ ဆက်သွယ်လို့ရအောင် ဆောင်ရွက်ထားပါတယ်။ IXPရဲ့ အောက်ပိုင်း (Down Stream)ကနေ Service Providerတွေဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ISP၊ ရတနာပုံတယ်လီပို့ ISPတွေနဲ့ ချိတ်ဆက်ထားပါတယ်။ ရတနာပုံတယ်လီပို့ ISP ရဲ့အောက်မှာ Red Link, Fortune, တာမိုးညဲချမ်းသာ စတဲ့ LSP ကုမ္ပဏီတွေရှိပြီး အဲ့ဒီ ကုမ္ပဏီတွေကတစ်ဆင့် ပြည်သူတွေကို အင်တာနက်ဝန်ဆောင်မှု ပေးနေပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ISPအနေနဲ့လည်း Access Network အမျိုးမျိုးကို အသုံးပြုပြီး အင်တာနက် ဝန်ဆောင်မှုပေးနေပါတယ်။အခြေခံအားဖြင့်တော့ Wireless နဲ့ Wired (Fixed)ဆိုပြီး ခွဲခြားလို့ရပါတယ်။ Wireless မှာတော့ Mobile,Wi-Maxနဲ့ Satellite စသဖြင့်ရှိပြီး Wired(Fixed) မှာတော့ Asymmetric Digital Subscriber Line(ADSL), Dedicated Line(Fiber,E1)စသဖြင့်ရှိပါတယ်။ ဒီAccess Network အမျိုးအစားတွေထဲမှာ Satellite Access ကိုတော့ ဝေးလံတဲ့နေရာဒေသတွေမှာ ဆက်သွယ်ရေးစနစ်(အသံရော၊ အင်တာနက်ရော) ရအောင် အသုံးပြုကြပါတယ်။

အင်တာနက် သုံးတဲ့နေရာမှာလည်း Mobile ဖုန်းပေါ်ကနေ အင်တာနက်သုံးတာ အများဆုံးပါပဲ။ CDMA 450 MHz စနစ် မိုဘိုင်းဖုန်းကလွဲပြီး ကျန်တဲ့ Mobile စနစ်တွေဖြစ်တဲ့ GSM, WCDMA, CDMA 800 MHz မိုဘိုင်းဖုန်းစနစ်တွေမှာ အင်တာနက်ကိုအသုံးပြုလို့ရပါတယ်။ အင်တာနက်ချိတ်ဆက်မှု ဒုတိယအသုံး အများဆုံးကတော့ ADSLစနစ်ပဲဖြစ်ပါတယ်။ Internet Bandwidth များများသုံးချင်တဲ့ သူတွေကတော့ E1လိုင်း၊ Fiberလိုင်းတွေနဲ့ ချိတ်ဆက်ခွင့်လျှောက်ထားပြီး အသုံးပြုကြတာတွေ့ရှိပါတယ်။

ကျွန်တော်တို့ဌာနအနေနဲ့ IANA (Internet Assigned Number Authority)အဖွဲ့အစည်းနဲ့ ချိတ်ဆက်ပြီး မြန်မာနိုင်ငံကိုယ်စားပြု Website တွေ၊ e-mail လိပ်စာတွေမှာ .mm Domain name အသုံးပြုနိုင်အောင်လည်း ဆောင်ရွက်ပေးနေပါတယ်။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းဟာ APNIC (Asia Pacific Network Information Center)ရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ APNIC ဆိုတာ အာရှပစိဖိတ်ဒေသတွင်းမှာရှိတဲ့ နိုင်ငံတွေကို အင်တာနက်အရင်းအမြစ် (Internet Resources)တွေဖြစ်တဲ့ IPV4, IPV6 IP Address တွေကို သတ်မှတ်ပေးဝေနေတဲ့ NGO အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ခွဲဝေရရှိလာတဲ့ IP Address တွေကို လိုအပ်လာလို့ လျှောက်ထားလာတဲ့ အင်တာနက်သုံးစွဲသူတွေ၊ အဖွဲ့အစည်းတွေကို IP Addressတွေ သတ်မှတ်ပေးတဲ့ ကိစ္စကိုလည်း ဆောင်ရွက်ရပါတယ်။

**မေး။ ADSL စနစ်အကြောင်းကို ရှင်းပြပေးပါဦး။**

ဖြေ။ ADSL (Asymmetric Digital Subscriber Line)စနစ်ဆိုတာ ရိုးရိုး Copper တယ်လီဖုန်းလိုင်းကို ကြားခံအဖြစ် အသုံးပြုပြီး တယ်လီဖုန်းဆက်သွယ်မှုအပြင် အင်တာနက်ချိတ်ဆက်မှုကိုပါ ရရှိအသုံးပြုနိုင်တဲ့ စနစ်ဖြစ်ပါတယ်။ အမြန်နှုန်းအနေနဲ့ အနိမ့်ဆုံး(512 kbps)ကနေ အမြင့်ဆုံး (2.5 Mbps)အထိ အသုံးပြုနိုင်ပါတယ်။ တယ်လီဖုန်းရှိပြီးတော့ ကိုယ့်တယ်လီဖုန်းလိုင်းတပ်ထားတဲ့ အိတ်ချိန်းမှာ Digital Subscriber Line Acccess Multiplexerလို့ခေါ်တဲ့ (DSLAM)တပ်ဆင်ထားတယ်ဆိုရင် အိတ်ချိန်းမှ မီတာ ၃၀၀၀အတွင်း အလွယ်တကူ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်တယ်။ အခြားဝန်ဆောင်မှုတွေလို သီးခြားလိုင်းဆွဲရတာတို့၊ သီးခြားဆောင်ရွက်ရတာတွေ မရှိပါဘူး။ ဒါကြောင့်မို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ကလည်း ADSL စနစ်ကို လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ အများဆုံးဝန်ဆောင်မှုပေးနိုင်ခဲ့တယ်။ ADSL စနစ်ကို မြို့ပေါင်း ၆၆ မြို့မှာ တပ်ဆင်ပေးခဲ့ပြီးဖြစ်ပါတယ်။

**မေး။ အခု မြန်မာနိုင်ငံမှာ အင်တာနက်ဝန်ဆောင်မှုကို အသုံးပြုနေတဲ့သူတွေရဲ့အင်တာနက် တော်တော်နှေးတယ်။ စက်ပိုင်းလေး လည်တာကိုကြည့်ရင်း တစ်မိနစ် နှစ်ကျပ်ပေးနေရတယ်ဆိုတဲ့ အားမလို အားမရဖြစ်ကြတဲ့ ဝေဖန်ချက်တွေကို ဆရာဘာများပြောလိုပါသလဲ။**

ဖြေ။ အလွန်ကောင်းတဲ့ မေးခွန်းပါ။ အင်တာနက်ကို ဝန်ဆောင်မှုပေးတဲ့ နေရာမှာ Mobile,ADSL,E1, Fiber စတဲ့ Access Network တွေကတစ်ဆင့် ဝန်ဆောင်မှုပေးရပါတယ်။ အဲ့ဒီ Access Network တွေပေါ်မှာ မူတည်ပြီး အင်တာနက် speed အနှေးအမြန် ကွာနိုင်ပါတယ်။ မိုဘိုင်းအင်တာနက်စနစ် EDGE ဆိုရင် 256 kbpsထိပဲ အမြန်ဆုံးရနိုင်မှာ ဖြစ်ပြီး 3G စနစ်ဆိုရင် 1.5 Mbps ထိ အမြန်နှုန်း ရနိုင်ပါတယ်။ ADSL စနစ်ဆိုရင် 2.5 Mbpsအထိ အမြန်နှုန်းရမှာ ဖြစ်ပါတယ်။ အသုံးပြုလိုတဲ့နေရာအထိ ဖိုင်ဘာလိုင်းဆွဲမယ်ဆိုရင်တော့ 100 Mbps အထိ အမြန်နှုန်း ရနိုင်မှာဖြစ်ပါတယ်။ Mobile အင်တာနက်စနစ်မှာဆိုရင် မိုဘိုင်းဆက်သွယ်ရေးစခန်းအနေနဲ့ ရရှိလာတဲ့ Bandwidth အပေါ်မှာ အသံ(Voice)နဲ့ Data တွေကို ခွဲဝေသုံးစွဲနေရပါတယ်။ Voice ကို ဦးစားပေးရတဲ့အခါ Data ပိုင်းမှာ အားနည်းသွားပြီး အင်တာနက်မှာ နှေးသွားတာတွေ ဖြစ်တတ်ပါတယ်။ ADSL စနစ်ဆိုရင်လည်း အသုံးပြုထားတဲ့ တယ်လီဖုန်းလိုင်း ချွတ်ယွင်းရင်၊ ဒါမှမဟုတ် အိတ်ချိန်းနေ သတ်မှတ်ထားတဲ့ အကွာအဝေး မီတာ ၃၀၀၀ ထက် ပိုဝေးတဲ့နေရာမှာ တပ်ဆင်ထားရင် လိုင်းအရည်အသွေးကျဆင်းပြီး အင်တာနက် နှေးသွားနိုင်ပါတယ်။

## တွေ့ဆုံမေးမြန်းသူ-ကိုထွေး

ဒါ့အပြင် ပြည်ပနှင့်ချိတ်ဆက်ထားတဲ့ ဆက်ကြောင်းတွေဖြစ်တဲ့ (SEA ME WE 3၊ Cross Border) လိုင်းတွေ ပြတ်တောက်ရင်လည်း နိုင်ငံတကာနဲ့ချိတ်ဆက်ထားသော Bandwidth လိုင်းတွေနည်းသွားပြီး အင်တာနက် အမြန်နှုန်း နှေးသွားနိုင်ပါတယ်။ Core Network ပိုင်းမှာဆိုရင်လည်း ISP မှာ တပ်ဆင်အသုံးပြုနေတဲ့ စက်ပစ္စည်း တည်ဆောက်ထားရှိမှု ဒီဇိုင်းတွေ အားနည်းခဲ့တာကြောင့် ISP ချွတ်ယွင်းခဲ့ရင် (Redundancy) အရန်စနစ်မရှိတဲ့အတွက် အင်တာနက်ဆက်သွယ်မှုတွေ ပြတ်တောက်သွားနိုင်ပါတယ်။ ခုနက ရှင်းပြခဲ့တဲ့ အကြောင်းအရာ အားနည်းချက်တွေဖြစ်ပေါ်တဲ့အခါမျိုးမှာ အင်တာနက်အမြန်နှုန်းတွေ တည်ငြိမ်မြန်ဆန်မှုမရှိတဲ့အတွက် သုံးစွဲသူတွေဆီက အားမရတဲ့ ဝေဖန်ချက်တွေ ထွက်ပေါ်နေတာ ဖြစ်ပါတယ်။ အင်တာနက်အမြန်နှုန်း ပိုကောင်းဖို့အတွက် ဂျပန်နိုင်ငံကပညာရှင်တွေရဲ့ အကူအညီနဲ့ ဆန်းစစ်လေ့လာပြီး တွေ့ရှိချက်တွေအပေါ် သုံးသပ်အကြံပြုချက်တွေကိုလည်း ကြိုးစားဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ အဲဒီတွေ့ရှိတဲ့ အားနည်းချက်တွေကို ဖြေရှင်းသွားနိုင်မယ်ဆိုရင် အင်တာနက်လိုင်းတွေ ကောင်းလာမှာပေါ့နော်။ အဲဒီတော့ ဘယ်လိုများ ဖြေရှင်းဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိပါသလဲ ဆရာ။**

ဖြေ။ အဲဒီတွေ့ရှိချက်တွေအပေါ် မူတည်ပြီး လက်တလောဖြေရှင်း ဆောင်ရွက်သွားမယ့် ရေတိုအစီအစဉ်နဲ့ အချိန်ယူဖြေရှင်း ဆောင်ရွက်သွားရမယ့် ရေရှည်အစီအစဉ်ဆိုပြီး နှစ်ပိုင်း

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သည့် အခန်းကိုတွေ့ရစဉ်။**

ခွဲပြီး ဆောင်ရွက်သွားမှာပါ။ လက်တလောဆောင်ရွက်သွားမယ့် ရေတိုအစီအစဉ်တွေကတော့ ကျွန်တော်ခုနကပြောသလို စက်ပစ္စည်း တည်ဆောက်ထားရှိမှု ဒီဇိုင်းတွေအားနည်းခဲ့တာကြောင့် လက်ရှိတပ်ဆင်အသုံးပြုနေတဲ့ စက်ပစ္စည်းတွေကို ဂျပန်နိုင်ငံ JICA ရဲ့ Urgent Improvement of Communication Network စီမံကိန်းအရ အကူအညီပေးတဲ့ စက်ပစ္စည်းအသစ်တွေနဲ့ ပေါင်းစပ်ပြီး စွမ်းအားပြည့် အသုံးချနိုင်ရေးကို ဆောင်ရွက်သွားပါမယ်။ လက်ရှိအခြေအနေမှာ နိုင်ငံတကာနဲ့ ချိတ်ဆက်နိုင်တဲ့ IXP၊ Internet Service ပေးနိုင်တဲ့ ISP စခန်းတွေဟာ ရန်ကုန်မြို့တစ်မြို့တည်းမှာပဲ ရှိပါတယ်။ နေပြည်တော်နဲ့ မန္တလေးမှာ Point of Presence (POP) Level သာ ရှိပါတယ်။ ဂျပန်နိုင်ငံ JICA ရဲ့ အကူအညီနဲ့ ရန်ကုန်မြို့မှာရှိတဲ့ IXP နှင့် ISP ကို အဆင့်မြှင့်တင်ခြင်း၊ နေပြည်တော်မှာ IXP အသစ်တစ်ခု၊ ISP အသစ်တစ်ခု တည်ဆောက်ခြင်း၊ မန္တလေးမြို့မှာ ISP အသစ်တစ်ခု တည်ဆောက်ခြင်းတို့ကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲအမီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်လိုက်တဲ့အတွက် IXP အဆင့်ဆိုရင် ရန်ကုန်မှာ တစ်ခု၊ နေပြည်တော်မှာ တစ်ခုရှိသွားမှာဖြစ်ပြီး ISP အဆင့်ဆိုရင်လည်း ရန်ကုန်မှာ တစ်ခု၊ နေပြည်တော်တစ်ခုနဲ့ မန္တလေးမှာ တစ်ခုရှိသွားမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ပဲ ပြည်တွင်းဆက်ကြောင်း Bandwidth ပမာဏကိုလည်း 10 Gbps အထိ တိုးချဲ့ပြီးတော့ IXP အချင်းချင်း၊ ISP အချင်းချင်းကို ချိတ်ဆက်သွားမှာဖြစ်ပါတယ်။ အဲ့ဒီလို ချိတ်ဆက်သွားတဲ့အတွက် အကြောင်းတစ်စုံတစ်ရာကြောင့် စခန်းတစ်ခုချွတ်ယွင်းခဲ့ရင်တောင်မှ အခြားစခန်းတွေကနေတစ်ဆင့် ဆက်သွယ်လို့ရတဲ့အတွက် အင်တာနက်ဆက်သွယ်မှုမပြတ်တောက်ဘဲ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့ Bandwidth တွေကိုလည်း အခုနှစ်အတွင်း 20 Gbps အထိ တိုးချဲ့သွားမှာဖြစ်သလို ရှေ့နှစ်မှာလည်း 40 Gbpsအထိ တိုးချဲ့ဖို့ ရည်မှန်းထားပါတယ်။ မိုဘိုင်းဖုန်း အင်တာနက်စနစ်ကောင်းမွန်စေဖို့အတွက်လည်း မိုဘိုင်းဌာနအနေနဲ့ စခန်းသစ်တွေ ထပ်မံတိုးချဲ့ခြင်း၊ Bandwidth ပိုမိုချိတ်ဆက်ရယူခြင်းစတာတွေကို ဆောင်ရွက်နေပါတယ်။ Internet Speed မြန်မြန်ဆန်ဆန်ရရှိနိုင်တဲ့ 4G LTE စခန်းတွေကိုလည်း SEA Games အမီ ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ သတင်းအချက်အလက်နှင့် နည်းပညာဌာနအနေနဲ့ အင်တာနက်သုံးစွဲသူတွေ ပိုမိုအဆင်ပြေလာအောင်၊ အင်တာနက် Speed တွေ ပိုမိုမြန်ဆန်လာအောင် Wireless Broadband နည်းပညာတွေထဲက Wi-Fi စနစ်နဲ့ ဝန်ဆောင်မှုပေးသွားဖို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိုဘိုင်းဖုန်း၊ Laptop Computerနဲ့ အခြား Smart Device ရှိသူတိုင်း အလွယ်တကူချိတ်ဆက်အသုံးပြုသွားနိုင်မယ့်နည်းလမ်းလည်း ဖြစ်ပါတယ်။ Wi-Fi စနစ်ကို အများပြည်သူတွေ မကြာမီအချိန်ကာလ အတွင်းမှာ သုံးစွဲနိုင်ဖို့ ပြည်တွင်းကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။

**မေး။ အချိန်ယူ ဖြေရှင်းဆောင်ရွက်သွားရမယ့် ရေရှည်အစီအစဉ်တွေကိုလည်း ပြောပြပါဦး။**

ဖြေ။ ရေရှည်အစီအစဉ်အနေနဲ့ကတော့ နိုင်ငံတကာ ဆက်ကြောင်းအဖြစ် အဓိကအသုံးပြုနေတဲ့ SEA-ME-WE 3 ဆက်ကြောင်းအပြင် အခြား ဆက်ကြောင်းတွေဖြစ်တဲ့ SEA-ME-WE 5 လို အပြည်ပြည်ဆိုင်ရာ ရေအောက်ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီ့အပြင် ဒေသတွင်းနိုင်ငံတွေရဲ့ Internet Exchange Point တွေနဲ့ အချင်းချင်းအပြန်အလှန် ချိတ်ဆက်သွားမယ့် စီမံကိန်းတွေမှာ ပူးပေါင်းပါဝင်ပြီး ဆောင်ရွက်သွားဖို့ အစီအစဉ်တွေလည်းရှိပါတယ်။ ထပ်မံပြီး ပြည်တွင်းဆက်ကြောင်းတွေရဲ့ Bandwidth ပမာဏတွေကို တိုးချဲ့ပါမယ်။ ပြည်တွင်းဆက်ကြောင်းတွေ ပိုမိုတည်ငြိမ်မှု ရှိစေရေးအတွက် အရန်ဆက်ကြောင်းတွေ တည်ဆောက်ချိတ်ဆက်နိုင်ရေးလုပ်ငန်းတွေကိုပါ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နယ်မြို့ကြီးတွေမှာလည်း ISP အဆင့်ထိ ထားရှိပြီး အင်တာနက်လိုင်းတွေ ပိုမိုကောင်းမွန်အောင်လည်း ဆောင်ရွက်သွားပါမယ်။ Access Network တွေမှာလည်း Copper Networkကို အဓိကမှီခို အားထားနေရတဲ့ အခြေအနေကနေပြီး Optical Fiberကို အသုံးပြုလာနိုင်မယ့် FTTx စနစ်နဲ့ Wireless Broadband စနစ် (ဥပမာ-Wi-Max, Wi-Fi, 3G Offload, LTE)စတဲ့ စနစ်တွေကို အသုံးပြုပြီး ဝန်ဆောင်မှုတွေပေးနိုင်အောင် ကြိုးပမ်းနေပါတယ်။

အပြည်ပြည်ဆိုင်ရာ Bandwidth အသုံးပြုမှုသက်သာစေဖို့နဲ့ အင်တာနက်မြန်နှုန်း တည်ငြိမ်စေဖို့အတွက် Caching System တွေ တိုးချဲ့တပ်ဆင်ခြင်း၊ လူသုံးများတဲ့ Contents တွေ၊ Web Site တွေကို ပြည်တွင်းမှာ ထားရှိ အခြေစိုက်စေခြင်း၊ တိုက်ရိုက်ချိတ်ဆက်စေခြင်း စတာတွေကိုစီစဉ် ပေးသွားပါမယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ ဘဏ်လုပ်ငန်းတွေ၊ အခြားစီးပွားရေးလုပ်ငန်းတွေအတွက် အဆင့်အတန်းမီ Data Center တွေလည်း မလွဲမသွေ လိုအပ်လာမှာဖြစ်တဲ့အတွက် အဆင့်အတန်းမီ Data Centerတွေကို ပူးပေါင်းဆောင်ရွက်လိုတဲ့ ပြည်တွင်း ပြည်ပကုမ္ပဏီတွေကိုဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ အစီအစဉ်တွေလည်းရှိပါတယ်။ Access Network Level မှာလည်း အင်တာနက်သုံးစွဲသူတွေ ပိုမိုအဆင့်ပြေအောင် အင်တာနက် ပိုမိုမြန်ဆန်နိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့ Wi-Fi,FTTx,Wi-Max စတာတွေကို နိုင်ငံသားလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး Public Private Partnership (PPP)ပုံစံနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခြုံပြောရရင် အင်တာနက်သုံးစွဲသူ ပြည်သူတွေကို ပိုမိုကောင်းမွန်တဲ့ အင်တာနက် ဝန်ဆောင်မှု ပေးနိုင်အောင် နည်းလမ်းပေါင်းစုံနဲ့ စီစဉ်ဆောင်ရွက်နေတဲ့အကြောင်း အလေးအနက်ပြောကြားလိုပါတယ်။

ဟုတ်ကဲ့ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

## ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော်  စက်တင်ဘာ  ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Dusit Thani ဟိုတယ်ရှိ Napalai Ballroom ၌ စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်များ နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပသော 1st Thailand-Myanmar High Level Committee Meeting သို့ တက်ရောက်ပြီးစီး၍ ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့် လေတပ်စခန်း Wing-6 မှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn နှင့်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဝင်းနှင့် စစ်သံမှူးတို့က ပို့ဆောင်နှုတ်ဆက်ကြပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn တို့ အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

အာဆီယံပါလီမန်များ အထွေထွေညီလာခံ၊ AIPA ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဘရူနိုင်းနိုင်ငံ ဥပဒေပြုကောင်စီဥက္ကဋ္ဌ၊ ASEAN INTERPARLIAMENTARY ASSEMBLY (AIPA) ဥက္ကဋ္ဌ Mr.Pehin Orand Kaya Laila Setia Bateti Diraji က အာဆီယံနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများ၊ လေ့လာသူနိုင်ငံများမှ လွှတ်တော်အကြီးအကဲများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကြိုဆိုနှုတ်ဆက်စကား ပြောကြားခဲ့သည်။ ယင်းနောက် အပြန်အလှန်နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့ တက်ရောက်လာသော ဘရူနိုင်းဘုရင် Sultan Haji Hassamal Bolkial နှင့် အခြားပါလီမန်ဥက္ကဋ္ဌများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၃၄)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ဘရူနိုင်းနိုင်ငံကျောင်းသူလေးများက AIPA တေးသီချင်းများ သီဆို၍ စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ဘရူနိုင်းနိုင်ငံဘုရင်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ပြည်ထောင်စု လွှတ်တော်နာယကက ပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို လွှဲပြောင်းယူပြီးနောက် ယခုကဲ့သို့ ဂုဏ်ကျက်သရေရှိ အဖွဲ့အစည်းသို့ မြန်မာနိုင်ငံအား ကိုယ်စားပြုပြီး ပထမဆုံးအကြိမ် တက်ရောက်ခွင့် ရသည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ်ကို အခြေပြုသည့် အာဆီယံအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် တည်ထောင်ရန် အချိန်လျင်မြန်စွာ နီးကပ်လာပြီးဖြစ်သည့်အလျောက် ဘရူနိုင်းနိုင်ငံမှ ရွေးချယ်ထားသော ယခုနှစ်ဆောင်ပုဒ် "အာဆီယံအသိုက်အဝန်း အကောင်အထည်ဖော်ရေးတွင် အာဆီယံပါလီမန်များ၏ အခန်းကဏ္ဍ" သည်အချိန်အခါ လိုက်လျောညီထွေဖြစ်သည့် ဆောင်ပုဒ်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စု လွှတ်တော်နာယကက မြန်မာနိုင်ငံ၏ လွှတ်တော်ဖွဲ့စည်းပုံများနှင့် လက်ရှိဆောင်ရွက်လျက်ရှိသော အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက တက်ကြွစွာပါဝင်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အာဆီယံပါလီမန်များညီလာခံ၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာချိန်မှစ၍ အာဆီယံပါလီမန်များညီလာခံ၏ လှုပ်ရှားမှုများနှင့်ပါလီမန်များအကြား ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း၊ ရှေ့ဆက်ပြီး အာဆီယံပါလီမန်များ၏ ညီလာခံလုပ်ငန်းများကို ဆက်လက်ပံ့ပိုးသွားရန် အတတ်နိုင်ဆုံးကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်ပေးနေမှုများ

**နေပြည်တော်  စက်တင်ဘာ  ၁၉**

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ မန္တလေးစက်မှုဇုန်ကြီးကြပ်မှုကော်မတီနှင့် မန္တလေးကုန်စည်ဒိုင်မှ တာဝန်ရှိသူများနှင့် မန္တလေးမြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ တက်ရောက်လာသူများက မန္တလေးမြို့၌ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးခွဲဖွင့်လှစ်ပေးပါရန်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူများအား ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ယခင်နှစ်က ဖွင့်လှစ်ခဲ့သည့်သင်တန်းမျိုး ယခုနှစ်တွင်လည်း ထပ်မံဖွင့်လှစ်ပေးပါရန်၊ မြန်မာကုမ္ပဏီများအား ပြည်ပသို့သွားရောက်၍ ရုံးခွဲဖွင့်လှစ်နိုင်ရေးအတွက် ဥပဒေအရ ခွင့်ပြုနိုင်ပါက ခွင့်ပြုပေးပါရန်၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာချက် စသည်တို့ကို စီးပွားရေးနယ်ပယ်မှ လုပ်ငန်းရှင်များ အချိန်နှင့်တစ်ပြေးညီ သိရှိခြင်းမရှိကြသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် မှားယွင်းခြင်း၊ အခွင့်အလမ်းများ ဆုံးရှုံးခြင်း စသည်တို့ ပေါ်ပေါက်လျက်ရှိခြင်းကြောင့် အဆိုပါသတင်းအချက်အလက်များအား အောက်ခြေမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ချပြပေးပါရန်၊ မြန်မာနိုင်ငံတွင် လက်မှတ်ရစာရင်းကိုင် မွေးထုတ်မှုအင်အားနည်းသဖြင့် စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်သူရှားပါးနေသည့် ကိစ္စအပေါ် နည်းလမ်းရှာဖွေ၍ ဆောင်ရွက်ပေးပါရန်၊ နိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် သာမန်ပုဂ္ဂိုလ်များအတွက် လွယ်ကူသော်လည်း လုပ်ငန်းရှင်များအနေဖြင့် လျှောက်ထားရာတွင် ကုမ္ပဏီအနေဖြင့် အခွန်ကင်းရှင်းမှသာ စိစစ်ခွင့်ပြုနေခြင်းကြောင့် မလိုလားအပ်သည့် ကြန့်ကြာမှုများ ပေါ်ပေါက်နေခြင်းကို စိစစ်ဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုတွေအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မန္တလေးမြို့တွင် ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးခွဲကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှစ်ဆန်းတွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူများအား ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းသင်တန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်တစ်ကြိမ် ထပ်မံဖွင့်လှစ်ပေးမှာဖြစ်သည်။

မြန်မာကုမ္ပဏီများ ပြည်ပသို့ သွားရောက်၍ရုံးခွဲဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်။

ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာချက် စသည်တို့ကို စီးပွားရေးနယ်ပယ်မှ လုပ်ငန်းရှင်များ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ကြေညာချက်အသစ်များထပ်မံထုတ်ပြန်သည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းများသို့ ဆက်လက်ပေးပို့သွားမည်။

လက်မှတ်ရစာရင်းကိုင် ပိုမိုမွေးထုတ်နိုင်ရေး၊ ကုမ္ပဏီလုပ်ငန်းရှင်များ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် လွယ်ကူချောမွေ့စေရေးအတွက်လည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည့်အခါ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းနိုင်သကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် တွေ့ဆုံရန် အခြေအနေမပေးပါက အတွင်းရေးမှူး ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ (ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန) ဖုန်း-၀၆၇-၄၀၈၀၁၈၊ ၀၉-၈၃၀၃၂၁၇၊ ဖက်စ်-၀၆၇-၄၀၈၂၅၆၊ e-mail:tamyint06@gmail.com နှင့် တွဲဖက်အတွင်းရေးမှူး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ(ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန) ဖုန်း-၀၆၇-၄၀၆၁၂၂၊ ၀၉-၈၃၀၀၁၄၂၊ ဖက်စ်-၀၆၇-၄၀၆၁၃၃ e-mail:majanoo@gmail.com တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် စည်းဝေး

**နေပြည်တော်  စက်တင်ဘာ  ၁၉**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် ဆဋ္ဌမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်းခမ်၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးတို့ တက်ရောက်ကြသည်။အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

လူဦးရေ ၁၀၄၆ ဦးတို့အား လည်းကောင်း၊ မြစ်ငယ်ကျေးရွာအုပ်စုမှ ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ထောင်စု ၄၂၉ စု၊ လူဦးရေ ၁၈၂၈ ဦးတို့အားလည်းကောင်း စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ထမင်းထုပ်များနှင့် သန့်ရှင်းသော သောက်သုံးရေများ ပေးဝေလှူဒါန်းခဲ့ကြပြီး နယ်မြေခံတပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များကလည်း စက်တင်ဘာ ၁၆ ရက်မှစ၍ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ နှာစေးချောင်းဆိုးရောဂါ၊ ထိခိုက်ဒဏ်ရာနှင့် အထွေထွေရောဂါများဖြစ်သူ ဒေသခံပြည်သူ ၂၅၁ ဦးတို့အား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ၌ နယ်မြေခံတပ်မတော်သားများက ကယ်ဆယ်ရေးလုပ်ငန်းများကူညီဆောင်ရွက်ပေးနေမှုနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညိုစောနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည့် ကူညီမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ပြည်တွင်းသတင်း

*** ကျောဖုံးမှ**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးသည် အဓိကအရေးပါကြောင်း၊ ကျေးလက်လျှပ်စစ်မီး ရရှိရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မဟာဓာတ်အားလိုင်းမှချိတ်ဆက်ခြင်း၊ ဒီဇယ်အင်ဂျင်မီးစက်များတည်ထောင်ခြင်း၊ အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများတည်ထောင်ခြင်း၊ ဇီဝလောင်စာသုံးမီးစက်များတည်ထောင်ခြင်း၊ ဆိုလာစနစ်များ အသုံးပြုခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာတွင်ကျေးရွာပေါင်း ၆၄၀၀၀ ကျော်အနက် ကျေးရွာပေါင်း ၁၇၀၀၀ ခန့် မီးလင်းခဲ့ပြီးဟု သိရှိရပါကြောင်း၊ ကျေးရွာပေါင်း ၄၇၀၀၀ခန့်မှာ မီးလင်းရေးဆောင်ရွက်ပေးရန် ကျန်ရှိနေဆဲ ဖြစ်ပါကြောင်း၊ နိုင်ငံတော် မဟာဓာတ်အားစနစ်မှ လျှပ်စစ် ထောက်ပံ့ပေးခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်သည့်အတွက် နိုင်ငံတော်အနေနှင့် မဟာဓာတ်အားလိုင်းကွန်ရက်တိုးချဲ့တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိသော်လည်း ပထဝီဝင်မြေပြင်အနေအထား အခွင့်မသာသောဒေသများတွင် ကုန်ကျစရိတ်များပြားလှပြီး တည်ဆောက်ချိန်ကာလလည်း ကြာမြင့်လှပါကြောင်း၊ မဟာဓာတ်အားလိုင်း လက်လှမ်းမမီသေးသည့် ကျေးလက်ဒေသများတွင် မီးထွန်းခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ လက်ကိုင်တယ်လီဖုန်း စသောဆက်သွယ်ရေး ပစ္စည်းများသုံးခြင်း၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးနှင့်သောက်သုံးရေ တွန်းတင်ခြင်း လုပ်ငန်းများအတွက် လျှပ်စစ်စွမ်းအင်ဝန်ဆောင်မှုပေးရန် အသုံးပြုနေသည့် လက်ရှိစွမ်းအင်အရင်းအမြစ်များသည် ဖယောင်းတိုင်၊ ရေနံဆီ၊ ဘက်ထရီ၊ ဒီဇယ်အင်ဂျင်များဖြစ်ပြီး ကုန်ကျစရိတ်ကြီးမားသည့်အပြင် သုံးစွဲရာတွင်လည်း ကရိကထများလှပါကြောင်း၊ ကုန်ကျစရိတ်သက်သာပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလည်း မရှိသော နည်းလမ်းမှာ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ ဖြစ်သည့် အငယ်စားနှင့်အသေးစား ရေအား၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ဇီဝဓာတ်ငွေ့များကိုပြောင်းလဲသုံးစွဲပြီး လျှပ်စစ်စွမ်းအင်ထုတ်ယူရေးပင် ဖြစ်ပါကြောင်း။

နေအိမ်တစ်လုံးချင်း အိမ်သုံးဆိုလာစနစ်၊ ဆိုလာဗဟိုမှ ဖြန့်ဝေပေးသည့်စနစ်၊ ဆိုလာမီးအိမ် အားသွင်းဌာနရှိမ်းမှုစနစ်၊ အသေးစားရေအား လျှပ်စစ် ထုတ်လုပ်ဖြန့်ချိသည့် အသေးစား ကျေးရွာကွန်ရက်စနစ်၊

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးအသုံးပြုသည့်စနစ် စသည့်နည်းစနစ်များကို သုံးပြီး ဆောင်ရွက်သွားနိုင်သည်ကို တွေ့ရမှာဖြစ်ကြောင်း။

ယခုလိုဆောင်ရွက်ရာတွင် အစီအစဉ်အောင်မြင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အဓိကအားဖြင့် အုပ်စု(၃)စု၏ တတ်နိုင်မှုအပေါ်တွင် မူတည်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ၎င်းတို့မှာ (၁) သုံးစွဲသူကျေးရွာလူထု၏ တပ်ဆင်သုံးစွဲမှုအတွက် စရိတ်စက တတ်နိုင်မှု၊ (၂)လျှပ်စစ်ထုတ်လုပ်သူ၏ လုပ်ငန်းနှင့်ငွေကြေးအတွက် တတ်နိုင်မှု၊ (၃) ပြည်ထောင်စု(သို့)တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာငွေတတ်နိုင်မှုတို့ ဖြစ်ပါကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်များသည် လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ် နည်းပါးသော်လည်း ရင်းနှီးမြှုပ်နှံမှုများအတွက် ကုန်ကျစရိတ် ကြီးမားလှသောကြောင့် လုပ်ငန်းစတင်နိုင်ရန်နှင့် ရေရှည်တည်တံ့နိုင်ရန် ပြည်တွင်းပြည်ပဘဏ္ဍာရေးအကူအညီများ ရယူ၍လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမည့်သူများကို ဖိတ်ခေါ်၍ Public Private Partnership (PPP) စနစ်ဖြင့်လည်းကောင်း ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ယခုလို နည်းလမ်းများနှင့် ဆောင်ရွက်ရာတွင် အသေးစား ရေအားလျှပ်စစ်၊ ဆိုလာစနစ်နှင့်ဇီဝလောင်စာသုံး မီးစက်စနစ်များ ပေါင်းစပ်ထားသည့် ကျေးရွာသုံး အသေးစား ဓာတ်အားလိုင်းစနစ် ထူထောင်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ ရပ်ရွာဒေသ၏ အခြေအနေပေးမှုအပေါ် မူတည်ပြီး လက်တွေ့ အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းပုံစံ ရွေးချယ်သွားရန်ဖြစ်ကြောင်း၊ ကျေးလက်စွမ်းအင်ကော်မတီကို စနစ်တကျဖွဲ့စည်းပြီး လက်တွေ့ လုပ်ဆောင်နိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ရွာခံလျှပ်စစ်ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ခြင်း၊ လုပ်ငန်းလည်ပတ်မှု၊ ကြံ့ခိုင်ထိန်းသိမ်းမှုအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားခငွေများ ကောက်ခံမှုကို စီမံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး LED 5W မီးနှစ်လုံးထွန်းနိုင်ရန်၊ လက်ကိုင်ဖုန်း အားသွင်းနိုင်ရန်၊ ရုပ်မြင်သံကြားတစ်လုံး ဖွင့်နိုင်ရန်နှင့် ကျေးရွာလမ်းမီးပေးရန်တို့အတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားများကို ထုတ်ပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ လိုအပ်သော စွမ်းအင်မူဝါဒများ၊ ရန်ပုံငွေနှင့် နည်းစနစ်ထောက်ပံ့မှုတို့ကို အကူအညီ ပေးသွားမှာဖြစ်ကြောင်း။

ပြန်ပြည့်မြဲ စွမ်းအင်သုံး ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရာမှာ ပထမအဆင့် အဖြစ် စံပြအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ကျေးရွာ ၁၀၀ စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုလျှင် ကျေးရွာ ၅၀ စီ ရွေးချယ်သတ်မှတ်သွားကြရန်ဖြစ်ပါကြောင်း၊ ရွေးချယ်သည့်အခါတွင်လည်း ဝေးလံသီခေါင်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ကျောင်းနေအရွယ် ကျောင်းသားအရေအတွက်၊ ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်သည့် အထောက်အပံ့များ၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရပ်ရွာလူထုက ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်မှု စသည့်အချက်များအပေါ် မူတည်ပြီး ရွေးချယ်သွားစေလိုပါကြောင်း၊ မိမိကျေးရွာကိုကောင်းအောင် မိမိတို့ကိုယ်တိုင် ပါဝင်ကြိုးစားလိုစိတ်ကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရင်း ဖြစ်ပါကြောင်း။

လျှပ်စစ်မီး ရရှိရေးအပြင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မိုးနည်းရေရှားဒေသများ ရေတွင်းရေကန်တူးဖော်ခြင်း၊ ဆယ်တင်ခြင်း၊ တစ်ဖက်ရပ် လျှိုပိတ်မြောင်းပိတ်များ တည်ဆောက်ပေးခြင်း၊ မိုးများသည့်ဒေသများတွင် ရေကြီးမှုကာကွယ်ရေးအတွက် ရေတားတမံဆောက်လုပ်ခြင်း၊ ရေနုတ်မြောင်းစနစ်များဆောင်ရွက်ခြင်း၊ ချောင်းကောမြောင်းကောများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားရမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေနှင့်သောက်သုံးရေ တွန်းတင်သည့် လုပ်ငန်းများတွင် ဒီဇယ်ရေစုပ်စက်နှင့် မီးစက်များအစား လေရဟတ်သုံး ရေစုပ်စက်စနစ်နှင့် ဆိုလာစွမ်းအင်သုံးရေစုပ်စက်စနစ်များကို အသုံးပြုနိုင်ရေးနှင့် ဆိုလာစွမ်းအင်သုံး သောက်ရေသန့် ထုတ်လုပ်သည့်စနစ် အသုံးပြုနိုင်ရေးကိုလည်း လေ့လာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ကျေးရွာလျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေး လုပ်ငန်းများတွင် စီးပွားရေးလုပ်ငန်း ကုမ္ပဏီများ၊ စေတနာ့ဝန်ထမ်းများ၊ အစိုးရမဟုတ်သောအဖွဲ့များ၊ ကမ္ဘာ့ကုလသမဂ္ဂဌာနေအဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO အဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ လူမှုအဖွဲ့အစည်းများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ (Stakeholder Workshops)များကို အခါအားလျော်စွာ ဝန်ကြီးဌာနက ကျင်းပသွားရမှာဖြစ်ကြောင်း။

ကျေးလက်စွမ်းအင်ထောက်ပံ့ခြင်းလုပ်ငန်းမှာ နည်းပညာပေးဝေခြင်းထက် ဝန်ဆောင်မှုအပေါ် ပိုမိုအလေးထားခြင်းက စဉ်ဆက်မပြတ်သော သေချာသည့်အောင်မြင်မှုများကို ရနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသများတွင် ပြန်ပြည့်မြဲစွမ်းအင်ကို ကူးပြောင်းအကောင်အထည်ဖော်သည့်နေရာမှာ နည်းပညာတစ်ခုကို ပေးဝေသည့် အစီအစဉ်တစ်ခု အနေမျိုးမဟုတ်ဘဲ ကျေးလက်ဒေသခံ ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးနှင့် အုပ်ချုပ်ရေးဝန်ဆောင်မှုများ အရည်အသွေးရှိရှိ ပေးနိုင်သည့် ဝန်ဆောင်မှုပုံစံမျိုး ရည်မှန်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

အချုပ်အားဖြင့် ကျေးလက်ဒေသနေပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပညာရေးမြင့်မားရေးတို့အတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်နေရာမှာ လျှပ်စစ်မီးရရှိရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးတို့သည် အဓိကကျသော ဝန်ဆောင်မှုများဖြစ်သဖြင့် အရှိန်အဟုန်ဖြင့် စေတနာထားဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာဒေသအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကော်မတီဝင်များက ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် ပေါင်းစပ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်မှသာ ယခုထက်ပိုမိုပြီး ဆောင်ရွက်နိုင်မှာဖြစ်ကြောင်းဖြင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ(၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|---|
| (၁) | ဦးလှထွန်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး |
| (၂) | ဦးဇော်သန်းသင်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး |
| (၃) | ဦးစံရွှေအောင် | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၄) | ဦးဝင်းလှိုင် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၅) | ဦးသာအောင်ညွှန့် | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာ ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၆) | ဦးသူရိန်သန့်ဇင် | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၇) | ဦးတင့်ဆွေ | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၈) | ဦးကျော်စိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (၉) | ဦးအောင်မော် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန |

## စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် ရေရရှိရေးစီမံကိန်းများ ဖွင့်ပွဲအခမ်းအနားများကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပါရမီရပ်ကွက် ရေရရှိရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၆၄၆၄၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျော်ရွာရေရရှိရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၁၀၅၄၅နှင့် ချောက်မြို့နယ် တောင်သာရွာ ရေရရှိရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈၅၀၂၉ ကို လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ်ပေးအပ်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စီမံကိန်းသစ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားများကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားများသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr.Go NAKAYA၊ စစ်ကိုင်း၊ မြိုင်နှင့် ချောက်မြို့နယ်တို့မှဌာနဆိုင်ရာများ၊ စစ်ကိုင်းပါရမီရပ်ကွက်၊ ကျော်ရွာနှင့် တောင်သာရွာတို့မှ ရေရရှိရေးကော်မတီဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ ပါရမီရပ်ကွက်ရေရရှိရေးစီမံကိန်း၏ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့် တက်ရောက်ခဲ့သည်။ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ကို ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဧရာဝတီမြစ်မှ တစ်မိုင်ခွဲအကွာ၊ စစ်ကိုင်းတောင်တန်း၏ အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ပါရမီရပ်ကွက်ရှိ ဒေသခံပြည်သူများမှာ ထုံးဓာတ်ပါဝင်မှုများသော စက်ရေတွင်းကိုသာ မှီဝဲသုံးစွဲနေရပြီး ခြောက်သွေ့ရာသီရောက်တိုင်း ရေမလုံလောက်မှုအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

မြိုင်မြို့နယ် ကျော်ရွာနှင့်ချောက်မြို့နယ် တောင်သာရွာတို့တွင်လည်း နှစ်စဉ်နှစ်တိုင်း ခြောက်သွေ့ရာသီတွင် သောက်သုံးရေပြတ်လပ်မှု အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည်။ ထိုရေရှားပါးမှုအခက်အခဲများကြောင့် ရေရှိသောအနီးအနားရွာများသို့ သွားရောက်သယ်ယူ အသုံးပြုနေရခြင်းများကြောင့် အချိန်ကုန်လူပန်း၊ အပိုငွေကြေးကုန်ကျမှုများရှိနေသည်။

ထို့ကြောင့် ဒေသခံပြည်သူလူထုများ၏ လူနေမှုအခက်အခဲများအဆင်ပြေစေရေးနှင့် ရေပုံမှန်ရရှိရေးအတွက် ဧရာဝတီမြစ်ရေတင်စနစ်၊ ရေစုရေလှောင်ကန်နှင့် ရေဖြန့်ဖြူးရေးပိုက်လိုင်းများပါဝင်သော ပါရမီရေရရှိရေးစီမံကိန်း၊ မြေသားရေကန်၊ နေရောင်ခြည်စွမ်းအင်သုံး ရေတင်ခြင်းစနစ်နှင့် ရေဖြန့်ဖြူးရေးပိုက်လိုင်းများပါဝင်သော တောင်သာရွာ၏ရေရရှိရေးစီမံကိန်းများကို ဂျပန်နိုင်ငံအသေးစားစီမံကိန်းများထောက်ပံ့ရေး အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြို့နယ်သုံးမြို့နယ် ရေရရှိရေးစီမံကိန်းများသည် ဒေသခံပြည်သူလူထုများအတွက် လုံလောက်သောရေပေးဝေမှုနှင့်အတူ ပိုမိုမြင့်မားသော လူမှုစီးပွားအကျိုးခံစားခွင့်ကို ရရှိစေနိုင်မည်ဖြစ်ပြီး ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးကိုလည်း ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

(၃၄)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (34th ASEAN Senior Officials on Drug Matters, 34th ASOD)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Kandawgyi Palace Hotel၌ စက်တင်ဘာ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပြင်ပအဖွဲ့အစည်းများဖြစ်သော အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတြေးလျနိုင်ငံ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိမ်းအမှတ် သင်္ကေတ Theme Song သီချင်းဆုပေးပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်မည်

**နေပြည်တော် စက်တင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားတွင် အသုံးပြုမည့် ပြိုင်ပွဲအထိမ်းအမှတ် သင်္ကေတအဖြစ် Theme Song သီချင်းဆုပေးပွဲအခမ်းအနားနှင့် စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ စက်တင်ဘာ ၂၀ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဆုပေးပွဲအပြီး Theme Song ရွေးချယ်ခဲ့မှုနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ရပ်ကွက်/ကျေးရွာအုပ်စုများ ပြင်ဆင်တိုးချဲ့ ဖွဲ့စည်းပေး

**မန္တလေး စက်တင်ဘာ ၁၉**

“မန္တလေးတိုင်းဒေသကြီးအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနမှ ကောက်ယူထားရှိသော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်နေထိုင်လျက်ရှိသည့် အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်မပေါက်သေးသော ကျေးရွာ ၃၇ ရွာအား အမည်ပေါက်ကျေးရွာဖွဲ့စည်းနိုင်ရေးနှင့်သစ်တောမြေအဖြစ်မှပယ်ဖျက်ခွင့်ရရှိရေးဆောင်ရွက်လျက်ရှိပြီး ပြင်ဆင်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ပေးရန် လိုအပ်သော ရပ်ကွက် ကျေးရွာအုပ်စုများအား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း” တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးက ကျင်းပဆဲတိုင်းဒေသကြီး လွှတ်တော်ပဉ္စမနေ့တွင် ပြောကြားလိုက်သည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၏ မေးမြန်းချက်အရ ဖြေကြားခြင်းဖြစ်ပြီး “ကျေးရွာအုပ်စုအတွင်းမှ မလိုအပ်ဘဲ အခြားကျေးရွာအုပ်စုတစ်အုပ်စုကိုထပ်မံတိုးချဲ့ဖွဲ့စည်းမည်ဆိုလျှင် စိတ်ဝမ်းကွဲပြား၍ စည်းလုံးညီညွတ်မှု ပြိုကွဲနိုင်ခြင်း၊ မလိုလားအပ်သော အုပ်ချုပ်မှုဖြစ်စဉ်များ ပေါ်ပေါက်လာနိုင်ခြင်းအပြင် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ပံ့စရိတ်၊ ရပ်ကွက်/ကျေးရွာဝန်ထမ်းလစာစရိတ်နှင့် ရပ်ကွက်/ကျေးရွာရုံး၏ ရုံးအသုံးစရိတ် စသည့် ဘဏ္ဍာရေးဆိုင်ရာများအား ထည့်သွင်းစဉ်းစားရကြောင်း၊ မဖြစ်မနေလိုအပ်မှသာ ကျေးရွာအုပ်စု တိုးချဲ့ဖွဲ့စည်းရေးဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများအနက် ဆက်သွယ်ရေး၊ အုပ်ချုပ်ရေးနှင့် အခြားလိုအပ်ချက်များအရ ၂၀၁၂ ခုနှစ်တွင် ကျေးရွာရှစ်ရွာနှင့် ၂၀၁၃ ခုနှစ်တွင် ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့ရှိ မူလရှစ်ရပ်ကွက်မှ ပြည်သာယာရပ်ကွက်တိုးချဲ့ပြီး ကိုးရပ်ကွက်ဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရမည်းသင်းမြို့နယ်မှ ထနောင်းကုန်းကျေးရွာအုပ်စုတွင် မူလကျေးရွာ ခုနစ်ရွာဖြင့် ဖွဲ့စည်းထားခြင်းအစား ထနောင်းကုန်း ကျေးရွာအုပ်စုကို လေးရွာ၊ ကျီစု ကျေးရွာအုပ်စုကို သုံးရွာဖြင့် ကျေးရွာအုပ်စုတစ်ခု တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့် တင်ပြထားခြင်းနှင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကြအိုကျေးရွာအုပ်စုရှိကံသာကျေးရွာကို ကျေးရွာအသစ်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း”ဖြင့် လည်း ဝန်ကြီးက ထည့်သွင်းဖြေကြားသွားသည်။

**ပြဋ္ဌာန်း**

မြစ်ချောင်းများ၊ လမ်းများခြား၍ သော်လည်းကောင်း၊ တစ်ရွာနှင့်တစ်ရွာ အကွာအဝေး ဝေးကွာ၍ သော်လည်းကောင်း၊ အုပ်ချုပ်မှုအရ ဆက်သွယ်ဆောင်ရွက်ရန် ခက်ခဲမှုကြောင့်လည်းကောင်း၊ လိုအပ်ချက်အရ ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုများ ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်ပေးရမည်ဟု ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ တွင် ပြဋ္ဌာန်းပါရှိပြီးဖြစ်ကြောင်း သိရသည်။

**ဒီစီအီး(မန္တလေး)**

# ရွှေငါးမိသားစုမှ ရေဘေးသင့်ပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်း

**မြစ်ငယ် စက်တင်ဘာ ၁၉**

အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု ရွှေငါးမိသားစုမှ ရေ ဘေးသင့်ပြည်သူများကို စတုဒိသာအာဟာရထမင်းနှင့်ဟင်းများ ကျွေးမွေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာတွင် ရွှေငါးမိသားစုစားသောက်ဆိုင်များပိုင်ရှင် ဦးမြင့်ဝေနှင့်မိသားစုက ရွှေငါးနံပါတ်လေးတွင် စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရေဘေးသင့်ပြည်သူများကို ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။ အမရပူရမြို့နယ်အတွင်း ဥယျာဉ်တော်ကျေးရွာ၊ ကမ္ဘဲ့၊ ရေကြည်ပေါက်၊ ဆင်ရွာမြင်းမှူးကျေးရွာများသည် ဧရာဝတီမြစ်နှင့်ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကျေးရွာသူ ကျေးရွာသားများ ရေဘေးဒုက္ခနှင့်ကြုံခဲ့ရသည်။ အဆိုပါရေဘေးသင့်ပြည်သူများအား စတုဒိသာအာဟာရထမင်းနှင့်ဟင်းများ ကျွေးမွေးလှူဒါန်းပွဲကို ဥယျာဉ်တော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် ဥယျာဉ်တော်ကျေးရွာရပ်မိရပ်ဖများကပါ လုပ်အားဒါနပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည်။ “ရွှေငါးမိသားစုက ရေဘေးသင့်ပြည်သူတွေကို အခုလိုကျွေးမွေးခွင့်ရတာ ဝမ်းသာပီတိလည်းဖြစ်ရပါတယ်၊ လာရောက်စားသောက်ကြတဲ့အတွက်လည်းကျေးဇူးအများကြီးတင်ပါတယ်” ဟု ရွှေငါးမိသားစုမှ ဦးမြင့်ဝေက ပြောကြားသည်။ အဆိုပါအလှူရှင်ဦးမြင့်ဝေသည် ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး ဘာသာပေါင်းစုံကို လိုအပ်သောအကူအညီပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# ပြည်တွင်းရှိ စက်မှုဝန်ကြီးဌာနပိုင် ဝင်းသူဇာအရောင်းဆိုင်များ ပုဂ္ဂလိကသို့ လွှဲပြောင်းနိုင်ရေး တင်ဒါအောင်မြင်သူများ စာရင်းထုတ်ပြန်

သတင်းနှင့်ဓာတ်ပုံ-
မင်းမင်းလတ်(မန်းတက္ကသိုလ်)

**နေပြည်တော် စက်တင်ဘာ ၁၉**

စက်မှုဝန်ကြီးဌာနပိုင် ဝင်းသူဇာအရောင်းဆိုင်များကို ပုဂ္ဂလိကသို့လွှဲပြောင်းနိုင်ရေးအတွက် ပဏာမအိတ်ပိတ်တင်ဒါအောင်မြင်သူများစာရင်းကို နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီကကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပုဂ္ဂလိကသို့ လွှဲပြောင်းနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုညွှန်ကြားမှုဦးစီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ အထည်လိပ်စက်မှုလုပ်ငန်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းတို့၏ကြီးကြပ်မှုအောက်တွင်တည်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝင်းသူဇာအရောင်းဆိုင် ၃၈ ဆိုင်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ပြောင်းလဲငှားရမ်း လုပ်ကိုင်နိုင်ရေးအတွက် တင်ဒါခေါ်ယူ၍ ပဏာမအောင်မြင်သူများ စာရင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း စက်မှုဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ တင်ဒါအောင်မြင်သူများစာရင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဝင်းသူဇာအရောင်းဆိုင်အား တင်ဒါတင်သွင်းသူ ဦးနေရွှေသွေးအောင်က ၎င်းဆိုင်တွင် Super Market ဖွင့်လှစ်နိုင်ရန်အတွက် တစ်လလျှင်ငွေကျပ် ၅၅၀၀၀၀၀ ဖြင့် အများဆုံးပေးခဲ့သည့်အတွက် တင်ဒါပဏာမအောင်မြင်ကြောင်း ၎င်းအခမ်းအနားတွင် ကြေညာခဲ့သည်။ ယနေ့ တင်ဒါခေါ်ယူရေးတွင် ပဏာမအောင်မြင်သူများလုပ်ကိုင်မည့်လုပ်ငန်းများတွင် စတိုးဆိုင်၊ City Mart၊ Mini Mart၊ Super Market Show Room၊ စက်သုံးဆီနှင့် ကုန်ပစ္စည်းအရောင်းဆိုင်၊ Bank၊ ကျောက်မျက်လုပ်ငန်း၊ လျှပ်စစ်ပစ္စည်းဆိုင်ဆောက်လုပ်ရေး၊ အထည်ဆိုင်၊ တည်းခိုခန်းစသည့် လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားသည်။ တင်ဒါအောင်မြင်သူများအနေဖြင့် ယင်းဆိုင်များတွင် အရက်ဆိုင်၊ ဘီယာဆိုင်၊ ကာရာအိုကေနှင့် ခွင့်မပြုထားသောဆိုင်များကို ခွင့်ပြုချက်ပေးမည်မဟုတ်ဘဲ တင်ဒါအောင်မြင်သူလုပ်ငန်းရှင်များကို တစ်နှစ်လျှင် တစ်ကြိမ်စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး ဆိုင်တစ်ဆိုင်အတွက် ၁၀ နှစ်အထိ ငှားပေးမည်ဖြစ်သည်။ စာချုပ်ချုပ်ဆိုရာတွင် ကြိုတင်လစာ သုံးလစာကိုပေးဆောင်ရမည်ဖြစ်သည်။ ယနေ့တင်ဒါပဏာမအောင်မြင်သူများ စာရင်းထုတ်ပြန်ပွဲသို့ ပြည်တွင်းရှိ လုပ်ငန်းရှင် ၃၀၀ ကျော် တက်ရောက်ကြသည်။ လုပ်ငန်းရှင်များထဲမှ တင်ဒါဈေးအမြင့်ဆုံးပေးသူနှင့် တင်ဒါဈေး ဒုတိယအများဆုံးပေးသူ၊ တတိယအများဆုံးပေးသူတို့ကို စာရင်းယူထားပြီး ကျန်ရှိသောလုပ်ငန်းရှင်များကို တင်ဒါသွင်းငွေချက် လက်မှတ်များ ပြန်လည်ပေးအပ်ခဲ့သည်။ယနေ့ကျင်းပသည့်စက်မှုဝန်ကြီးဌာနပိုင်ဝင်းသူဇာအရောင်းဆိုင်များ ပုဂ္ဂလိကသို့ လွှဲပြောင်းနိုင်ရေး တင်ဒါခေါ်ယူရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝင်းသူဇာအရောင်းဆိုင် စုစုပေါင်း ၇၈ ဆိုင်ရှိသည့်အနက် ၃၈ ဆိုင်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းနိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်းဖြစ်ကြောင်း သိရသည်။

# တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကုသပေး

**ပုသိမ်ကြီး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနကကြီးမှူး၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ တိုင်းရင်းဆေးအခမဲ့ကုသပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပုသိမ်ကြီးမြို့နယ် လိမ်ပင်ကျေးရွာ ရွှေဘုံသာစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မန္တလေးခရိုင် တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်သန်းဦး၊ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးသစ်လွင်၊ ပုသိမ်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီရွှေနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်၍ ဘုန်းတော်ကြီးသင်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၆၂၀ ကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးများအခမဲ့ ကုသပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွက် လျှပ်စစ်ပစ္စည်းများကို စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်သိလိုပါက စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၉၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၃၀-၉-၂၀၁၃ရက် ညနေ ၄ နာရီ ဖြစ်ပါသည်။

## ၂၀-၉-၂၀၁၃ရက်တွင် ကျရောက်သော (၂၂)နှစ်မြောက် မွေးနေ့ရှင် အိမ့် သို့

လမင်းကြီးကို အတင်းဖက်ထားတာ မိုးလင်းမှာကို ကြောက်လို့လား
နေမင်းကြီးကို မျက်နှာလွှဲထားတာ လောကဓံကို ဒူးထောက်မလို့လား
ညီမလေးရယ် ဘဝတစ်ခုဆိုတာ လွယ်လွယ်နဲ့ မလှပနိုင်
အရှုံးမပေးနဲ့ ကြိုးစားလိုက်စမ်းပါ
ကျေနပ်စွာ အမြဲအားပေးဂုဏ်ယူနေမယ့်သူတွေရှိတယ်

**အေး၊ ထား၊ မေ၊ အိ၊ မွန်၊ ဇင်၊ စု၊ စင်၊ နှင်း၊ ပို**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲ

၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **သဘာဝဘေးလျော့ပါးရေး၊ မသန်စွမ်းလည်း ပူးပေါင်းပေး A Not So Obvious Conversation Living With Disability and Disasters** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် စာမူများကို အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ကိုယ်တိုင်ရေးသားကြောင်း ကတိဝန်ခံချက်ပူးတွဲလျက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်သို့ ၃၀-၉-၂၀၁၃ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက်နောက်ကျမှရောက်ရှိလာသောစာမူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

ဆုရရှိသူများအား ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၁ရက်တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)တို့မှ အောက်ပါအတိုင်း ဆုများချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၄၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။) (http://www.unisdr.org/2013/iddr တွင် မှီငြမ်းရန်အချက်အလက်များ ရှာဖွေလေ့လာနိုင်ပါသည်။)

**ပထမဆု - ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ)**
**ဒုတိယဆု - ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ)**
**တတိယဆု - ၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ)**

**အမည်ပြောင်း**
ဦးဇော်ရဲရှိန်၏သား ရန်ကုန်မြို့၊ ပင်လုံနှင်းဆီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade - 6 မှ မောင်ဖြိုးဝေဇင်အား မောင်မင်းစိုးအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်မင်းစိုးအောင်**

## EPS -TOPIK

- ကိုရီးယားမရောက်ခင် လစာကောင်းကောင်းရရန် ကိုရီးယားစကားကို ထပ်လေ့လာကြစို့
- ကိုရီးယားနိုင်ငံရဲ့ လက်ရှိအသုံးပြုသော စကားများကို လက်တွေ့ကျကျ သင်ကြားပေးပါသည်၊
- EPS TOPIK စာမေးပွဲဖြေပြီးသော ကျောင်းသား
- ကုမ္ပဏီ Calling ကျပြီးသော ကျောင်းသားများအတွက် အထူးသီးသန့်သင်တန်း

No(214-B), 1st Floor, Yangon-Insein Road, Hlaing Parami Branch
Ph: 09-3153-8136, 09-3153-8217

**အမည်ပြောင်း**
အိမ်အမှတ် ၅၆/၅၈၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်သိန်းနုခိုင်အား ယနေ့မှစ၍ ဒေါ်သန်းသန်းနုဟု ပြောင်းလဲခေါ်ပါရန်။
**ဒေါ်သန်းသန်းနု**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(G)မှ မလွင်လွင်ချို ကျောင်းဝင်အမှတ်(၃၈၈၃)၏ ဖခင်အမည်မှန်မှာ ဦးမောင်ချို(ခ)ဦးခင်မောင်သိန်း ၅/ဟမလ(နိုင်)၁၁၃၈၂၂ ဖြစ်ပါကြောင်း။

## ငှားမည်

ပြည်လမ်း၊ ခုနစ်မိုင်၊ RC နှစ်ထပ်လုံးချင်း၊ အိပ်ခန်းလေးခန်း Ae သုံးလုံး၊ ဖုန်း၊ ကျပ် ၃၂သိန်း
**ဖုန်း-၀၉-၅၁၇၈၇၉၁၊ ၀၁-၂၂၀၇၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်ပိုင်စိုး၏ Passport No. N- ၇၂၇၁၂၃ စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၁၁၅၆၃၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးသိန်း၏ Passport No -၉၀၉၄၂၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **(ကျေးဇူးဆပ်ပါမည်။)**
**ဖုန်း-၀၉-၄၂၀၀၈၈၅၁၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား စောဘမော်ဦး ၃/လဘန(နိုင်)၀၃၁၉၄၀သည် မိဘအကျိုးစီးပွားပျက်အောင်၊ သည်းခံခွင့်မလွှတ်နိုင်အောင် အကြိမ်ကြိမ်ထပ်တလဲလဲပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
**ဦးစောအောင်စိုးဦး-ဒေါ်နန်းကြူရှိန်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရောဝတီမြစ်အနောက်ဘက်ခြမ်းမှ ပြည်သူများကို အကျိုးပြုမည့် လှိုင်သာယာဘူတာကြီး တည်ဆောက်ပြီးစီး

သတင်းမှတ်စု - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းကပင် ခရီးသွားရာနှင့် ကုန်သွယ်မှုပြုရာတွင် မိုးများရပ်ဝန်းဒေသဖြစ်၍ ရေလမ်းကြောင်းခရီးနှင့် ကုန်းလမ်းကြောင်းခရီးများကိုသာ အားထားအသုံးပြုခဲ့ကြရသည်။

**အောင်မြင်**

ယခုအခါ နိုင်ငံတော်၏စီမံမှုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားတို့၏ ဦးဆောင်ကြီးကြပ်လုပ်ဆောင်မှုတို့ဖြင့် မြန်မာပြည်အောက်ပိုင်းမိုးများ ရပ်ဝန်းဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ဘက်စုံဖွံ့ဖြိုးရန် ရည်ရွယ်၍ ရန်ကုန်-ပုသိမ်ရထားလမ်း စီမံကိန်းကြီးကို ၂၀၀၉-၂၀၁၀ ခုနှစ်က စီမံကိန်းတစ်ရပ်အနေဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာတွင် ရထားလမ်းဖောက်လုပ် ပြီးစီးမှုသည် ရာခိုင်နှုန်း ၉၀ ကျော် ပြီးစီးပြီဖြစ်၍ မကြာမီ ၂၀၁၄-၂၀၁၅ တွင် ရထားလမ်းစီမံကိန်းကြီးအောင်မြင်စွာ ပြီးစီးတော့မည်ဖြစ်သည်။

ယခု ဖောက်လုပ်လျက်ရှိသည့် ရန်ကုန်-ပုသိမ် ရထားလမ်းပိုင်းကြီးတွင် ပြည်သူများ အဓိကအားထားအသုံးပြုရမည့် လှိုင်သာယာဘူတာကြီးသည် ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်သည်။

လှိုင်သာယာဘူတာကြီးကို မော်လမြိုင်ဘူတာကြီးကဲ့သို့ ခေတ်မီမီအဆင့်မြင့်မြင့်တည်ဆောက်ရန် ရည်ရွယ်၍ စီမံကိန်းတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါစီမံကိန်းတွင် ရန်ကုန်(လှိုင်သာယာ)-ဧရာဝတီ(ညောင်တုန်း)လမ်းပိုင်းကို တာဝန်ယူတည်ဆောက်သည့် စီမံကိန်းမန်နေဂျာ ဦးဇော်မင်းဦးက ပြောသည်။

"လှိုင်သာယာဘူတာကြီးက အခုဆို အားလုံးနီးပါးပြီးစီးနေပါပြီ။ ပလက်ဖောင်း၊ နားနေဆောင်၊ ရုံပိုင်ကြီးခန်း၊ လက်မှတ်ရောင်းခန်း၊ စုံစမ်းရေးခန်း၊ ခရီးသည်နားနေခန်းစတဲ့ အပိုင်းတွေက အားလုံးနီးပါးပြီးနေပါပြီ။ ဘူတာယာဒ်ဝန်းအနေနဲ့ ဧရိယာဧက ၁၄၄ ဒသမ ၆ ဧကပေါ်မှာ တည်ဆောက်ထားတာဖြစ်ပါတယ်။ ရာခိုင်နှုန်းအားလုံးနီးပါးပြီးစီးသွားပါပြီ။ ဖွင့်ဖို့ပဲ ကျန်တော့တာပါ။ ဒီဘူတာကြီးက နောက်ဆို မော်လမြိုင်ဘူတာကြီးလို အဆင့်မီတဲ့ ဘူတာကြီးတစ်ခုဖြစ်လာမှာဖြစ်ပါတယ်" ဟု ၎င်းက ထပ်မံရှင်းပြသည်။

**တည်ဆောက်**

လှိုင်သာယာ ဘူတာကြီးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က စတင်တည်ဆောက်ခဲ့ပြီး ဇွန်လဆန်းပိုင်းတွင် ပြီးစီးခဲ့သည်။ ဘူတာကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိပြည်သူများ အဓိကအားထားအသုံးပြုရမည်ဖြစ်သဖြင့် မော်လမြိုင်ဘူတာကြီးကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်းနှင့် ယခုပထမအဆင့်အနေဖြင့် အလျားပေ ၁၂၀၊ အနံပေ ၅၀ ရှိ အာရ်စီတစ်ထပ်ကို ရွှေတောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**အဆင်ပြေ**

လှိုင်သာယာ ဘူတာကြီးသည် လှိုင်သာယာ အဝေးပြေးကွင်း၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး အကွာအဝေးအားဖြင့် လေးဖာလုံသာကွာဝေးသည်။ အဆိုပါဘူတာကြီးသည် ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန်၊ ကုန်စည်စီးဆင်းမှုလွယ်ကူစေရန်နှင့် ကျေးလက်နေ ပြည်သူများ ခရီးသွားလာရာတွင် ကုန်ကျစရိတ် သက်သာစေရန် ရည်ရွယ်လုပ်ဆောင်ထားသည့် ဘူတာကြီးဖြစ်၍မကြာမီ ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူများ ရန်ကုန်မြို့သို့ သွားလိုလျှင် ရေလမ်းနှင့်မော်တော်ကားလမ်းတို့မှသာမက မီးရထားဖြင့်ပါရန်ကုန်မြို့သို့ သွားနိုင်တော့မည်ဖြစ်သည်။

## ဦးခေါင်းနှစ်လုံးပါ နွားကလေး ပင်လယ်ကြီးကျေးရွာတွင် မွေးဖွား

**စဉ့်ကူး စက်တင်ဘာ ၁၉**

စဉ့်ကူးမြို့နယ်တွင် ထူးခြားစွာ တွေ့ခဲ့လှသည့် ဦးခေါင်းနှစ်လုံးပါနွားကလေး တစ်ကောင်ကို ပင်လယ်ကြီးကျေးရွာ တောင်ယာစိုက်ခင်းလုပ်ကိုင်သူ ဦးစံလှနေအိမ်တွင် မိခင်နွားမကြီးက မွေးဖွားကြောင်း သိရသည်။

"ဒီနွားမကြီးက ဒီတစ်သားနဲ့ဆို သုံးသားရှိသွားပြီ။ သုံးသားမြောက်မှာ ဒီခေါင်းနှစ်လုံးပါနွားကလေးထူးထူးဆန်းဆန်းမွေးဖွားပြီး အံ့ဩဖို့ကောင်းပါတယ်။ မွေးစကတော့ အသက်ရှင်လျက်ရှိပါတယ်။ ကျွန်တော့်အထင်တော့ လမစေ့ဘဲ မွေးတာဖြစ်လို့ မွေးပြီးမကြာခင်မှာ သေသွားတာဖြစ်နိုင်တယ်" ဟု ဦးစံလှက ပြောပြသည်။

အဆိုပါ နွားကလေးသည်နွားထီးကလေးဖြစ်ပြီး ခေါင်းနှစ်လုံးနှင့် ဘို့နှစ်လုံးပါရှိပြီး အခြားနွားများကဲ့သို့ အင်္ဂါများစုံလင်စွာပါရှိကြောင်း သိရသည်။ အဆိုပါ ခေါင်းနှစ်လုံးပါ ထူးဆန်းသည့်နွားကလေးကို စဉ့်ကူးမြို့မှ ဦးမျိုးကျော်က ပိုင်ရှင်ထံမှ ငွေကျပ် ၃၀၀၀၀ ဖြင့် ပေးချေဝယ်ယူသွားကြောင်း သိရသည်။

(၄၃၃)

**အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့**


# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

လန်ဒန်အခြေစိုက် ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းဖြစ်သည့် World Finance မှ ၂၀၁၃ခုနှစ်အတွက် Best Commercial Bank in Myanmar (2013) ဆုနှင့် Best Banking Group in Myanmar(2013) ဆုများကို (KBZ Bank Ltd.) မှ ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးမြင့်ဝေ**

**လွင်မိုး၊ ခွန်နောင်မြင့်ဝေ၊ နောင်ခွန်မြင့်ဝေ**

**(ဝမင်း ကုမ္ပဏီများအုပ်စု)**

ပြည်တွင်းသတင်း

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါ အချက်များကို ငါး/ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

၁။ မွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားရန်။

၂။ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဆန်ခါပိုက်များဖြင့် ကာရံထားရန်။

၃။ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားရန်။

၄။ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်။

၅။ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်။

၆။ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားရန်။

၇။ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်။

၈။ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့် နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်။

၉။ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်ဂျာနယ်များတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်။

၁၀။ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း

**၁၉-၉-၂၀၁၃ ရွှေဈေး** (ရွှေလုပ်ငန်းရှင်များအသင်း)

ရန်ကုန်ရွှေဈေး တစ်ကျပ်သား ၇၀၇၀၀၀-၆၆၅၄၀၀

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (ပြင်ပငွေလဲပေါက်ဈေး)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၂ - ၉၇၉ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၀၈-၁၃၂၅ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၇-၇၈၇ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀. ၈-၃၁ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅-၁၅. ၄၈ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၆၀-၁၆၅ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇-၃၀၂ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (ရန်ကုန်မြို့စက်သုံးဆီအရောင်းဆိုင်များ)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၄၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၁၈၀၀-၃၀၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၀၀၀-၇၀၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀-၆၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၉၀၀၀-၂၈၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၁၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | | |
|---|---|---|---|
| ၁။ | နွေဆန် | တစ်အိတ် | ၁၇၈၀၀ |
| ၂။ | ပေါ်ကျွဲ | တစ်အိတ် | ၂၁၀၀၀ |
| ၃။ | ပေါ်ဆန်း | တစ်အိတ် | ၂၄၀၀၀-၂၈၀၀၀ |
| ၄။ | မြေပဲဆီ | တစ်ပိဿာ | ၃၅၀၀ |
| ၅။ | စားအုန်းဆီ | တစ်ပိဿာ | ၁၅၁၀ |
| ၆။ | ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၆၃၀-၈၂၀ |
| ၇။ | ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၉၀၀ |
| ၈။ | ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၂၂၅-၁၃၀၀ |
| ၉။ | အာလူး (အောင်ပန်း) | တစ်ပိဿာ | ၃၃၀-၄၇၀ |
| ၁၀။ | ငရုတ်ရှည် (ဝါးခယ်မ) | တစ်ပိဿာ | ၂၂၅၀-၂၃၀၀ |
| ၁၁။ | ငရုတ်ပွ (ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၀၀၀ |
| ၁၂။ | သကြား | တစ်ပိဿာ | ၉၇၀-၁၀၆၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ဆိုင်-စေ့ငုတင်ပြသည်။

## အလုပ်ရှင်အမျိုးသမီးအားရိုက်နှက်၍ တိမ်းရှောင်သွားခဲ့သူကို ဖမ်းဆီးရမိ

**မော်လမြိုင် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ရော်ဘာခြံပိုင်ရှင် အလုပ်ရှင် အသက်(၄၂နှစ်)အရွယ်ရှိ အမျိုးသမီးတစ်ဦးကို ရိုက်နှက်သေဆုံးမှုဖြင့် တိမ်းရှောင်နေသူကို မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် ပြည်နယ်မှုခင်းအကူဌာနမှ ဒုတိယရဲအုပ်စည်သူကျော်နှင့်အဖွဲ့ လှိုင်နယ်မြေ မြေနီကုန်း ကားဝင်းတာဝန်ကျ ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်မြင့်စိုး၊ ရဲတပ်ကြပ်အောင်ကိုဇော်တို့အဖွဲ့က စက်တင်ဘာ ၁၅ ရက်က မော်လမြိုင်မြို့ မြေနီကုန်း ကားဝင်းအတွင်း ဧရာဝတီတိုင်းဒေသကြီး အောင်တံခွန်တိုင်းအုပ်စု တိုက်ကြီးကုန်းကျေးရွာနေ မောင်မျိုးဝင်း(ခ) နိုင်ဝင်းအောင်(၂၄ နှစ်)အား ရှစ်ရက်အတွင်း ဖမ်းဆီးရမိလိုက်သည်။

ဖမ်းဆီးခံရသူ မောင်မျိုးမင်း(ခ) နိုင်ဝင်းအောင်သည် စက်တင်ဘာ ၇ ရက် ညနေ ၅နာရီက ရော်ဘာခြံပိုင်ရှင် ရေးမြို့နယ် ရန်ကြီးအောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်စန်း(ခ)မကျားက အိမ်နောက်ဖေး မီးဖိုချောင်တွင် ပန်းကန်ဆေးနေစဉ် အသင့်ကိုင်ဆောင်လာသည့်တုတ်ဖြင့် ခြောက်ချက်၊ ခုနစ်ချက်ရိုက်လိုက်ရာ ပွဲချင်းပြီး သေဆုံး၍ ရိုက်သူက လက်လွတ်ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ရိုက်နှက်သူ မောင်မျိုးမင်း(ခ) နိုင်ဝင်းအောင်သည် သေဆုံးသူ၏ ရော်ဘာခြံတွင် တစ်လလျှင် စရိတ်ငြိမ်း ငွေကျပ် ရှစ်သောင်းဖြင့် အလုပ်လုပ်ကိုင်ခဲ့ရာတွင် သေဆုံးသူ ဒေါ်ခင်စန်း(ခ)မကျားက အလုပ်သမားချင်း အတူတူ ခွဲခြားဆက်ဆံသဖြင့် မကျေနပ်၍ အလုပ်ရှင်ကို ရက်စက်စွာ ရိုက်နှက်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဖမ်းဆီးရမိသူ မောင်မျိုးမင်း(ခ) နိုင်ဝင်းအောင် (၂၄ နှစ်)ကို ရေးမြို့မ ရဲစခန်းက စစ်ဆေးမှုများပြုလုပ်ကာ အမှုဖွင့်အရေးယူဆောင်ရွက်ပြီး ပြစ်မှုကျူးလွန်သူက စက်တင်ဘာ ၁၇ ရက်တွင် ရေးမြို့နယ် တရားသူကြီး ဦးအောင်မြင့်ထံ ဖြောင့်ချက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ၁၅ ရက်အတွင်း ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု ကိုးမှုရှိ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီအောက်ရှိ ယာဉ်လိုင်းများ၏ စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အတွင်း ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားမှုအကြောင်းအရင်းများမှာ စုစုပေါင်း ကိုးမှုရှိနေကြောင်း စက်တင်ဘာ ၁၈ ရက်က ကျင်းပသော မထသ(ဗဟို) မီဒီယာ တွေ့ဆုံပွဲမှ ထုတ်ပြန်ချက်အရ သိရ သည်။

ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ ဖြစ်ပွားမှု အခြေပြစာရင်းများအရ မထသ(ရန်ကုန်တိုင်းဒေသကြီး) တွင် လမ်းဖြတ်ကူးသူကို တိုက်မိမှု သုံးမှု၊ ဆိုင်ကယ်မှဝင်တိုက်မှု တစ်မှု၊ မထသ(အနောက်ပိုင်းခရိုင်)တွင် လမ်းဖြတ်ကူးသူအား တိုက်မိမှု တစ်မှု၊ မထသ(တောင်ပိုင်းခရိုင်)တွင် ယာဉ်ပေါ်မှ ပြုတ်ကျသေဆုံးမှု တစ်မှု၊ မထသ(မြောက်ပိုင်းခရိုင်)တွင် ယာဉ်အတက်/အဆင်းပေါက်မှ ပြုတ်ကျဒဏ်ရာရမှု တစ်မှု၊ ရှေ့ကားရှောင်၍ တိုက်မှုတစ်မှု၊ ရွှေရန်ကုန်ခရီးသည်တင်ယာဉ်လိုင်းတွင် လမ်းဖြတ်ကူးသူအား တိုက်မှု တစ်မှု စုစုပေါင်းကိုးမှုတို့ ရှိနေကြောင်းသိရသည်။

**စိုးဝင်း(SP)**

**ပျောက်ဆုံး**

ကျွန်မ မပန်လေးသီ ၁၀/သထန(N)၁၇၁၁၁၀၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၀၀၄၉၆၁

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနရှိ အောက်ဖော်ပြပါမြို့နယ်များတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ဖြစ်ပါသည်။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်း မီးသတ်ဦးစီးဌာနများတွင် တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများစာရင်း**

(က) တောင်ကြီးခရိုင် ၂ယူနစ် နှစ်ထပ်မီးသတ်စခန်း (၁)လုံး၊ ၂ယူနစ်မီးသတ်စခန်း (၁)လုံး၊ လေးခန်းတွဲဝန်ထမ်းနေအိမ်(၂)လုံး
(ခ) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ၂ယူနစ်မီးသတ်စခန်း(၁)လုံး၊ ၃ယူနစ်မီးသတ်စခန်း(၂)လုံး၊ လေးခန်းတွဲ ဝန်ထမ်းနေအိမ်(၃)လုံး၊ မြေကြီးလုပ်ငန်း (၁)ခု
(ဂ) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ၃ယူနစ်မီးသတ်စခန်း(၁)လုံး၊ လေးခန်းတွဲ ဝန်ထမ်းနေအိမ်(၂)လုံး
(ဃ) လွိုင်လင်ခရိုင်၊ ၃ ယူနစ်မီးသတ်စခန်း (၁)လုံး
(င) လင်းခေးခရိုင်၊ ၂ယူနစ်မီးသတ်စခန်း(၁)လုံး၊ ၃ ယူနစ်မီးသတ်စခန်း (၂)လုံး၊ လေးခန်းတွဲဝန်ထမ်းနေအိမ်(၃)လုံး
(စ) တာချီလိတ်ခရိုင်၊ ၃ ယူနစ်မီးသတ်စခန်း (၁)လုံး၊ လေးခန်းတွဲဝန်ထမ်းနေအိမ်(၁)လုံး၊ မြေကြီးလုပ်ငန်း(၁)ခု
(ဆ) ကျိုင်းတုံခရိုင်၊ နှစ်ခန်းတွဲ သုံးထပ်ဝန်ထမ်းနေအိမ် (၁)လုံး
(ဇ) မိုင်းဆတ်ခရိုင်၊ အရာရှိနေအိမ် (၁)လုံး
(ဈ) လားရှိုးခရိုင်၊ ၃ ယူနစ်မီးသတ်စခန်း (၁)လုံး

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့် အဆောက်အအုံ အသေးစိတ်ကို ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၈၁-၂၁၂၁၆၇၁သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပိတ်ရက် ၂-၁၀-၂၀၁၃ ဖြစ်သည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**တောင်ကြီးမြို့**

## အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Computer Dell(Branded) | 7 Nos |
| (ခ) | UPS (1250 KVA) Power Tree | 10 Nos |
| (ဂ) | Laser Jet Printer (A4) | 5 Nos |
| (ဃ) | Inkjet Color Printer (A4) | 1 No |
| (င) | သံမဏိဗီရို | 13 Nos |
| (စ) | ခုတင်(အရာရှိခုတင်) | 10 Nos |
| (ဆ) | ခုတင်(အမှုထမ်းခုတင်) | 33 Nos |
| (ဇ) | Table (အလျား ၅'×အနံ၃' အရာရှိစားပွဲ) | 20 Nos |
| (ဈ) | Table (အလျား ၅'×အနံ၃' အမှုထမ်းစားပွဲ) | 25 Nos |
| (ည) | Arm Chair အရာရှိထိုင်ခုံ | 10 Nos |
| (ဋ) | Armless Chair အမှုထမ်းထိုင်ခုံ | 26 Nos |
| (ဌ) | HP Everday Paper A4 80 g/$m^2$ | 2500 Nos |
| (ဍ) | Canon/ Sharp/ Fuji Xerox Copier Toner | 80 Nos |
| (ဎ) | Canon/Fuji Xerox/HP Printer Cartridge | 360 Nos |

၂။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၂၀-၉-၂၀၁၃ ရက်မှ ၂၇-၉-၂၀၁၃ ရက်အထိ ရုံးအမှတ် ၃၂၊ နေပြည်တော်နှင့် ခြံအမှတ် ၁၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်တွင် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁-၁၀-၂၀၁၃ရက် မွန်းတည့် ၁၂နာရီမှ ၁၄နာရီအတွင်း ရုံးအမှတ် ၃၂၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၁၂၅နှင့် ၀၆၇-၄၀၆၁၆၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် ၃၂၊ နေပြည်တော်**

## အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၃ခုနှစ် တရားမပထမအယူခံမှုအမှတ်-၄၇**

| | | |
|---|---|---|
| ၁။ ဒေါ်လှလှ | **နှင့်** | ၁။ ဒေါ်ရင်မေ |
| ၂။ ဒေါ်အေးမိစံ | | ၂။ ဦးကျော်ညွှန့် |
| ၃။ ဒေါ်ဌေးရီ | | ၃။ ဦးမြင့်အောင် |
| ၄။ ဒေါ်ခင်ဝင်းကြည် | | ၄။ ဒေါ်စန္ဒာစိုး |
| ၅။ ဦးဝင်းထိန် | | |
| ၆။ ဦးသိန်းဝင်း | | |
| ၇။ ဒေါ်သီတာ | | |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

၂၀၁၃ခုနှစ် မေ ၃၁ရက်စွဲပါ ပဲခူးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၆/၂၀၁၁၏ စီရင်ချက်နှင့် ဒီကရီအယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်(၃) ဦးမြင့်အောင်နှင့် အယူခံတရားပြိုင်(၄) ဒေါ်စန္ဒာစိုး(အတူနေဇနီးမောင်နှံ)၊ သွင်ထူးလက်ဖက်ရည်ဆိုင်၊ အမှတ်(၂၂)၊ မင်္ဂလာလမ်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ပဲခူးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်ဒီကရီကို အယူခံတရားလိုများက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းရေးသွင်း၍ ဤအယူခံမှုကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မျက်ကွယ်တွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသောအချိန်အတွင်း ဤကဲ့သို့ သင်တို့ကကန့်ကွက်လိုကြောင်း ဤအယူခံတော်တွင် အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**ယဉ်ယဉ်ဟန်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရက်ပေါင်း ၈၁ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွဲ

## ဆီးဂိမ်းအချက်အလက် အွန်လိုင်းမှလေ့လာနိုင်ပြီး အောက်တိုဘာမှစတင်၍ ရန်ကုန်၊ ပုသိမ်၊ ငွေဆောင် အင်တာနက် သုံးနိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွင်း ပြိုင်ပွဲ ပွဲစဉ်များနှင့် အားကစားသမားများ၏အကြောင်း သိရှိစေနိုင်ရန်အတွက် SEA Games Web Portal ကို ကြိုတင်ပြင်ဆင်ထုတ်လွှင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။

အင်တာနက်လိုင်းချိတ်ဆက်မှုများအတွက် Redlink မှ မြို့ကြီးသုံးမြို့၌ WiFi Service အခမဲ့ချိတ်ဆက်ပေးသွားမည်ဖြစ်ကာ အောက်တိုဘာလအတွင်း စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်၊ ပုသိမ်၊ ငွေဆောင်တို့မှာ ကျွန်တော်တို့ Free WiFi Service တွေရဖို့ စီစဉ်ထားတယ်။ ရန်ကုန်နဲ့ ပုသိမ်မှာတော့ မြန်မာ့ဆက်သွယ်ရေးကနေ Main Switch နဲ့ main band with ကို တာဝန်ယူပေးမှာဖြစ်ပါတယ်"ဟု Redlink မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လက်ရှိ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လိုအပ်သည့် အင်တာနက်ဆက်ကြောင်းဆိုင်ရာ တပ်ဆင်မှုလုပ်ငန်းအပိုင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုလကုန်ပိုင်း၌ ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် SEA Games Web Portal Service ၌ အားကစားပြိုင်ပွဲပြုလုပ်မည့် အချိန်စာရင်းများ၊ ပြိုင်ပွဲရလဒ်များကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးနိုင်ရန်နှင့် အားကစားသမားများ၏ ကိုယ်ရေးအချက်အလက်များကိုလည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း Redlink မှ သိရှိရသည်။ ဆီးဂိမ်းအတွက် အင်တာနက်စာမျက်နှာ၌ အကြိုပြိုင်ပွဲများရလဒ်နှင့် ပြင်ဆင်နေမှုများ၊ အားကစားအမျိုးအစားများ၊ ပြိုင်ပွဲလှုံ့ဆော်ရေးတေးသီချင်းများ၊ ပြိုင်ပွဲသတင်းများနှင့် ဆီးဂိမ်းကြိုတင်ပြင်ဆင်နေမှုဓာတ်ပုံများကို လက်ရှိတွင် www.27 seagames 2013 .com ၌ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြပြီ ဖြစ်ကြောင်းသိရသည်။ **ခင်ရတနာ**

## ဖားကန့်တွင် မိုင်းနင်းမိ၍ အမျိုးသမီးနှစ်ဦးဒဏ်ရာရ

**ဖားကန့် စက်တင်ဘာ ၁၉**

ဖားကန့်မြို့နယ် ကံဆီးကျေးရွာအလွန် ဥရုချောင်းတစ်ဖက်ကမ်း ဂေါက်ကွင်းနှင့် ဥရုချောင်းကြားရှိ ပွိုင့် ၅၀၀ တောင်ကုန်းအနီးတွင် စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီက မျှစ်ချိုးသွားသော အမျိုးသမီးနှစ်ဦး မိုင်းနင်းမိခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ကံဆီးကျေးရွာမှ ဒေါ်လုတောင်(၆၀နှစ်)နှင့် ဒေါ်အင်ဂျာကော့တောင် (၅၅ နှစ်)တို့နှစ်ဦးသည် မျှစ်ချိုးရန် ဥရုချောင်းတစ်ဖက်ကမ်း ဂေါက်ကွင်းနှင့် ဥရုချောင်းဘေးရှိ ပွိုင့် ၅၀၀ တောင်ကုန်းအနီးသို့ ရောက်ရှိစဉ် ကေအိုင်အေအဖွဲ့မှ ထောင်ထားသော ဒေသန္တရ နင်းမိုင်းတစ်လုံး နင်းမိ ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့်ဒေါ်လုတောင်၏ ဘယ်ခြေသလုံးအရိုးကျိုး၊ ဘယ်/ညာ ခြေသလုံးကြွက်သားများ မိုင်းစထိမှန်(မစိုးရိမ်ရ)၊ ဒေါ်အင်ဂျာကော့တောင်၏ ညာခြေသလုံးအရိုးကျိုး ဘယ်/ညာခြေသလုံး ကြွက်သားများ မိုင်းစထိမှန်(မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သည်။ **(ဓါတ်ပုံ)**

ဒဏ်ရာရသူများကို ရှေ့တန်းယာယီတပ်ရင်းမှူး ဗိုလ်မှူးရန်နိုင်စိုးဦးစီး၍ ဆေးတပ်သား ဒုတပ်ကြပ်ရဲရင့်အောင်က လိုအပ်သော ဆေးဝါးကုသပေးခဲ့ပြီး မော်တော်ယာဉ်နှစ်စီးဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ ညနေ ၆ နာရီခွဲတွင် ရောက်ရှိခဲ့သည်။ ဆေးရုံမှ လိုအပ်သောဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ပြီးနောက် စက်တင်ဘာ ၁၈ ရက်က မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

လူနာများကို ရှေ့တန်း တပ်မမှူးနှင့် ယာယီတပ်ရင်းမှူးတို့က သွားရောက်ကြည့်ရှုကာ လိုအပ်သော ထောက်ပံ့မှုများကို ကူညီဆောင်ရွက်ပေးခဲ့ပြီး လူနာတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပီကေ**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးပြီး မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်ရှိ လမ်းများနှင့် နေအိမ်များအတွင်း ရေများဝင်ရောက်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စက်တင်ဘာ ၁၉ ရက်က လှေဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ကြစဉ်။ ခိုင်စိုးလင်း(မကွေးကိုယ်ပွား)

နိုင်ငံတကာအားကစားသတင်း

# အိမ်ကွင်းမှာအောင်ပွဲခံတေးကို ဟစ်ကြွေးမယ့် လီဗာပူး

**မိုးမြင့်လင်းလက်**

**ပရီမီယာလိဂ်ပွဲစဉ်(၅)ကို စက်တင်ဘာ ၂၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်တာမို့ တန်းစီဇယားထိပ်က လီဗာပူးတို့အိမ်ကွင်းမှာ ဆောက်သမ်တန်ရဲ့ ပြင်းထန်တဲ့ တုံ့ပြန်မှုတွေကို ကြုံတွေ့ရပါလိမ့်မယ်။ ဒါ့အပြင် ချယ်လ်ဆီးတို့ကလည်း အိမ်ကွင်းဧည့်ခံရမှာမို့ ဖူလ်ဟမ်ကို ဘယ်လိုပုံစံမျိုးနဲ့ အိမ်ပြန်လွှတ်မလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။**

**လီဗာပူးနှင့် ဆောက်သမ်တန်**

သမိုင်းစာမျက်နှာမှာတော့ လီဗာပူးနဲ့ဆုံတိုင်း ဆောက်သမ်တန်တို့ နိုင်ပွဲရလေ့မရှိပါဘူး။ အိမ်ကွင်းမှာ လီဗာပူးတို့ ကောင်းကောင်းဖိအားပေးပြီး အနိုင်ရအောင် ကြိုးစားနိုင်ခဲ့ပါတယ်။ ရှုံးပွဲမရှိသေးတဲ့ လီဗာပူးဟာ ဒီဂုဏ်ဒြပ်ကို ဆောက်သမ်တန်နဲ့ပွဲမှာလည်း ဆက်လက်ထိန်းသွားမှာတာမို့ ဒီစကားကလက်တွေ့မှာလည်း အကောင်အထည်ပေါ်လာဖို့ ရှိနေပါတယ်။

**နယူးကာဆယ်နှင့် ဟားလ်စီးတီး**

နယူးကာဆယ် ကွင်းမှာတော့ ရှုံးတစ်လှည့်၊ နိုင်တစ်လှည့်ဖြစ်နေတဲ့ အသင်းတွေဖြစ်ပါတယ်။ ဟားလ်စီးတီးတို့ ဒီနှစ်မှာ ခြေစွမ်းတည်ငြိမ်မှု မရှိသေးသလို နယူးကာဆယ်တို့ကလည်း နားလည်မှုတွေ လွဲချော်နေဆဲပါပဲ။ နယူးကာဆယ်ဟာ အိမ်ကွင်းဆိုတဲ့ အားသာချက်နဲ့ ဟားလ်စီးတီးကို ခြေကုန်ထုတ်ပြီး ရလဒ်ကောင်းအောင် ကြိုးစားမှာမို့ အိမ်ရှင်ပရိသတ်တွေ ပြုံးနိုင်ပျော်နိုင်မယ့်ပွဲဖြစ်နိုင်ပါတယ်။

**ဝက်စ်ဘရွန်းနှင့် ဆန်းဒါးလန်း**

ဒီနှစ်သင်းစလုံးကတော့ အမှတ်ရအောင် ကိုယ်စီကြိုးစားကြပါလိမ့်မယ်။ ဒါပေမယ့် ဆန်းဒါးလန်းနဲ့ဆုံတိုင်း ဝက်စ်ဘရွန်းတို့ နိုင်ပွဲရအောင် ကစားနိုင်ပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းဟာ ဒီနှစ်ဘောလုံးရာသီမှာ တိုက်စစ်ခြေစွမ်း ကျဆင်းနေတာမို့ ဒီပွဲမှာ ဆန်းဒါးလန်းကို ဂိုးသွင်းနိုင်ပါ့မလား စိုးရိမ်စရာပါ။ ဒါပေမယ့် အမှတ်ရယူဖို့ ပြင်ဆင်မယ့်အိမ်ရှင်ကိုပဲ ယုံကြည်ရမှာဖြစ်ပါတယ်။

**ဝက်စ်ဟမ်းနှင့် အဲဗာတန်**

ဝက်စ်ဟမ်းဟာ အဓိက ကစားသမားအစုံအလင်နဲ့ ပွဲမထွက်နိုင်ရင်တော့ အမှတ်လိုအပ်နေတဲ့ အဲဗာတန်ရဲ့ သင်ခန်းစာပေးမှုကို ခံစားသွားရနိုင်ပါတယ်။

ဖြစ်ပါတယ်။ ဟန်ချက်ညီအောင် ကစားနိုင်နေတဲ့ လီဗာပူးဟာ ဆောက်သမ်တန်ကွင်းမှာ ရှုံးခဲ့တဲ့ အကြွေးကို ဒီပွဲမှာ ပြန်ဆပ်မှာ သေချာပါ တယ်။

**ချယ်လ်ဆီးနှင့် ဖူလ်ဟမ်**

ချယ်လ်ဆီးဟာ အိမ်ကွင်းမှာ လက်ခံကစားတိုင်း အကြိတ်အနယ် ကစားခဲ့ရတာချည်းပါပဲ။ စတန်းဖို့ဒ်ဘရစ်ကွင်းမှာ သရေပွဲများလေ့ရှိတဲ့ အစဉ်အလာကို ဒီပွဲမှာချယ်လ်ဆီးတို့ ချေဖျက်နိုင်မလား ကြည့်ရမှာပါ။ ဒီနှစ်ခြေစွမ်းပိုင်းနဲ့ ကစားသမား စုစည်းမှု အပိုင်းမှာတော့ ချယ်လ်ဆီးတို့က သာလွန်နေပါတယ်။ ချယ်လ်ဆီး နည်းပြ မော်ရင်ဟိုကတော့ ဒီပွဲဟာ အနိုင် သုံးမှတ်သေချာစေရမယ်လို့ ကစားသမားတွေကို တွန်းအားပေး

## ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၅) ရပ်တည်မှု (သီဟ)

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ဒေါ့မွန် | ၅ | ၅ | ၀ | ၀ | ၁၅ | ၄ | ၁၅ |
| ၂ | ဘိုင်ယန်မြူးနစ် | ၅ | ၄ | ၁ | ၀ | ၉ | ၂ | ၁၃ |
| ၃ | လေဗာကူဆင် | ၅ | ၄ | ၀ | ၁ | ၁၁ | ၆ | ၁၂ |
| ၄ | ဟန်နိုဗာ | ၅ | ၃ | ၀ | ၂ | ၈ | ၇ | ၉ |
| ၅ | မိန့်ဇ် | ၅ | ၃ | ၀ | ၂ | ၈ | ၈ | ၉ |
| ၆ | အော့စ်ဘတ် | ၅ | ၃ | ၀ | ၂ | ၅ | ၇ | ၉ |
| ၇ | ဟော်ဖန်ဟိမ်း | ၅ | ၂ | ၂ | ၁ | ၁၄ | ၁၃ | ၈ |
| ၈ | ဟာသာဘာလင် | ၅ | ၂ | ၁ | ၂ | ၉ | ၆ | ၇ |
| ၉ | ရှော်လ်ကေး | ၅ | ၂ | ၁ | ၂ | ၇ | ၉ | ၇ |
| ၁၀ | စတုဂတ် | ၅ | ၂ | ၀ | ၃ | ၁၀ | ၈ | ၆ |
| ၁၁ | ဂလက်ဘတ် | ၅ | ၂ | ၀ | ၃ | ၁၁ | ၁၀ | ၆ |
| ၁၂ | ဝုဖ်ဘတ် | ၅ | ၂ | ၀ | ၃ | ၇ | ၇ | ၆ |
| ၁၃ | ဖရန့်ဖတ် | ၅ | ၂ | ၀ | ၃ | ၇ | ၉ | ၆ |
| ၁၄ | ဝါဒါဘရီမင် | ၅ | ၂ | ၀ | ၃ | ၃ | ၈ | ၆ |
| ၁၅ | ဟမ်းဘတ် | ၅ | ၁ | ၁ | ၃ | ၁၀ | ၁၅ | ၄ |
| ၁၆ | နူရင်ဘတ် | ၅ | ၀ | ၃ | ၂ | ၅ | ၈ | ၃ |
| ၁၇ | ဖရိုင်းဘတ် | ၅ | ၀ | ၂ | ၃ | ၇ | ၁၁ | ၂ |
| ၁၈ | ဘရန့်ရှဝိန်း | ၅ | ၀ | ၁ | ၄ | ၂ | ၁၀ | ၁ |

## ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၅)အပြီး ဂိုးသွင်းအများဆုံးစာရင်း

| အမည် | အသင်း | ဂိုး |
|---|---|---|
| အူဘာမီယန် | ဒေါ့မွန် | ၅ |
| အိုင်ဘီစီဗစ် | စတုဂတ် | ၅ |
| နီကိုလိုင်မူလာ | မိန့်ဇ် | ၅ |
| ကိစ်စလင်း | လေဗာကူဆင် | ၄ |
| ဆစ်နီဆမ်း | လေဗာကူဆင် | ၄ |
| မိုဒက်စတီ | ဟော်ဖန်ဟိမ်း | ၄ |
| လီဝမ်ဒေါ်စကီး | ဒေါ့မွန် | ၄ |
| ကီဗင်ဗိုးလန် | ဟော်ဖန်ဟိမ်း | ၄ |
| မန်ဇူကစ် | ဘိုင်ယန်မြူးနစ် | ၃ |
| အယ်လာဂီ | ဟာသာဘာလင် | ၃ |

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ် ရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| ချယ်လ်ဆီး | ၁-၂ | ဘေဆယ် | ဝီအန် | ၀-၁ | ပေါ်တို |
| မာဆေး | ၁-၂ | အာဆင်နယ် | အေစီမီလန် | ၂-၀ | ဆဲလ်တစ် |
| အက်သလက်တီကို | ၃-၁ | ဇင်းနစ် | ဘာစီလိုနာ | ၄-၀ | အေဂျက် |
| ရှော်လ်ကေး | ၃-၀ | စတူအာဘူခါရက် | နာပိုလီ | ၂-၁ | ဒေါ့မွန် |

## ပလာတနီ ဖီဖာဥက္ကဋ္ဌဖြစ်လာနိုင်

ယူအီးအက်ဖ်အေ ဥက္ကဋ္ဌမိုက်ကယ်ပလာတနီက ၎င်းအနေဖြင့် လာမည့်နှစ်အစောပိုင်းတွင် ဖီဖာဥက္ကဋ္ဌလုပ်ရေးကိစ္စအတွက် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားကျင်းပစဉ် သို့မဟုတ် ကျင်းပပြီးနောက်တွင် ဖီဖာဥက္ကဋ္ဌလုပ်ရန် ဆုံးဖြတ်မည်ဟုဆိုသည်။ ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာသည် ၂၀၁၅ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ပလာတနီအနေဖြင့် အသက် ၇၇ နှစ်အရွယ်ရှိ ဆပ်ဘလတ္တာ၏နေရာတွင် အစားထိုးတာဝန်ယူရန် ကာလအတန်ကြာကပင် စဉ်းစားနေခဲ့သည်။

## တိုက်ဂါးဝုဒ်ခြောက်လုံးမြောက်ဖလား မျှော်မှန်း

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ယခုသီတင်းပတ်ရာသီကုန် တိုးချန်ပီယံရှစ်ပြိုင်ပွဲတွင် ထိပ်ဆုံးမှဦးဆောင်ကစားမည်ဖြစ်သည်။ ကမ္ဘာ့ထိပ်တန်း ဂေါက်သီးကစားသမားများသာ ယှဉ်ပြိုင်ခွင့်ရသည့် Fed Ex Cup ဖလားပြိုင်ပွဲကို အတ္တလန္တာ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ တိုက်ဂါးဝုဒ်အနေဖြင့် ယခုနှစ်ရာသီအတွင်း ခြောက်လုံးမြောက် ဆုဖလား ဆွတ်ခူးရန် မျှော်လင့်ထားသည်။ တိုက်ဂါးဝုဒ်သည် ယခုနှစ်အတွင်း PGA ဖလားငါးလုံး ဆွတ်ခူးထားသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်၊ ကွင်းအမှတ် ၁၅၅၉၊ ထနောင်းခါးလုကွင်း၊ ဦးပိုင်အမှတ် ၃၃/၁၊ ဧရိယာ ၆ဒသမ၉၀(၃၃/၂)၊ ဧရိယာ ၅ ဒသမ၃၀ (၃၃/၄)၊ ဧရိယာ ၄ ဒသမ၂၉ (၃၃/၄)၊ ဧရိယာ ၆ဒသမ၂၃ဧကများသည် ညောင်ဦးမြို့နယ်၊ ဂန့်ဂါရပ်ကွက်နေ ဦးမောင်သောင်း၏သား ဦးတင်မြိုင် ၉/ညဥန(နိုင်)၀၈၅၉၆၇ထံမှ ကျွန်မ ဒေါ်ခိုင်မဋ္ဌုလတ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဂန့်ဂါရပ်ကွက်၊ ညောင်ဦးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်ခိုင်မဋ္ဌုလတ်**
**၁၂/ဗဟန(နိုင်)၀၀၀၉၄၀**

## အမည်ပြောင်း

ဦးမြင့်သိန်း၏သမီး ဗန်းမော်မြို့ အထက-၁၊ Grade-11(C) မှ မရှမ်းနူးအား မသျှန်းနူးဟု ပြောင်းလဲခေါ်ပါရန်။

**မသျှန်းနူး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဘုရင့်နောင်)၊ မြေကွက်အမှတ် ဈ/၃၇(ဘီ)၊ အကျယ်အဝန်း ပေ၂၀×ပေ၆၀ရှိ ၂၅နှစ်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ဈ/၃၇(ဘီ)၊ ခတ္တာလမ်း၊ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေညီထပ်တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မျိုးကြည်(ခ)မပေါက်စ ၁၂/ကတတ(နိုင်)၀၀၃၅၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၆-၇-၂၀၁၃ရက်တွင် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ချို (စဉ်-၆၃၂၀) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၆၆၊ နတ်ရှင်နောင်လမ်း၊ ၁ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

**စတားယူနတီဂရုကုမ္ပဏီလီမိတက်နှင့် ပတ်သက်သောသူများသိစေရန်-**

စတားယူနတီဂရုကုမ္ပဏီလီမိတက်၏ ၂၉-၇-၂၀၁၃ရက် နံနက် ၉း၄၅နာရီတွင်ကျင်းပသော အစည်းအဝေး(စုံညီ)ဆုံးဖြတ်ချက်အရ ရှယ်ယာရှင်နှစ်ဦးဖြစ်သော ဦးတင်ကိုကို ၁၄/မအပ(နိုင်)၁၅၉၁၃၂နှင့် ဒေါ်ခင်သိန်းမော် ၁၂/သဃက(နိုင်)၀၁၁၇၈၂ တို့သည် မိမိတို့၏သဘောဆန္ဒအလျောက် ၁၉-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် စာရင်းနှင့်ငွေသားများ အပြီးသတ်ရှင်းလင်းနုတ်ထွက်ပြီးဖြစ်ပါသည်။

သို့ပါ၍ ၁၉-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် စာရင်းများရှင်းပြီးနောက်ပိုင်း စတားယူနတီဂရုကုမ္ပဏီလီမိတက်၏ ကုန်အမှတ်တံဆိပ်ပစ္စည်းများနှင့် လုပ်ငန်းအားလုံးသည် ရှယ်ယာရှင် ဒေါ်ကြည်ကြည်အေး ၇/ဝမန(နိုင်)၀၀၀၈၀၃နှင့် ကျန်အစုဝင်များ၏ ပိုင်ဆိုင်မှုဖြစ်ကြောင်းကို စတားယူနတီဂရုကုမ္ပဏီလီမိတက်၏ နယ်အရောင်းဌာနခွဲ(Stockist)များအားလုံးနှင့် ကိုယ်စားလှယ်များအားလုံးသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်**
**Managing Director**
**Star Unity Group Co.,Ltd.**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၉၉၂၆ MAM Wagon Mark II SW 4×4 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်မြင့်ရီ ၁၃/ကမန(နိုင်)၀၀၁၀၈၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့နယ်**

## ဦးသန်းဝင်း(ဘ)ဦးသက်ရှည် (၁၂/ကမရ(နိုင်)၀၅၆၆၉၄) သိစေရန်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ –

LL.B, D.B.L, D.I.L, D.M.L
LL.B, D.B.L, D.M.L, A.C.F.I (FC)
LL.B

[illegible]

# မြန်မာ-ဂျပန်ချစ်ကြည်ရေး ရေဆေးပန်းချီပြပွဲကျင်းပမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁၉**

နိုင်ငံတကာနှင့် နယ်ပယ်ကဏ္ဍအသီးသီးတွင်ဆက်ဆံမှုပေါင်းစည်းမှု ပူးတွဲဆောင်ရွက်မှုများ ဖြစ်ထွန်းလာသောမြန်မာနိုင်ငံတွင်အနုပညာကဏ္ဍသည်လည်း နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိလာရာ မြန်မာ-ဂျပန်ချစ်ကြည်ရေး ရေဆေးပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့၌လာမည့် နိုဝင်ဘာလအတွင်း ကျင်းပတော့မည်ဖြစ်သည်။

"ဂျပန်နိုင်ငံမှာရှိတဲ့ ကမ္ဘာ့ရေဆေးပန်းချီဆရာများအဖွဲ့(GNWP)နဲ့ မြန်မာပန်းချီဆရာတွေ ပူးတွဲပြီးတော့ ပန်းချီပြပွဲတစ်ရပ်ကျင်းပဖို့ စီစဉ်နေပါတယ်။ လာမယ့်နိုဝင်ဘာ ၂၃ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ်ယောမင်းကြီးလမ်းမှာရှိတဲ့ Gallery ပြခန်းမှာ ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံပန်းချီ၊ပန်းပုအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ နီပိုဦးကပြောပြသည်။

ဂျပန်နိုင်ငံရှိ ကမ္ဘာ့ရေဆေးပန်းချီဆရာများအဖွဲ့တွင်အမေရိကန်၊ ဗြိတိန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်းစသည့်နိုင်ငံများမှ ရေဆေးပန်းချီပညာရှင်များပါဝင်သည်။ နိုင်ငံတကာမှ ရေဆေးပန်းချီ ပညာရှင်များ၏ လက်ရာမြောက်ပန်းချီကားများကို မြန်မာပရိသတ်များ မြင်တွေ့လေ့လာခွင့်ရရှိမည်ဖြစ်သည်။

"ဒီပြပွဲက ကမ္ဘာ့ရေဆေး ပန်းချီဆရာများအဖွဲ့ဥက္ကဋ္ဌနဲ့ မြန်မာနိုင်ငံပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌတို့ တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ရေဆေးပန်းချီပညာရှင်တွေပါဝင်တဲ့ ပူးပေါင်းပန်းချီပြပွဲ တစ်ရပ်ကျင်းပဖို့ အဆိုပြု ဆွေးနွေးခဲ့ကြပြီး အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဲဒီပန်းချီပြပွဲကို "မြန်မာ-ဂျပန် ချစ်ကြည်ရေးပန်းချီပြပွဲ"လို့ လောလောဆယ်မှာ အမည်ပေးထားပါတယ်"ဟု ဆရာနီပိုဦးကပြောပြသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့် မြန်မာ-ဂျပန် ပန်းချီပြပွဲတွင် ဂျပန်၊ မြန်မာ၊ တောင်ကိုရီးယား၊ တရုတ်၊ အီရန်နှင့်ထိုင်းစသည့် နိုင်ငံ ခြောက်နိုင်ငံမှ ပန်းချီဆရာ ၃၆ ဦးတို့က တစ်ဦးလျှင် ပန်းချီကား တစ်ချပ်စီ ရေးဆွဲပြသကြမည်ဖြစ်သည်။

ရေးဆွဲကြမည့် ပန်းချီကားအကြောင်းအရာမှာ ကန့်သတ်ထားခြင်းမရှိဘဲ ရှုခင်း၊ မော်ဒန်စသည့် မိမိနှစ်သက်ရာ ရေးဆွဲဖော်ပြလိုသည့် ပုံရိပ်များကို ရေဆေးဖြင့် ရေးဆွဲဖော်ပြနိုင်မည်ဖြစ်သည်။ ပန်းချီကားအရွယ်အစားမှာ (၂၂ × ၃၀) လက်မဖြစ်ပြီး အများအားဖြင့် ယင်းအရွယ်အစား ပန်းချီကား အများအပြားပါဝင်မည်ဖြစ်သည်။

မြန်မာ-ဂျပန်ချစ်ကြည်ရေး ရေဆေးပန်းချီပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင် ရေးဆွဲပြသမည့် ပန်းချီဆရာများမှာ ဦးမောင်မောင်မြင့်၊ ဦးမြသောင်း၊ ဦးခင်မောင်စန်း၊ ရွှေသို့ရဲမြင့်၊ လှထွဏ်းအောင်၊ နေထွန်း၊ နီပိုဦး၊ မိုးညို၊ ခင်မောင်မြင့်၊ မြင့်နိုင်၊ သူရ၊ အေးမင်း၊ ကိုမောင်ဝင်းလှနှင့် လှမြင့်တို့ဖြစ်ကြသည်။

အဆိုပါ ရေဆေးပန်းချီဆရာများမှာ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)မှ ရေဆေးပန်းချီ ဆရာများ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)နှင့် မန္တလေးပန်းချီဆရာများဖြစ်ကြသည်။ ကမ္ဘာ့ရေဆေးပန်းချီဆရာများ အဖွဲ့တွင် မြန်မာနိုင်ငံမှ ဦးမောင်မောင်လှမြင့်၊ နီပိုဦး၊ လှထွဏ်းအောင်၊ မိုးညိုနှင့် ခင်မောင်မြင့်တို့မှာ အဖွဲ့ဝင်များဖြစ်ကြသည်။

မြန်မာ့ပန်းချီ လောကသည် နိုင်ငံတကာအဆင့်သို့ တက်လှမ်းရာတွင် ပိုမိုအရှိန်အဟုန် မြင့်မားရေးအတွက် ကြိုးစားနေလျက်ရှိရာ မကြာမီ နိုင်ငံတကာမှရေဆေးပန်းချီဆရာများ၏ လက်ရာကောင်းများကို ထိတွေ့ခံစားခွင့်ရရှိတော့မည်ဖြစ်သည်။

သတင်းဆောင်းပါးနှင့်နယ်သတင်း

# ပြည်သူ့ဝန်ဆောင်မှုကျေးရွာများသို့ ကွင်းဆင်းဟောပြောပို့ချ

**မူဆယ် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်မူဆယ်ခရိုင်အတွင်းရှိ ကျေးရွာတောင်သူလယ်သမားများဆီသို့ စပါးအထူးအထွက်တိုး စိုက်ပျိုးရေးနည်းပညာ၊ စပါးခင်းထိန်းသိမ်းရေး၊ လယ်ကန်သင်းပေါင်းရှင်းပြီး တွင်းအားစုထည့်သည့် သိပ္ပံနည်းကျ စောင့်ရှောက်မှုနည်းစနစ်ပညာပေး၊ လက်တွေ့သရုပ်ပြဟောပြောပွဲကို မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးပြီး စက်တင်ဘာ ၆ရက်တွင် မန့်ဟီးရိုးမြို့နယ်ခွဲရှိ လယ်စိုက်တောင်သူ ၅၀ ကို လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာရှိ လယ်စိုက်တောင်သူလယ်သမား ၁၅၀ ကိုလည်းကောင်း ကွင်းဆင်းလက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါ လယ်စိုက်တောင်သူများသို့ မူဆယ်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းလွင်လွင်စိန်က သိပ္ပံနည်းကျစီးပွားဖြစ်စပါးစိုက်နည်းပညာများကို Projector ဖြင့် အသေးစိတ်ပို့ချရှင်းလင်းခဲ့ပြီးသက်ဆိုင်ရာစိုက်ပျိုးရေးပညာရှင်များက စပါးအထူးအထွက်တိုး မျိုးစပါး၊ ပိုးမွှားရောဂါ ကာကွယ်နည်းစနစ်၊ ပိုးသတ်ဆေး သုံးစွဲရမည့်နည်းပညာ၊ တွင်းအားစု စနစ်တကျသုံးစွဲရေး နည်းလမ်းများစသည်ဖြင့် အသေးစိတ် ပို့ချရှင်းလင်းနိုင်ခဲ့၍ တောင်သူများကလည်း မရှင်းလင်းသည့် မေးခွန်းများ အပြန်အလှန် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မူဆယ်ခရိုင်ဥပဒေအရာရှိ ဦးစိုးသန်းက လယ်ယာမြေပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ကပြဋ္ဌာန်းသည့်လယ်ယာမြေဥပဒေများကို တောင်သူများနားလည်နိုင်ရေး ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူဆယ်ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက ဒေသတွင်းတိုင်းရင်းသားများ ရိုးသားကြိုးစားရုံဖြင့် မလုံလောက်ဘဲ စာပေပညာ၊ ဗဟုသုတရှိမှ ယနေ့ခေတ်မီနည်းစနစ်၊ စိုက်ပျိုးနည်းများကိုလက်လှမ်းမီ သိရှိနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် စာပေဗဟုသုတတိုးပွားရေးအတွက် မြန်မာစာတတ်မြောက်ရေးနှင့်ကျေးရွာစာကြည့်တိုက်ရှိ စာအုပ်များကို မည်သူမဆိုသွားရောက်ဖတ်ရှုစေလိုကြောင်း တက်ရောက်ပြည်သူများသို့ ရှင်းလင်းဟောပြာခဲ့ကြောင်းသိရသည်။

**အယ်လ်စိုး(iprd)**

# သောက်ရေသန့်စက်နှင့်ဝန်ထမ်း အဆောင်ပေးအပ်လှူဒါန်း

**မိုးကုတ် စက်တင်ဘာ ၁၉**

မိုးကုတ်မြို့နယ် အောင်ချမ်းသာရပ်နေ ဦးအောင်သိန်း-ဒေါ်ခင်တင့်မိသားစုတို့က ကျောက်ပြဿဒ်ရွာ အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်းအတွက် သောက်ရေသန့်စက်နှင့်ဝန်ထမ်းနေအဆောင် တစ်ဆောင်ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီက ကျောက်ပြဿဒ်စံပြကျေးရွာ အမှတ်(၉)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

သောက်ရေသန့်စက်နှင့်ဝန်ထမ်းနေအဆောင်ကို အလှူရှင်ဦးအောင်သိန်းနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ဦးအောင်သိန်း-ဒေါ်ခင်တင့်မိသာစုတို့က အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသော သောက်ရေသန့် သောက်သုံးနိုင်ကြရန် ရည်ရွယ်၍ သောက်ရေသန့် စက်တစ်လုံးနှင့်သောက်ရေသန့် စက်ဆောင် တစ်ဆောင်၊ ရပ်ဝေးမှလာရောက် တာဝန်ထမ်းဆောင်သည့် ဆရာ ဆရာမများ အဆင်ပြေစွာ နေထိုင်ရန်အတွက် ဝန်ထမ်းနေအဆောင် တစ်ဆောင်၊ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၄၀၀ နှင့်ကျောင်းသုံး ဘောပင်၊ခဲတံများကို ဒုတိယမြို့နယ် ပညာရေးမှူး ဒေါ်သန်းသန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ လှူဒါန်းမှုများအတွက် ကျောက်ပြဿဒ်အလယ်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ကြည်ကြည်နွဲ့နှင့်ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးကျော်ဝေတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ လှူဒါန်းသော သောက်ရေသန့်စက်နှင့် ဝန်ထမ်းဆောင်အပါအဝင် စုစုပေါင်း ကုန်ကျတန်ဖိုးငွေကျပ် ၃၂၅ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

# တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာ တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီး

**တန့်ယန်း စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မိုင်းကောင်ကျေးရွာရှိ တိုက်နယ်ဆေးရုံကို စစ်ကိုင်း-ယုနီဗာဆယ် ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ မင်းမင်းစိုး ဦးစီး၍ တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။

**အကုန်အကျခံတည်ဆောက်**

အဆိုပါ မိုင်းကောင်တိုက်နယ်ဆေးရုံမှာ ပင်မအဆောက်အအုံ အပါအဝင် ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲတစ်လုံး၊ လေးခန်းတွဲတစ်လုံး၊ ခြောက်ခန်းတွဲ တစ်လုံးတို့ပါဝင်ပြီး ငွေကျပ် ၃၉၉၇ သိန်းဖြင့် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းနှင့်မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Battery,Tyre & Tube | ၁၁ မျိုး |
| (ခ) | စက်ဆီ/ချောဆီ | ၅ မျိုး |
| (ဂ) | စာရေးကိရိယာ | ၂၃ မျိုး |

၂။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၅-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါပုံစံများကို ၂၄-၉-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**



## အမြတ်ဆုံး သိမ်အကား၊ ဘုရားအကား၊ ကျောင်းအကားခံယူပါ

နိုင်ငံကျော်ဓမ္မကထိက၊ ကိုးအွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ ... (၁)ရွှေငါးပေ ... (၂)ကျောင်း ... (၃)သိမ် ... (၄)ဘုရားစေတီ ... (၅)... (၆)... ရန်ကုန်တိုင်းအတွင်းရှိ ... ကိုးအွဲ့ရဆရာတော်... (၄၂)ရပ်ကွက်၊

ဗိုလ်မှူးဗထူးလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်။

ဖုန်း-၀၉၄၂၁၀၄၃၃၃၈၈၊ ၀၉၂၁၀-၁၀၃၀၅



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| - | ဗီရို(Leeco)(၃'×၁'×၆') | ၂၀ လုံး |
| - | 4 Drawers Cabinet (Leeco) | ၄ လုံး |
| - | သစ်သားကုလားထိုင်(လက်တန်းပါ) | ၂၃ လုံး |
| - | သစ်သားကုလားထိုင်(လက်တန်းမပါ) | ၃၅ လုံး |
| - | ဖိုင်တင်စင်(၆'×၄'×၁.၆') | ၁၁ ခု |
| - | ဖိုင်တင်စင်(၃'×၁'×၃') | ၁၃ ခု |
| - | ဖိုင်တင်စင်(၃'×၆')(Leeco) | ၅ ခု |
| - | အရာရှိစားပွဲ(၆'×၄'×၂'-၆") | ၁၈ လုံး |
| - | စားပွဲ(၅'× ၃'× ၂'- ၆") | ၂၇ လုံး |
| - | Computer Table | ၁၁ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တို့တွင် ၂၄-၉-၂၀၁၃ရက်မှ ၁-၁၀-၂၀၁၃ရက်အထိ(ရုံးချိန်အတွင်း)လာရောက်ထုတ်ယူနိုင်ပြီး ၈-၁၀-၂၀၁၃ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၄၈၀၊ ၄၀၄၀၂၀ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**စက်မှုနှင့် သက်မွေးပညာဦးစီးဌာန**



## အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ညောင်ဦးမြို့နယ် တက်မကျေးရွာ အထက်တန်းကျောင်းခွဲ အသက်(၆၀)နှင့်အထက် အငြိမ်းစားဆရာ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲတက်ရောက်ပါရန်နှင့် အလှူငွေများ ထည့်ဝင်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်** ။ ။အသက်(၆၀)နှင့်အထက် တွဲဖက်ဆရာ ဆရာမများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

**ကိုဂုဏ်ထူး ဖုန်း-၀၉-၂၀၄၂၈၀၁**
**ကိုအေးမင်းနိုင် ဖုန်း-၀၉-၅၀၉၈၉၃၃**



## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)တွင် ဝန်ထမ်းအိမ်ရာအဆောင်(၄)ခု၏ မျက်နှာကြက်များ၊ ဝရန်တာလက်ရန်းများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ပန်းရန်လက်တွေ့ခန်း အမိုးပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံများကို အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၄-၁၀-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၂၈၀၃၄၁၂၅၊ ၀၉-၄၂၈၀၁၂၈၀၁၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတင်ဒါကြီးကြပ်ရေးအဖွဲ့**
**အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျေးရွာအုပ်စုလုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များထုတ်ပေး

**သထုံ စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းမှ ကျေးရွာအုပ်စုလုံးကျွတ် လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးခြင်းကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသည်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက တောင်သူလယ်သမားများ၏ လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့လယ်ယာမြေများသားစဉ်မြေးဆက် ပေါင်နှံ၊ ရောင်းချ၊ ပိုင်ဆိုင်နိုင်ခွင့်ရရှိနိုင်စေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က မြို့နယ်အတွင်း အဆိုပါလက်မှတ် ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းသည်။ယင်းနောက် တာဝန်ရှိသူများက ကျေးရွာအုပ်စု ခုနစ်စုမှ ဦးပိုင်ပေါင်း၂၇၈၈အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်ရာ ကျေးရွာများမှ ကိုယ်စားလှယ်များက လက်ခံယူသည်။ အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များထုတ်ပေးခြင်းကိုသထုံမြို့နယ်အနေဖြင့် ဦးပိုင်ပေါင်း ၃၁၅၇၆ ဆောင်ရွက်ရန်လျာထားပြီးစက်တင်ဘာ ၁၆ ရက်အထိ ဦးပိုင်ပေါင်း ၁၄၃၄၈၊ ၄၅ ရာခိုင်နှုန်း ထုတ်ပေးပြီးဖြစ်ကာ လာမည့် အောက်တိုဘာလအတွင်း မြို့နယ်လုံးကျွတ်ထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**သက်ဦး(သထုံ)**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဘုရားပွဲတော်ကာလအတွင်း ဈေးဆိုင်ခန်းများ လုပ်ကိုင်ခွင့်များ နေရာချထားပေး

**မော်လမြိုင် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကဲ့ကော်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၏ ၂၀၁၃-၂၀၁၄ ဘုရားပွဲတော်ကာလအတွင်း စေတီပုထိုး၊ နတ်ကွန်း၊ နတ်နန်း အလှူခံဌာနများ၊ အခြားလုပ်ငန်းများနှင့် ဈေးဆိုင်ခန်းများ လုပ်ကိုင်ခွင့်ချထားပေးသည့် အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီး ဦးသက်ဝင်းက အမှာစကားပြောကြားပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းကလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြား၍ ဂေါပကအတွင်းရေးမှူးဦးသိန်းမြင့်က လုပ်ငန်းရှင်များအတွက် ဆိုင်ခန်းစည်းကမ်းများကို ရှင်းလင်းဖတ်ကြားပြီး ဈေးဆိုင်ခန်းများ လုပ်ကိုင်ခွင့်ချထားပေးရာတွင် ရင်ပြင်တော်စခန်း၊ ရသေ့တောင်စခန်း၊ ကင်မွန်းစခန်းနှင့် ရေမြောင်ကြီးစခန်းရှိ ဈေးဆိုင်ခန်းများ၊ နတ်ကွန်းနှင့်အလှူခံဌာနများ စုစုပေါင်း ၂၁၅ ခုအတွက် စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၅၆၇၇၅၁၀၉၀ ကျော် ရရှိခဲ့သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ကျိုက်ထီးရိုး စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၇၂၅၀၀၀၀၀ ကျော်ရရှိကြောင်းနှင့် ယခုနှစ်တွင် ယခင်နှစ် ကလုပ်ကိုင်ခဲ့သူများကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံပြီး လုပ်ပိုင်ခွင့်များအား ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**လ/၀၁၂**

# ခေတ်မီ မီးသင်္ဂြိုဟ်စက်ဆောက်လုပ်ရန်နှင့် သင်္ချိုင်းဇရပ်ပြုပြင်ရန် ညှိနှိုင်းဆွေးနွေး

**မော်လမြိုင် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၁) စာစင်ရပ် ကျောက်ဝိုင်းဘုန်းကြီးကျောင်း (မွှာရုံ)တွင် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မုဒုံမြို့ ခေတ်မီ မီးသင်္ဂြိုဟ်စက် ဆောက်လုပ်ရန်နှင့်သင်္ချိုင်းဇရပ်ပြုပြင်ရန်အတွက် အသိပေးဆွေးနွေးပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ပညာဝန်ဆရာတော်ဦးဉာဏုတ္တရဘိဝံသထံမှ တက်ရောက်လာသူများက ငါးပါးသီလခံယူကာ ဒေါက်တာဦးမြင့်ဦးက မီးသင်္ဂြိုဟ်စက်တည်ဆောက်ရန်နှင့်ဇရပ်ပြန်လည်ပြုပြင်တည်ဆောက်ရန် ကိစ္စရပ်များကိုရှင်းလင်းတင်ပြသည်။ ထို့နောက် ပညာဝန် ဆရာတော်မှ ဩဝါဒစကားမြွက်ကြားပြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက အမှာစကားပြောကြားကာ ဒေါက်တာဦးလှသိန်း၊ ဒုမှူးကြီး ဝင်းမြင့်ဦးနှင့် ဦးစောထွန်းရွှေတို့က အထက်ပါကိစ္စရပ်များအတွက် အကြံပြုဆွေးနွေးတင်ပြခြင်းနှင့် တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါ မီးသင်္ဂြိုဟ်စက်နှင့် ဇရပ်တည်ဆောက်မည့်နေရာသည် မုဒုံမြို့ ကန်ကြီးကျေးရွာ၏ အရှေ့ဘက်စွန်းတွင်တည်ရှိပြီး ဧရိယာ ၂၄ ဒသမ ၈၇ ဧက ကျယ်ဝန်း၍ မီးသင်္ဂြိုဟ်စက်ကို ဒီဇယ်ဆီဖြင့် အသုံးပြုမည်ဖြစ်ပြီး သင်္ဂြိုဟ်စက်နှစ်လုံးကုန်ကျငွေကျပ် ၂၆၅ သိန်းခန့်ဖြစ်ကြောင်းသိရသည်။အဆောက်အအုံအတွက် ကုန်ကျငွေကျပ်သိန်း ၃၀၀ ဖြစ်ပြီး ဇရပ်ပြုပြင်ရန် ငွေကျပ်သိန်း ၂၀၀ ခန့်ကုန်ကျမည် ဖြစ်ကြောင်း သိရသည်။

**လ/၀၁၂**

# ကျေးရွာဖွံ့ဖြိုးရေးစေတနာ့ဝန်ထမ်းများတွေ့ဆုံပွဲကျင်းပ ဆိုင်ကယ်ဦးထုပ်များ အခမဲ့ပေးဝေ

**ကျိုင်းတုံ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ကျိုင်းတုံဟိုတယ်သစ် အစည်းအဝေးခန်းမ၌ ကျေးရွာဖွံ့ဖြိုးရေးစေတနာ့ဝန်ထမ်းများတွေ့ဆုံပွဲနှင့်အသိပညာပေးဟောပြောပွဲများကိုစက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူးဦးခင်ဝင်းက အမှာစကားပြောကြားပြီး ဝေါလ်ဗီးရှင်း(မြန်မာ)မှ ဦးစရီးလိုက ၄င်းတို့အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကျိုင်းတုံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအဖွဲ့ဝင် ဦးသောင်းအေးက မူးယစ်ဆေးဝါးဆိုင်ရာဥပဒေများကို ရှင်းလင်းသည်။ ထို့နောက် အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး အောင်လွင်က ကျိုင်းတုံမြို့တွင် မီးပွိုင့်တပ်ဆင်ရန်ကိစ္စများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာတို့ကို ပရိုဂျက်တာဖြင့် အသိပညာပေးဆွေးနွေးကာ ဆိုင်ကယ်စီးဦးထုပ် အလုံး ၆၀ ကို အခမဲ့ပေးဝေသည်။

### ရှင်းလင်းဆွေးနွေး

ယင်းနောက် ကျိုင်းတုံ လူကုန်ကူးမှု တားဆီးရေးအဖွဲ့မှ ရဲအုပ်ဒေါ်မိမိကိုက လူကုန်ကူးမှု တားဆီးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**နမ့်ခမ်း စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေလီရတနာခန်းမ၌စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ အခမ်းအနားတွင် နမ့်ခမ်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက တက်ရောက်အမှာစကားပြောကြားသည်။ မြို့နယ်ပညာရေးမှူးကိုယ်စား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းကကျောင်း၏ တိုးတက်ရာတိုးတက်ကြောင်းအတွက်လည်းကောင်း၊ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ကိုယ်စားဦးစိုင်းတစ်မျိုးမြင့်က အကြံပြုဆွေးနွေးချက်များကိုလည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ထန်ဇက်က ကျောင်း၏လုပ်ငန်းစဉ်များကိုလည်းကောင်း ပြောကြားတင်ပြပြီးအခမ်းအနားကိုအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုကျင်းပပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဂါရဝပြုကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ လေယာဉ်ဖြင့် မဲဆောက်မှ မော်လမြိုင်သို့ ခရီးသည် ၁၄၅ ဦးရောက်ရှိ

**မော်လမြိုင် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် မော်လမြိုင်လေဆိပ်သို့ ၁၀ ရက်အတွင်း မဲဆောက်-မော်လမြိုင် လေယာဉ်လမ်းကြောင်းမှ ထိုင်းနိုင်ငံသား ၁၃၆ ဦးနှင့် မြန်မာနိုင်ငံသား ကိုးဦးတို့ဝင်ရောက်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိနယ်စပ်ဝင်ပေါက်ထွက်ပေါက်များအား အပြည်ပြည်ဆိုင်ရာ မြန်မာနိုင်ငံမြဝတီနယ်စပ်နှင့် ထိုင်းနိုင်ငံမဲဆောက်မြို့များသည်လည်း အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်/ထွက်ပေါက်တစ်ခုဖြစ်လာခဲ့ပြီး မဲဆောက်-မြဝတီ၊ မြဝတီ-မဲဆောက်၊ ဝင်ပေါက်ထွက်ပေါက်မှ တစ်ဆင့်နိုင်ငံသားများနှင့် အခြားနိုင်ငံသားများနေ့စဉ်ဝင်/ထွက်လျက်ရှိကြောင်းသိရသည်။

စက်တင်ဘာ ၁ ရက်နေ့မှစတင်ပြီး ထိုင်းနိုင်ငံမဲဆောက်မြို့မှ မြန်မာနိုင်ငံ မွန်ပြည်နယ် မော်လမြိုင်သို့ လေကြောင်းလိုင်းပြေးဆွဲနေပြီဖြစ်ရာ မဲဆောက်-မော်လမြိုင်လေကြောင်းဖြင့် နိုင်ငံခြားသားများနှင့် ထိုင်းနိုင်ငံရောက်မြန်မာများလည်း လေယာဉ်ဖြင့်လိုက်ပါလာကြရာ စက်တင်ဘာ ၁၀ ရက်အထိ ထိုင်းနိုင်ငံသားအပါအဝင် နိုင်ငံခြားသား ၁၃၆ ဦးနှင့် မြန်မာကိုးဦးရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းဝင်းကပြောကြားခဲ့သည်။လေယာဉ်ဖြင့် လိုက်ပါလာသော ထိုင်းနိုင်ငံသားတစ်ဦးက မွန်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများနှင့် လှည့်လည်ဖူးမြော်ကြည်ညိုစရာ တန်ခိုးကြီးဘုရားများရှိသောကြောင့် ဗီဇာမဲ့မဖြစ်သေးရင်တောင် ဆိုက်ရောက်ဗီဇာ လုပ်ငန်းပေးခဲ့ရင် ခရီးသည်တွေ ယခုထက်ပိုမိုများပြားလာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**လ/၀၁၂**


## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသိပ္ပံပညာဦးစီးဌာန
## ဗန်းမော်သူနာပြုသင်တန်းကျောင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗန်းမော်သူနာပြုသင်တန်းကျောင်း၏ အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) ရေနုတ်မြောင်းဖောက်လုပ်ခြင်း (၂၁၂')
(၂) လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (၇၀'×၃၀'×၃၀')
(၃) နှစ်ထပ်အုပ်ချုပ်ရေးဆောင်/စာသင်ဆောင်တည်ဆောက်ခြင်း (၈၀'×၃၀'×၂၀')
(၄) (100 KVA) Transformer တပ်ဆင်ခြင်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို မြစ်ကြီးနား သူနာပြုနှင့်သားဖွားသင်တန်းကျောင်းနှင့် ဗန်းမော်သူနာပြု သင်တန်းကျောင်းတွင် ၂၀-၉-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၂၀-၁၀-၂၀၁၃ရက် ညနေ ၄နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်သည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဗန်းမော်သူနာပြုသင်တန်းကျောင်း ရုံးဖုန်း-၀၇၄-၅၀၆၃၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



## တိုင်းဒေသကြီးအစိုးရအဖွဲ့
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသစ်ဆောက်လုပ်လျက်ရှိသော ပုသိမ်မြို့၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းနှင့် ဟင်္သာတမြို့၊ သူနာပြုသင်တန်းကျောင်းတို့တွင် အကြီးစားပြင်ဆင်သည့်လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ၊ တင်ဒါစည်းကမ်းချက်များနှင့် လုပ်ငန်းအချက်အလက်များကို ၁၉-၉-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၄-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃၊ ၂၅၂၇၇တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကတ္တရာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထောက်ပံ့ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံလုပ်ငန်းရှင်များထံမှ စံချိန်စံညွှန်းကိုက်ညီသော ကတ္တရာများ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၉-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့်တင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် ၄၂၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၆၇-၄၀၉၄၀၀၊ ၀၆၇-၄၀၉၁၈၆တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ**
**ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**



## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသိပ္ပံပညာဦးစီးဌာန
## မြစ်ကြီးနားသူနာပြုနှင့်သားဖွားသင်တန်းကျောင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြစ်ကြီးနားသူနာပြုနှင့် သားဖွားသင်တန်းကျောင်း၏ အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) သားဖွားသင်တန်းကျောင်းရှိ တစ်ထပ်ဆောင်အား နှစ်ထပ်အဖြစ် မွမ်းမံခြင်း (၉၄'×၂၆') (၇၁'×၂၅') (၉၀'×၂၅')
(၂) သားဖွားသင်တန်းကျောင်းတွင် သုံးထပ်အုပ်ချုပ်ရေးဆောင်/စာသင်ဆောင် တည်ဆောက်ခြင်း (၁၁၀'×၃၀'×၃၀')
(၃) သူနာပြုသင်တန်းကျောင်းရှိ ရေတွင်းအမိုးပြုလုပ်ခြင်း (၁၂'×၁၂')
(၄) သူနာပြုသင်တန်းကျောင်းရှိ စာသင်ဆောင်ပတ်လည် ကွန်ကရစ်ခင်းခြင်း (၆၇၀'×၁၄'×၈')

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို မြစ်ကြီးနားသူနာပြုနှင့် သားဖွားသင်တန်းကျောင်းနှင့် ဗန်းမော်သူနာပြုသင်တန်းကျောင်းတွင်၂၀-၉-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၂၀-၁၀-၂၀၁၃ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်သည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြစ်ကြီးနားသူနာပြုနှင့် သားဖွားသင်တန်းကျောင်း ရုံးဖုန်း-၀၇၄-၂၂၉၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



## ဖခင်အမည်မှန်

ဘားအံမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(ဂ)တွင် ပညာသင်ကြားနေသော မောင်သန့်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကြီးလှ ဖြစ်ပါကြောင်း။

**ဦးကြီးလှ ၃/ဘအန(နိုင်)၁၉၇၉၆၅**



## ဖခင်အမည်မှန်

ဘားအံမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(ခ)တွင် ပညာသင်ကြားနေသော စောမြင့်ဆွေ၏ဖခင်အမည်မှန်မှာ ဦးသန်းမြင့် ဖြစ်ပါကြောင်း။

**ဦးသန်းမြင့် ၃/ဘအန(နိုင်)၁၉၁၈၉၆**

# နန့်ခင်ချောင်းကူးတံတား ပြန်လည်တည်ဆောက်ပေးရန် မျှော်လင့်နေ

**အင်းတော် စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးကသာခရိုင် အင်းတော်မြို့နယ် နန့်ခင်ကျေးရွာစု နန့်ခင်ကျေးရွာမှ အင်းတော်မြို့သို့ ဆက်သွယ်သည့် အင်းတော်ချောင်းပေါ်ရှိနန့်ခင်ရွာချောင်းကူးတံတားများမှာ အကြိမ်ကြိမ်ရေတိုက်စားမှုကြောင့် ရေထဲမျောပါပျက်စီးသွားခဲ့သောတံတား သုံးစင်းရှိပြီးဖြစ်၍ကျေးရွာ ပြည်သူများမှာ တံတားပြန်လည် တည်ဆောက်ရန်ငွေကြေးမတတ်နိုင်သဖြင့် သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ဒေသခံလူမှုရေးအသင်းအဖွဲ့များက ကူညီပံ့ပိုးဆောက်လုပ်ပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။

အဆိုပါ နန့်ခင်ကျေးရွာတွင် အိမ်ထောင်စု ၁၅၃ စုရှိပြီး လူဦးရေ ၇၃၄ ဦးနေထိုင်ကာ အများအားဖြင့် လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာတစ်ရွာဖြစ်သည်။

နန့်ခင်ကျေးရွာနှင့်အင်းတော်မြို့တို့ ဆက်သွယ်သည့် ချောင်းကူးတံတားများသည် မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းမှု၊ ချောင်းရေလျှံ ရေကြီးမှုကြောင့် ၂၀၀၁ ခုနှစ် ဇွန်လ ၉ ရက်တွင် တံတားပျက်စီး ရေမျောသွားခဲ့ပါကြောင်း၊ ဒုတိယတံတားသည် ၂၀၀၃ ခုနှစ် မိုးတွင်းကာလ ချောင်းရေလျှံ ရေကြီးမှုကြောင့် ၂၀၀၃ ခုနှစ် ဇူလိုင် ၁၀ ရက်က ရေမျောပါဆုံးရှုံးခဲ့ရကြောင်း၊တတိယတံတားသည် ၂၀၀၇ ခုနှစ် မိုးတွင်းကာလ ဇွန် ၅ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေလျှံကမ်းပါးပြို၊ ရေတိုက်စားမှုတို့ကြောင့် သစ်သားတံတား(မောင်းကော်) ကြိုးဆိုင်းတံတားသည် ပျက်စီးဆုံးရှုံးခဲ့ရပြန်ပါကြောင်း၊ ထို့ကြောင့် ကျေးရွာနေ ပြည်သူများမှာ ငွေကြေးမတတ်နိုင်သဖြင့် သက်ဆိုင်ရာဌာနများမှ ကူညီပံ့ပိုး ဆောင်ရွက်နိုင်ပါရန်နှင့် ကျေးရွာပြည်သူများက လုပ်အားကူညီပေးနိုင်ပါကြောင်း၊ ယခုတံတား အသစ်ဆောက်လုပ်လိုပါကြောင်းနှင့် တံတားဆောက်လုပ်ရန် ဘိလပ်မြေအိတ်အလုံးရေ ၂၀၀၀ ကို ကူညီပံ့ပိုးပေးနိုင်ပါရန် အင်းတော်မြို့နယ်၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌထံ စက်တင်ဘာ ၁၀ ရက် ရက်စွဲဖြင့် အစီရင်ခံတင်ပြထားပါကြောင်း ဖြင့် နန့်ခင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ပြောပြသည်။

နန့်ခင်ကျေးရွာနှင့်အင်းတော်မြို့သည် အင်းတော်ချောင်းကူးနန့်ခင်တံတားမရှိသည့်အတွက်ရုံးသူ၊ရုံးသားများ၊ ကျောင်းသား ကျောင်းသူများ၊ ဈေးသွားဈေးပြန်များ၊ ဒေသခံပြည်သူများ မိုးတွင်းကာလတွင် နေ့စဉ် လှေနှင့်အန္တရာယ်များစွာဖြင့် ချောင်းဖြတ်ကူး သွားလာနေကြရသော အဖြစ်မှ **(အပေါ်ဝဲပုံ)** အန္တရာယ်ကင်းရှင်းစွာ တံတားပေါ်မှ ဖြတ်ကူးနိုင်ရေးကို ရှေးရှုပြီးနန့်ခင်ချောင်းကူးတံတားကို ပြန်လည်ဆောက်လုပ်ပေးသင့်ပါကြောင်း အကြံပြုရေးသား တင်ပြလိုက်ရပါသည်။

**အင်းတော်**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# သန်းခေါင်စာရင်းနှင့်စာဖတ်ရှုမြှင့်တင်ရေး ဟောပြော

**တောင်ငူ စက်တင်ဘာ ၁၉**

တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ကံလှကျေးရွာ အာရုဏ်ဦးစာကြည့်တိုက်တွင် သန်းခေါင်စာရင်းကောက်ယူရေးနှင့် စာဖတ်ရှုမြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်၊မှတ်တမ်းဓာတ်ပုံနှင့် ရုပ်မြင်သံကြားပြသခြင်းတို့ကို သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာတောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းက ပြည်သူများအသိပညာဗဟုသုတတိုးပွားရေးအတွက် စာပေဖတ်ရှုလေ့လာကြရန်လိုအပ်ကြောင်း ဆွေးနွေးဟောပြောပြီး ဒုတိယဦးစီးမှူး ဒေါ်သန္တာလင်းကလူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိမှတ်စရာများအကြောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ဒုတိယဦးစီးမှူး ဒေါ်သန္တာလင်းကပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က လက်ခံယူပြီး တက်ရောက်လာကြသူများက နံရံကပ်စာစောင်၊ မှတ်တမ်းဓာတ်ပုံများနှင့်ဒို့ကျေးရွာ၏ ချစ်မိတ်ဆွေ ရုပ်မြင်သံကြားဇာတ်လမ်းတို့ကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်ရွှေဝင်း(ပြည်)**

**လူကုန်ကူးသူဒိုင်ရန်သူ**
**တိုက်ဖျက်ကြမည်**
**ဒို့ပြည်သူ**

## စက်တင်ဘာလတတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလတတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများမှ အသီးသီး ဆုတ်ခွာသွားနိုင်သည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်ရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆ ရက်မှ ၈ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်ရွာသွန်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏ အောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(မိုး/ဇလ)**

# သန်းခေါင်စာရင်းကောက်ယူမည့် စာရင်းကောက်များကို နေ့တွက်စရိတ်ငွေချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၉**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ကောက်ယူမည်ဖြစ်ကြောင်း၊ အဆိုပါသန်းခေါင်စာရင်းကောက်ယူရာတွင် ဝင်ရောက်ကူညီကြမည့် စာရင်းကောက်များ၊ ဆရာ ဆရာမများကို တစ်နေ့လျှင် ငွေကျပ် ၃၀၀၀နှုန်း၊ ကြီးကြပ်သူစာရင်းစစ်များကို တစ်ရက်လျှင် ငွေကျပ် ၄၀၀၀ နှုန်း နေ့တွက်စရိတ်ငွေချီးမြှင့်ရန် လျာထားကြောင်းဖြင့် စက်တင်ဘာ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာရှင်းလင်းပွဲမှ သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူသည့် နေရာတွင် စာရင်းကောက် ဆရာဆရာမအရေအတွက် တစ်သိန်းနှင့် ကြီးကြပ်သူစာရင်းစစ်အင်အား နှစ်သောင်းလိုအပ်မည်ဖြစ်သည်။ ယင်းသို့ စာရင်းကောက်ယူရာတွင် မြို့နယ်အလိုက် ဆရာဆရာမများ၊ ဒေသခံများ၊ ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများဖြင့်ပါ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက် ညဉ့်သန်းခေါင်ယံအချိန်ကို ရည်ညွှန်းထားကြောင်းသိရသည်။ တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အတွင်း ၁၂ ရက်ကြာ သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်သည်။

စာရင်းကောက်သူများက နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်း နေအိမ်သို့လာရောက်စာရင်းကောက်ယူမည်ဖြစ်ပြီး စာရင်းလာကောက်မည့်နေ့ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**(မော်မော်)**


ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်/တည်နေရာ |
|---|---|---|
| ၁ | ၂၅၈/မမ/CE | ရန်ကုန်-မန္တလေးမန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ပြည်၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ်လမ်းပိုင်းများတွင် ခင်းဖြင့် မက်ကင်ရိုက်ခြင်းလုပ်ငန်းကို လုပ်ငန်းအပ်နှံဆောင်ရွက်ရန်ကိစ္စ ဈေးနှုန်းရန် |
| ၂ | ၂၅၉/မမ/CE | ရန်ကုန်-မန္တလေးမန္တလေး-မြစ်ကြီးနား၊ ရန်ကုန်-ပြည်၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထားဝယ်လမ်းပိုင်းများတွင် သံကမာဆောက်ခြင်းလုပ်ငန်းများ လုပ်ငန်းအပ်နှံဆောင်ရွက်ရန်ကိစ္စ ဈေးနှုန်းရန် |
| ၃ | ၂၆၀/မမ/CE | တိုင်း(၅)၊ တောင်ငူဘူတာ နားနေရိပ်သာ သွပ်ရုံကြီးကာရံခြင်းလုပ်ငန်း |
| ၄ | ၂၆၁/မမ/CE | တိုင်း(၁၁)၊ တောင်တွင်းကြီးဘူတာ ရထားလိုက်နားနေရိပ်သာ သံဆူးကြိုး ကာရံခြင်းလုပ်ငန်း |
| ၅ | ၂၆၂/မမ/CE မှ ၂၈၃/မမ/CE အထိ | ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း ဘုရားလမ်းဘူတာ၊ လမ်းမတော်ဘူတာ၊ ပြည်လမ်းဘူတာ၊ ရှမ်းလမ်းဘူတာ၊ အလုံလမ်းဘူတာ၊ ပန်းလှိုင်ဘူတာ၊ ဟံသာဝတီဘူတာ၊ ကြို့ကုန်းဘူတာ၊ လှည်းတန်းဘူတာ၊ အင်းစိန်ဘူတာ၊ မင်္ဂလာဒုံဘူတာ၊ ဗဟိုလမ်းဘူတာဂျေဘက်တို့တွင် သန့်ရှင်းသပ်ရပ်ရေးအတွက် တည်ဆောက်ပြုပြင်ခြင်း၊ မွမ်းမံခြင်း လုပ်ငန်းများ(၂၂)ခု ဆောင်ရွက်ရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁) ၄.၁၀.၂၀၁၃ (သောကြာနေ့)(၁၂.၀၀)နာရီ

အမှတ်စဉ် (၂ မှ ၅) ၁၈.၁၀.၂၀၁၃ (သောကြာနေ့)(၁၂.၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၀.၉.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ဆောက်လုပ်ရေးဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352,291994



**ဖခင် အမည်မှန်**

လှိုင်းဘွဲ့မြို့နယ်၊ ကော့မြတ်ကြီးကျေးရွာ၊ အထက(ခွဲ)လှိုင်းဘွဲ့မှ နန်းသန္တာမြင့်၏ ဖခင်အမည်မှန်မှာ ဦးစောတင်ဝင်း ၃/လဘန(နိုင်)၀၆၆၁၅၂ ဖြစ်သည်မှာ မှန်ကန်ပါသည်။

**ဦးစောတင်ဝင်း**



**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)အသုံးစရိတ်ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ် (၁၂)မြို့နယ်တွင် အခြေခံပညာကျောင်း ၁၆၆ ကျောင်း၏ အဆောက်အအုံများအသစ် တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| မြို့နယ်အမည် | ကျောင်းအရေအတွက် | မြို့နယ်အမည် | ကျောင်းအရေအတွက် |
|---|---|---|---|
| (က) ပုသိမ် | ၁၄ | (ဆ) သာပေါင်း | ၁၂ |
| (ခ) ကန်ကြီးထောင့် | ၁၅ | (ဇ) ဇလွန် | ၂၂ |
| (ဂ) ကျောင်းကုန်း | ၁၁ | (ဈ) မြောင်းမြ | ၁၃ |
| (ဃ) ကျုံပျော် | ၁၃ | (ည) ဝါးခယ်မ | ၁၃ |
| (င) ငပုတော | ၁၆ | (ဋ) အိမ်မဲ | ၁၂ |
| (စ) ရေကြည် | ၁၁ | (ဌ) လပွတ္တာ | ၁၄ |

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်းတွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရပါမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၁၉-၉-၂၀၁၃ရက်မှ စတင်ရောင်းချပါမည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၄-၁၀-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃၊ ၂၅၂၇၇နှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး ဖုန်း-၀၄၂-၂၅၃၁၉၊ ၂၃၈၇၀၊ ၂၄၅၇၀တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(က)မှ မထင်ထင်၏ ဖခင်အမည်မှန်မှာ ဦးအရှင် ၁၃/လရန(ပြု)၀၀၀၇၆၇ ဖြစ်ပါသည်။



**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၁) မှ မောင်လတ်ဇင် (၄၀၀၂)၏ ဖခင်အမည်မှန်မှာ ဦးလဆန်လှဝမ်(ခ)ဦးလှဝမ် ဖြစ်ပါသည်။



**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၁) မှ မောင်ဇော်ဘောင်(ခ)မောင်ဇော်ဘွမ် (၁၇၃၅)၏ ဖခင်အမည်မှန်မှာ ဦးဆိုင်းဘူ(ခ)ဦးဆိုင်းဒူ ဖြစ်ပါသည်။



**အမည်ပြောင်း**

ဦးထွန်းဦးကျော်၏သား ပုဏ္ဏားကျွန်း အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဘိုသန်းကြီး ၁၁/ပကတ(နိုင်)၀၇၇၂၃၇ အား မောင်မျိုးမြတ်ခိုင်ဟုလည်းကောင်း၊ မောင်ဘိုသန်းငွေ ၁၁/ပကတ(နိုင်)၀၇၇၂၃၈ အား မောင်မျိုးခန့်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မျိုးမြတ်ခိုင်**
**မောင်မျိုးခန့်ခိုင်**



**မိဘအမည်မှန်**

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(E)မှ မဇင်မာခိုင်၏ မိဘအမည်မှန်မှာ ဦးခြောက်ကွမ်ဖူးနှင့် ဒေါ်ကျင်းစေး ဖြစ်ပါသည်။



**အမည်မှန်**

ဦးအိုက်ဆန်၏သမီး လားရှိုးမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်း(D)မှ မထက်ထက်ထွေး (၆၉၃၂/၁၂)၏ အမည်မှန်မှာ နန်းထက်ထက်ထွေး ဖြစ်ပါသည်။



**အမည်ပြောင်း**

လားရှိုးမြို့၊ အလက(၃)၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ နန်းမိအေးအား နန်းမြင့်အေး၊ ဖခင် ဦးစောထူးအား ဦးစောထွန်း ၁၃/လရန(နိုင်)၀၉၆၃၁၈ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မှုခင်းသတင်းနှင့်ကြော်ငြာ**

# သတင်းအရရှာဖွေရာ မူးယစ်ဆေးဖမ်းဆီးရမိ

**မော်လူး စက်တင်ဘာ ၁၉**

စစ်ကိုင်း တိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုမှာ စက်တင်ဘာ ၁၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်က မော်လူးရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်း



ခေါင်းဆောင်နှင့် တပ်ဖွဲ့ဝင်များသည် မှုခင်းကျဆင်းရေး ဆောင်ရွက်နေစဉ် မော်လူးရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်သန်းနှင့်တပ်ဖွဲ့ဝင်များသည်သက်သေများနှင့်အတူ ပဲခူးကျေးရွာဇော်မျိုးလင်း၏နေအိမ်ကို ရှာဖွေရာ နေအိမ်အပေါ်ထပ် ၎င်း၏အိပ်ရာအတွင်းထိုင်၍ စာရေးနေသော ဇော်မျိုးလင်းအနီးမှ One Flower စီးကရက်ဘူးအတွင်း စက္ကူပိုင်းနှင့်ပတ်လျက်သတ္တုဘူးအတွင်းမှ မူးယစ်ဆေးဝါးဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၁၂၇ ဂရမ်ခန့်ပါ တစ်ဘူးတွေ့ရှိ၍ သက်သေများရှေ့ရှာဖွေပုံစံရေးသွင်း သိမ်းဆည်းနိုင်ခဲ့သည်။

စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီခန့်က မော်လူးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်အောင်သန်းနှင့် အဖွဲ့သည် သက်သေများနှင့်အတူမူးယစ်ဆေးဝါးသတင်းအရ မော်လူးကျေးရွာအုပ်စု ကရင်ရွာအနီး စောင့်ဆိုင်းနေစဉ် ကရင်ရွာလမ်းမပေါ်တွင် လမ်းလျှောက်လာသူတစ်ဦးကို ရပ်တန့်စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသော ပုဆိုးခါးစကြားတွင် လိပ်ထားသည့် ပစ္စည်းကို ပစ်ချသည်ကိုတွေ့ရှိရ၍



သက်သေများနှင့် အတူရှာဖွေရာ မူးယစ်ဆေးဝါးဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၃ ဂရမ်ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံး၊ 3CC ဆေးထိုးပိုက်တစ်ချောင်း၊ ကာလတန်ဖိုးငွေကျပ် ၃၀၀၀၀ ခန့်တို့အား တွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းခဲ့သည်။

အဆိုပါအမှုကို မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ ပေါ်မြင့်(၃၉ နှစ်) ကွက်သစ်ရပ် မော်လူး အင်းတော်မြို့နယ်နေသူအား မော်လူးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နီတိုး**

# ရေစိုအဝတ်လှန်းရာမှ ဓာတ်လိုက်သေဆုံးမှု ရွှေပြည်သာမြို့နယ်တွင်ဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၁၇ ရက် ည ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၀)ရပ်ကွက်သံဒင်းအပိုင်း(၁)မကွေး(၃)လမ်းတွင် အဝတ်လှန်းရာမှ အဝတ်လှန်းတန်းကြိုးတွင် လျှပ်စစ်ဓာတ်အားစီးဝင်နေခြင်းကြောင့် ဓာတ်လိုက်၍ လူနှစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၅ ရက် ည ၇ နာရီက ဦးမြင့်ဆွေ (၆၄နှစ်)သည် ရေချိုးပြီးနောက် ရေစိုပုဆိုးကို နေအိမ်ရှေ့တံစက်မြိတ်အောက် အဝတ်လှန်းတန်းကြိုးတွင် လှန်းလိုက်ရာ ဓာတ်လိုက်ခံနေရကြောင်း ချွေးမဖြစ်သူ မဇင်ဇင်ထွန်း (၂၀ နှစ်)က တွေ့မြင်သဖြင့် ဝင်ရောက်ဆွဲရာမှ နှစ်ဦးစလုံးဓာတ်လိုက်မှုဖြစ်ပွားသည်။ ထို့နောက် အနီးပတ်ဝန်းကျင်ရှိတာဝန်သိပြည်သူများက ဝိုင်းဝန်းကူညီပြီး ရွှေပြည်သာဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ထိုမှ တစ်ဆင့်အင်းစိန်ဆေးရုံသို့ ထပ်မံပို့ဆောင်ခဲ့ပြီး ဆက်လက်ကုသမှုခံယူခဲ့ရာမှ ည ၇ နာရီ ၄၅ မိနစ်တွင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က "သူတို့အဝတ်လှန်းတဲ့ သွပ်နန်းကြိုးက ဆားဗစ်ကြိုးသွယ်ထားတဲ့ GN ကြိုးကို ဆက်ပြီးပြုလုပ်ထားတာကိုတွေ့ရတယ်။ အဲဒီနေ့က မိုးကလည်း အဆက်မပြတ်ရွာထားတော့ ကြိုးပေါက်ပြီး လျှပ်စစ်စီးဝင်နေတာကိုမသိဘဲ ရေစိုအဝတ် သွားလှန်းတော့ ဓာတ်အားစီးဝင်ပြီး ဓာတ်လိုက်ခံရတယ်လို့ယူဆပါတယ်"ဟု ထင်မြင်ချက်ကို ပြောကြားသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# သုံးရေကန်အတွင်းရေနစ်သေဆုံးမှုဖြစ်ပွား

**သနပ်ပင် စက်တင်ဘာ ၁၉**

သနပ်ပင်မြို့နယ် သူဌေးကုန်း မကြက်စုကျေးရွာအပြင်ဘက်ရှိ သုံးရေကန်အတွင်း လူတစ်ဦးမှောက်လျက် အနေအထားဖြင့် ရေနစ်သေဆုံးနေကြောင်း စက်တင်ဘာ ၁၅ ရက်က သူဌေးကုန်း မကြက်စုကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသက်ဦးက သနပ်ပင်မြို့ရဲစခန်းသို့ ဖုန်းဖြင့် အကြောင်းကြားသဖြင့် သနပ်ပင်မြို့ ရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးနိုင်ဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်သေများပါဝင်သောအဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သူဌေးကုန်းမကြက်စုကျေးရွာတွင် နေထိုင်သူ ဦးရန်နိုင် (၄၃ နှစ်) ဖြစ်ပြီး ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရဘဲ ညာလက်လက်မောင်း အရေပြားအရေခွံတွန့်ကြေ၊ ဘယ်ညာ လက်ချောင်းများအတွင်းဘက်သို့ ကွေးဝင်နေပြီး ဘယ်ညာခြေထောက်များ အရေခွံတွန့်နေသည်ကို တွေ့ရှိရ၍ သနပ်ပင်မြို့ ပြည်သူ့ဆေးရုံသို့ ဆေးစာဖြင့် တင်ပို့ခဲ့သည်။ သေဆုံးသူ၏ ဇနီး ဒေါ်လှမြင့်အား ခင်ပွန်းဖြစ်သူ သေဆုံးမှုနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခန့်က ရွာအပြင်ဘက်ရှိ သုံးရေကန် အနီးတွင် ညဏ်ရွက်များခူးရန်အတွက် သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင်းမှ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

သေဆုံးမှုနှင့်ပတ်သက်၍ သနပ်ပင်မြို့မရဲစခန်းက သေမှုသေခင်းဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲထွဋ်(မင်းရွာ)**

# တောင်ငူ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**တောင်ငူ စက်တင်ဘာ ၁၉**

တောင်ငူ အမှတ်(၂)ရဲစခန်းမှ ရဲအုပ်ကျော်ငွေနှင့် ဒုရဲအုပ်ကျော်ဇောလင်းတို့သည် သတင်းအရ စက်တင် ဘာ ၁၆ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ အမှတ်(၃)ရပ်ကွက် နန်းတော်ဟောင်းလမ်း အိမ်အမှတ် ၃/၇ နေအိမ်ကို သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်နောက်ဖေးခန်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ကို တွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိသည့် အိမ်ပေါ်တွင်ရှိနေကြသူ အိမ်ရှင် မသစ်သစ်ခိုင် (၂၇ နှစ်)၊ ချစ်မိုးဦး (၂၂ နှစ်) (၂၁)ရပ်ကွက် ဇေယျာခင်ဦး (၁)လမ်း တောင်ငူ၊ တင်ထွန်းအောင် (၂၅ နှစ်) (၁၂) ရပ်ကွက် ဘုရားလမ်း တောင်ငူနှင့် သူရအောင် (၁၉ နှစ်) သဖန်းပင်ကျေးရွာအုပ်စု တောင်ငူတို့ လေးဦးအား ဖမ်းဆီးရမိပြီး ချမ်းမြေ့ (၂၅ နှစ်) ရပ်ကွက်(၃) တောင်ငူနှင့် နေလင်းအောင် (၃၈ နှစ်) နတ်ရွာ ထန်းတပင်မြို့နယ်တို့ ထွက်ပြေးတိမ်းရှောင်နေကြကြောင်း၊ အမှုကို တောင်ငူအမှတ်(၂) ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

**(၁၁၅)**

# ဖျာပုံမြို့ အောင်သုခလမ်း(၃)ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**ဖျာပုံ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ (၃)ရပ်ကွက် အောင်သုခလမ်း အမှတ်(၁၈၈-ခ) ဦးမြဝင်းပိုင် နှစ်ထပ်တိုက်အဆောက်အအုံအပေါ်ထပ်တွင်စက်တင်ဘာ၁၇ရက်နံနက် ၁၁ နာရီခွဲက မီးစတင်လောင်ကျွမ်းရာ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မီးညွန့်ထိန်းနိုင်ပြီး ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်မီးသတ်ဦးစီးမှူးတို့ဦးဆောင်မှုဖြင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ အပါအဝင် ၂၀၊ မီးသတ်တပ်ဖွဲ့မှ အရာရှိအပါအဝင် ၁၀ဦး၊ အရန်မီးသတ် ၃၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပြည်သူအင်အား ၅၀ တို့ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ အဆောက်အအုံတွင် ကမ္ဘာ့ဆရာဝန်များအဖွဲ့ (M.D.M) ဖျာပုံအဖွဲ့က လက်ရှိငှားရမ်းထားပြီး ဝန်ထမ်းကိုးဦးကတစ်လလျှင် ငွေကျပ်နှစ်သိန်းခွဲဖြင့် ငှားရမ်းနေထိုင်ခြင်းဖြစ်ကြောင်း လျှပ်စစ်မီးကြိုးအပူလွန်၍ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

**(၀၇၁)**

# မလှိုင်မြို့နယ် ဇီးကုန်းဆည်အတွင်း ရေနစ်သေဆုံး

**မလှိုင် စက်တင်ဘာ ၁၉**

စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီခွဲက မလှိုင်မြို့နယ် နွားကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းမြင့်သည် လုပ်ငန်းတာဝန်များဆောင်ရွက်နေစဉ် မြောက်လည်အုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးက ဇီးကုန်းဆည်အတွင်း လူတစ်ယောက်ရေနစ်သေဆုံးနေသည်ဟု သတင်းပေးတိုင်ချက်အရ စခန်းမှူးရဲအုပ်ဝင်းမြင့်နှင့်သက်သေများပါဝင်သောအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ သန်းဇော်ဦး (၃၀ နှစ်) မြောက်လည်ရွာနေသူဖြစ်သည်ဟု သိရပြီး ပြင်ပဒဏ်ရာမရှိဘဲ ရေနစ်သေဆုံးသည်ဟု သိရသဖြင့် မလှိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**


## အသိပေးကြေညာချက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသော Mobile တယ်လီဖုန်းများနှင့် ပတ်သက်သည့် အခက်အခဲများ၊ လိုအပ်ချက်များအား Mobile တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများမှ စုံစမ်းမေးမြန်းလိုပါက တိုင်းမန်နေဂျာရုံး(စီးပွားဌာန)ရှိ Mobile Complaint Center ဖုန်း-၀၄၂-၂၅၀၀၀၊ ပုသိမ်အော်တိုအိတ်ချိန်း (Mobile ဌာန)ရှိ Mobile Complaint Center ဖုန်း-၀၄၂-၂၃၇၉၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**ဧရာဝတီတိုင်းဒေသကြီး**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနလက်အောက်ရှိ စီမံကိန်းလုပ်ငန်းသုံး ယာဉ်ယန္တရားများအတွက် လိုအပ်သော တာယာ၊ ချောဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၈-၁၀-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ e-government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော Database Server, Webserver နှင့် Network infrastructure တည်ဆောက်ခြင်းလုပ်ငန်းများအား (Turnkey Tender) မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၉-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၁၀-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**ဖခင် အမည်မှန်**
ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ အထက(၂)တက္ကသိုလ်ဝင်တန်း(A)မှ မောင်ရဲရင့်မာန်နှင့် အထက(၁)၊ ဆဋ္ဌမတန်း(A)မှ မဖူးသဇ္ဇာခင်တို့၏ဖခင်အမည်မှန်မှာ ဦးဝင်းဆွေဦး ၉/ပသက(နိုင်)၀၃၄၃၀၈ ဖြစ်ပါကြောင်း။
**ဦးဝင်းဆွေဦး**

**ဖခင် အမည်မှန်**
ကျောက်ပန်းတောင်းမြို့နယ်၊ အထက ကဗြူ တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်စည်သူလွင်၏ဖခင်အမည်မှန်မှာ ဦးအောင်မိုးခိုင် ၉/သေရ(နိုင်)၀၁၁၅၅၃ ဖြစ်ပါကြောင်း။
**ဦးအောင်မိုးခိုင်**

**အမည် ပြောင်း**
ရဲမွန်တပ်မြို့နေ ဒုအရာခံဗိုလ်သိန်းထိုက်၏သမီး မအေးအေးထိုက် ၁၀/မဒန(နိုင်)၀၀၄၁၂၀အား မအေးအေးသက် ၁၀/မဒန(နိုင်)၀၀၄၁၂၀ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မအေးအေးသက် ၁၀/မဒန(နိုင်)၀၀၄၁၂၀**

**ဖခင်အမည်မှန်**
ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မမို့မို့အောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း ၅/ကဘလ(နိုင်)၀၇၄၁၄၈ ဖြစ်ပါကြောင်း။
**ဦးစိန်ဝင်း**

**ဖခင်အမည်မှန်**
ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ကာဘိုး၊ အထက နဝမတန်း(C)မှ မောင်စိုးညွန့်၏ ဖခင်အမည်မှန်မှာ ဦးထွန်းပိုင် ၅/ကဘလ(နိုင်)၁၆၈၂၀၉ ဖြစ်ပါကြောင်း။
**ဦးထွန်းပိုင်**

**ဖခင်အမည်မှန်**
မင်းတုန်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မအိအိဖြူ၏ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ဖြစ်ပါကြောင်း။
**ဦးအောင်ဝင်း**
**၈/မတန(နိုင်)၀၂၃၂၉၄**

**ဖခင်အမည်မှန်**
မင်းတုန်းမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မအေးစန္ဒာဝင်း၏ဖခင်အမည်မှန်မှာ ဦးကျန်ရွှေ ဖြစ်ပါကြောင်း။
**ဦးကျန်ရွှေ**
**၈/မတန(နိုင်)၀၂၆၇၆၅**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(E-8)မှ မောင်လားရမ်းငှက်သာ၏ ဖခင်အမည်မှန်မှာ ဦးသလန်းလျံချူးမာ ၅/ကလထ(နိုင်)၀၇၉၄၇၈ ဖြစ်ပါကြောင်း။
**ဦးသလန်းလျံချူးမာ**

**ဖခင်အမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၄)၊တက္ကသိုလ်ဝင်တန်း(ခ)မှ မသဲဇင်မာဦး၏ဖခင်အမည်မှန်မှာ ဦးလှနိုင်ဦး ၁၂/သဃက(နိုင်)၀၁၉၁၇၅ ဖြစ်ပါကြောင်း။
**ဦးလှနိုင်ဦး**

# မြန်မာ့မီးရထားလမ်းများကို ဂျိုက်ကာအကူအညီဖြင့် အဆင့်မြှင့်တင်မည်

**သတင်းမှတ်စု - မောင်စိန်လွင်(မြန်မာ့အလင်း) ဓာတ်ပုံ - မင်းထက်**

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံအတွင်းရှိ မီးရထားလမ်းများကို ကမ္ဘာ့အဆင့်မီးရထားလမ်းများအဖြစ် လမ်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများကို မြန်မာ့မီးရထားက ဂျပန်နိုင်ငံ JICA အဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား (တိုင်း-၇ ရန်ကုန်)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက ပြောကြားသည်။

မြန်မာ့မီးရထားသည် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် အလျောက်ရထားခရီးဖြင့် အသုံးပြုသွားလာရခြင်းသည် အခြားခရီးစဉ်များဖြင့် သွားလာရခြင်းထက် ကုန်ကျစရိတ်သက်သာခြင်း၊ သက်သောင့်သက်သာ ဖြစ်ခြင်းတို့ကြောင့် မြန်မာ့မီးရထားကို အသုံးပြုကြသည်။ ကမ္ဘာ့နိုင်ငံများတွင် မီးရထားကို တွင်တွင် ကျယ်ကျယ်အသုံးပြုနေသည်မှာ နှစ်ရှည်လများ ကြာပြီဖြစ်သည်။ တိုးတက်သည့် နိုင်ငံအချို့တွင် ရေအောက်ရထားနှင့် မြေအောက်ရထားများကိုပင် တွင်ကျယ်စွာအသုံးပြုပြေးဆွဲနေကြပြီဖြစ်သည်။

အဆိုပါ စီမံကိန်းပရောဂျက်ကို မြန်မာ့မီးရထားနှင့် JICA အဖွဲ့တို့ သဘောတူညီမှုရယူပြီး ယခုနှစ် ဇွန် ၂၈ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ JICA အဖွဲ့သည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ ရန်ကုန်-ပဲခူးလမ်းပိုင်းမှ ကီလိုမီတာ ၂၀ ကို လေ့လာ၍ Survey လုပ်ခဲ့ရာ မြေပြင်ရှိရထားလမ်းပိုင်းကို အသေးစိတ်လေ့လာမှုများပြုလုပ်ပြီးရထားများခုတ်မောင်းရာတွင် ရထားတွဲဆိုင်းများ၏ ခုန်ခြင်း၊ ဆောင့်ခြင်းနှင့်လူးခြင်းတို့ ဖြစ်ပေါ်မှုများကို လေ့လာခဲ့ကြသည်။

"ကျွန်တော်တို့ မြန်မာ့မီးရထားနဲ့ JICA အဖွဲ့တို့ အခုလိုလမ်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုတွေကို ပူးပေါင်းပြီးတော့ လုပ်ဆောင်တဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ရထားလမ်းပိုင်းတွေကို သူတို့ဆီမှာလို အဆင့်မြှင့်တင်ပေးချင်တယ်။ နည်းပညာတွေပေးချင်တယ်။ ခုပဲ ကီလိုမီတာ ၂၀ အဆင့်မြှင့် စမ်းသပ်လုပ်ဆောင်တဲ့အခါမှာ ကျွန်တော်တို့ဆီက သံလမ်းရယ်၊ ဇလီဖာတုံးရယ်၊ ကျောက်ရယ်၊ အလုပ်သမားတွေရယ်ပဲ ပေးရမှာပါ။ သူတို့ဆီက ရထားသံလမ်း လုပ်ဆောင်ရမှာ အဆင့်မြှင့်တဲ့ ပစ္စည်းကိရိယာ ၇၅ မျိုးနဲ့ ကျွမ်းကျင်တဲ့လမ်းပိုင်းဆိုင်ရာ ပညာရှင်တွေပါလာပြီး လက်တွေ့ အကောင်အထည်ဖော် စံနမူနာပြ လုပ်ဆောင်ပေးသွားမှာပါ။လုပ်ဆောင်ပေးသွားတဲ့ နည်းပညာတွေ၊ ထိန်းသိမ်းမှုတွေကအစ ကျွန်တော်တို့က ရယူပြီး နိုင်ငံအဝန်းမှာရှိတဲ့ ရထားလမ်းတွေကို အဆင့်မြှင့်တင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား(တိုင်း-၇ ရန်ကုန်)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးကျော်ကျော်မျိုးက မြန်မာ့အလင်းသို့ ထပ်မံရှင်းပြခဲ့သည်။

အဆိုပါလမ်းပိုင်းအဆင့်မြှင့်တင်မှုကို ဂျပန်နိုင်ငံမှပညာရှင်များနှင့် ပစ္စည်းများ မကြာမီ ရောက်ရှိလာမည်ဖြစ်ပြီးစတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။ ယင်းရထားလမ်းပိုင်း အဆင့်မြှင့်တင်လုပ်ဆောင်ရာတွင် မြန်မာ့မီးရထားမှ သင်တန်းသား ၃၀ ကို လက်တွေ့သင်ယူစေပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပင်မမီးရထားလမ်းမကြီးဖြစ်သည့်ရန်ကုန်-မန္တလေးလမ်းမကြီးကို အဓိကထား အဆင့်မြှင့်တင် လုပ်ဆောင်သွားမည်ဖြစ်ပြီးမီးရထားလမ်းများ အဆင့်မြှင့်တင်ပြီးပါက ရထားစီးခရီးသွားပြည်သူများ လိုရာခရီးသို့ လျင်လျင်မြန်မြန် ရောက်ရှိသည့်အပြင် အန္တရာယ်လည်းကင်းရှင်းပြီး သက်သောင့်သက်သာနှင့် ဖိမ်ကျကျ ခရီးသွားနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အဆင့်မြှင့် ကွန်ကရစ်မီးရထားသံလမ်းပေါ်တွင် ပြေးဆွဲနေသည့် မြန်မာ့မီးရထား။

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ အစည်းအဝေးခန်းမတွင် UNODC မှ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် လေးနှစ်စီမံကိန်းအတွက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီကကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန၊ ဌာနမှူး ရဲမှူးကြီးမြင့်သိန်းနှင့် ရဲအရာရှိကြီးများ၊ UNODC မှ Country Manager Mr. jason



## မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် လေးနှစ်စီမံကိန်းအတွက် လုပ်ငန်းညှိနှိုင်း

Eligh၊ မူးယစ်ဗဟိုလက်အောက်ရှိ လုပ်ငန်းအဖွဲ့များဖြစ်သည့် အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံများအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့နှင့် ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့များမှ ညွှန်ကြားရေးမှူး ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် UNODC မှ Country Manager Mr. jason Eligh က(၄)နှစ်စီမံကိန်းဆောင်ရွက်မည့်အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့်ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## ပင်လယ်ဘူးခံဇားကြိုးဝိုင်းအတွင်း ကျွန်းသစ် ၅၄ တန်ကျော် ဖမ်းဆီးရမိ

**ကသာ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လယ်ဘူးမြို့နယ် ခံဇားကြိုးဝိုင်းအတွင်းမှ တရားမဝင်ကျွန်းခွဲသားများနှင့် ကျွန်းသစ်လုံးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်များ၌ ပင်လယ်ဘူးမြို့ သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဝင်းတင်သည် ခရိုင်သစ်တောဦးစီးဌာနမှ တောအုပ်ဦးမိုးကိုကို၊ တောခေါင်းဦးမျိုးမင်းဦး၊ ဦးတင်မောင်အုန်းအဖွဲ့နှင့် ပူးပေါင်း၍ သတင်းအရသက်သေများနှင့်အတူ ခံဇားလာကာကြိုးဝိုင်းအတွင်း တိုင်ကြား၀ါပါ အကွက်များအား နေရာအနှံ့သွားရောက်၍ငုတ်ရင်းများအထိ ကွင်းနင်းရှာဖွေရာ ကျွန်းသစ်နှင့် ကျွန်းခွဲသား ၅၄ ဒသမ ၀၁၂၆ တန်နှင့် သစ်များခွဲရာတွင်အသုံးပြုသော အင်ဂျင်နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသဖြင့် တရားမဝင်ကျွန်းသစ်ခုတ်လှဲခွဲစိတ်သူများကို အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

## ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**ကျောက်မြောင်း စက်တင်ဘာ ၁၉**

ရေဝတီမြစ်အတွင်းငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ခွဲ၊ ရတနာသိခ်တံတားအနီး၌ စက်တင်ဘာ ၁၂ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နယ်/လုံ ဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးစိုင်းကျော်မြင့်၊ ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်မြင့်၊ ခရိုင်/မြို့နယ်/မြို့နယ်ခွဲ အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်၍ တပျော်တပါးငါးမျိုးများ စိုက်ထည့်ကြသည်။

ယင်းအခမ်းအနားတွင် ထိုင်းငါးခုံးမကြီးကောင်ရေတစ်သိန်း၊ ငါးမြစ်ချင်းကောင်ရေတစ်သိန်း စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ်ခွဲ ပြန်/ဆက်)**

## သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြော

**ဘော်လခဲ စက်တင်ဘာ ၁၉**

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ် မိုင်းထမ်းကျေးရွာ (ကျေးရွာဖွံ့ဖြိုးပညာတိုး) စာကြည့်တိုက်တွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်မှ ဧပြီလ ၁၀ရက်အထိ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၃ရက် နံနက် ၇နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာထွန်းက သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းမည့် မေးခွန်းများနှင့်ပြည်သူများဖြေကြားရမည့် အကြောင်းအရာများ ဟောပြောဆွေးနွေးကြသည်။

**(ခရိုင် ပြန်/ဆက်)**



## မိုးကုတ်သံဝေဇနိယ ဓမ္မပူဇာအဖွဲ့(နေ့) တရားစခန်း

မိုးကုတ်သံဝေဇနိယ ဓမ္မပူဇာအဖွဲ့နှင့် မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)တို့ ပူးပေါင်း၍ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၊ အလယ်ပစ္စယာရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ၂၈-၉-၂၀၁၃ ရက်(စနေနေ့)မှ ၂-၁၀-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ထိ မိုးကုတ်သံဝေဇနိယ ဓမ္မပူဇာအဖွဲ့၏ (၃၈)ကြိမ်မြောက်(နေ့)တရားစခန်းကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည် ဖြစ်ပါသည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့်လုပ်ငန်းစဉ်များကို တိုက်ရိုက်နာယူကျင့်ကြံအားထုတ်ကြမည်ဖြစ်ရာ ဆရာမကြီးဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ) (မြောက်ဦး) က တရားတော်အနှစ်ချုပ်စာအုပ်/စာစောင်များ၊ သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ ပေါင်းကူးရှင်းလင်း-ဆွေးနွေးပေးမည်ဖြစ်ပါသည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ရခိုင်ပြည်နယ်ဓမ္မာရုံ ဖုန်း-၃၇၅၇၂၈၊ ဦးအေးမောင် ဖုန်း-၀၉-၅၀၂၄၇၃၃၊ ဦးစောသိန်း ဖုန်း-၀၉-၄၂၀၀၁၀၃၄၀၊ ဒေါ်အေးမာ ဖုန်း-၅၄၅၉၉၃တို့သို့ ဆက်သွယ်၍ ဝင်ခွင့်ပုံစံဖြည့်စွက်စာရင်းပေးနိုင်ပါကြောင်း။

**မိုးကုတ်သံဝေဇနိယဓမ္မပူဇာအဖွဲ့**
**မြောက်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## I.T.C (1) Thanlyin

စက်မှုသင်တန်းကျောင်း အမှတ်(၁)သန်လျင်တွင် တက်ရောက်သင်ကြားခဲ့သော သင်တန်းသားများမှ ဒုတိယအကြိမ် ဆရာကန်တော့ပွဲနှင့် ကျောင်းသားမိတ်ဆုံစားပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၈ရက် (စနေနေ့)၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသေးစိတ်သိရှိလိုသည်များနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် အောက်ဖော်ပြပါ ကျောင်းသားများထံ မပျက်မကွက် ဆက်သွယ်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေရာနှင့်အချိန်အား ထပ်မံကြေညာပေးပါမည်။

| | |
|---|---|
| **စဉ် (၁) ရန်အောင်** | **ဖုန်း-၀၉-၄၄၈၀၀၄၀၇၂** |
| **စဉ် (၂) ကျော်တင့်** | **ဖုန်း-၀၉-၇၃၀၂၄၉၉၂** |
| **စဉ် (၃) ဇော်နိုင်ဦး** | **ဖုန်း-၀၉-၅၀၆၆၉၇၅** |
| **စဉ် (၄) အောင်ကျော်စွာ** | **ဖုန်း-၀၉-၄၂၅၂၆၄၃၅၃** |
| **စဉ် (၅) မိုးကျော်ကျော်** | **ဖုန်း-၀၉-၄၅၀၀၃၉၉၈၆** |
| **စဉ် (၆) ရဲညွန့်ဟန်** | **ဖုန်း-၀၉-၅၀၈၄၇၅၉** |
| **စဉ် (၇) ကျော်သူရ** | **ဖုန်း-၀၉-၇၃၁၈၉၇၃၄** |

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(E)မှ မရွှေအိ၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၇/ဖမန(နိုင်)၁၀၂၈၂၂ ဖြစ်ပါသည်။

## ဖြည့်စွက်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာပါ ၂၅-၈-၂၀၁၃ရက်ထုတ် စာမျက်နှာ ၂၁တွင် ဒဂုံမြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆) ကြော်ငြာတွင် အရောင်းအဝယ်စာချုပ်ချုပ်ရန် ဖြည့်စွက်ဖတ်ရှုပါရန်။

## မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(D)မှ ဖခင်ဦးအိုက်ဆံ ၁၃/လရန(နိုင်)၀၈၄၂၈၀၏ သား မောင်သိန်းဟန် (၆၈၄၀/၁၂) ၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၅-၁၉၉၈ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၃)၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မမိုးမိုးအေး၏မိခင်အမည်မှန်မှာ ဒေါ်ရှောယုံ(ခ)ဒေါ်ရှောက်ယုံ ၁၃/လရန(နိုင်)၀၅၇၀၀၃နှင့် ဖခင်အမည်မှန်မှာ ဦးလျှိုအန်ကျိုန်(ခ)ဦးမောင်မောင်ဦး ၁၃/လရန(နိုင်)၀၅၄၁၉၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း(E) မှ မောင်ကံကောင်း၏ဖခင်အမည်မှန်မှာ ဦးစိန်ဝင်း ၅/ဝလန(နိုင်) ၀၆၁၅၀၉ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးသက်နိုင်၏သမီး တက္ကသိုလ်ဝင်တန်းမှ မအေးမမမျိုးနှင့်မအေးချမ်းမြေ့တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

**မအေးမမမျိုး(ခ)မအေးချမ်းမြေ့**

## မိဘအမည်မှန်

လားရှိုးမြို့၊ အလက (၃)၊ အထက (ခွဲ)မှ နန်းမိုဟွမ်၏မိဘအမည်မှန်မှာဦးစိုင်းထွန်းအေး ၁၃/သနန(နိုင်)၀၃၄၃၀၅နှင့် ဒေါ်နန်းစိန်ညွန့် ၁၃/သနန(နိုင်)၀၃၄၃၀၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်း (C)မှ မခင်မြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၉/မလန(နိုင်)၁၀၀၂၉၂ ဖြစ်ပါသည်။

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်ဦးဆွတ်နန် ၁၃/တယန(နိုင်)၀၂၅၀၆၂ မှ အများသိစေရန် ကြေညာအပ်သည်မှာ ကျွန်တော်၏ဇနီး ဒေါ်နန်းစိန်ညွန့် ၁၃/သနန(နိုင်)၀၂၁၁၄၁ သည် မိမိစိတ်သဘောအလျောက် အိမ်ပေါ်မှဆင်းသွားသည့်အတွက် အိမ်ပေါ်မှဆင်းသွားသည့် ၂၀-၃-၂၀၁၀ရက်မှစပြီး ဇနီးအဖြစ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမဆို ကျွန်တော်ဦးဆွတ်နန်နှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးဆွတ်နန်၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၇)၊ လားရှိုးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်၊ အိမ်နံပါတ်(၁၁၃/၄)နေ (ဦးမောင်ချို)-ဒေါ်အုံးလှတို့၏သား မောင်ထက်ထွန်းချို ၅/ကလထ(နိုင်)၁၅၈၅၂၇ သည် မိခင်ကြီး၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိမိသဘောနှင့်မိမိထင်ရာလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းပြဿနာကိစ္စအဝဝအားလုံးကို လုံး၀(လုံး၀)တာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်အုံးလှ**
**၅/ကလထ(နိုင်)၀၁၃၃၁၅**

## ဌာနဆိုင်ရာကြော်ငြာ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## LL.M ဘွဲ့ရ အလုပ်လျှောက်ထားသူများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် LL.M ဘွဲ့ရ အလုပ်လျှောက်ထားလာသူများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

| စဉ် | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| (က) | English | ၅-၁၀-၂၀၁၃ရက် (စနေနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ | အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊ |
| (ခ) | သက်ဆိုင်ရာ ဘာသာရပ် | ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ | အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်) |

၂။ အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁ နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း (လှိုင်)
## ICTTI Software Development, Network Development သင်တန်းများနှင့် Advanced Course သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်)နှင့် ဂျပန်နိုင်ငံ (JICA) တို့ ပူးပေါင်းဖွင့်လှစ်သည့် ICTTI သင်တန်းဌာနတွင် အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ |
|---|---|---|---|
| (၁) | Software Development Course | ၂၂ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၂) | Network Development Course | ၂၂ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၃) | Advanced Web Development Course (Web Design and PHP Web Development) | ၅ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၄) | Cisco Learning Network Course (Routing & Switching and Voice) | ၄ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၅) | Oracle Database 11 g Course (SQL, PL/SQL and DBA) | ၃ ပတ် | ၁၂-၁၁-၂၀၁၃ ရက် |
| (၆) | Mobile Phone System Development Course | ၄ ပတ် | ၁၆-၁၂-၂၀၁၃ ရက် |
| (၇) | Advanced Server Course (Virtualization and LDAP) | ၇ ပတ် | ၂၃-၁၂-၂၀၁၃ ရက် |
| (၈) | Project Management Course | ၄ ပတ် | ၂၀-၁-၂၀၁၄ ရက် |
| (၉) | Web and Cloud System Development Course | ၄ ပတ် | ၁၇-၂-၂၀၁၄ ရက် |
| (၁၀) | Java Framework-based Development Course (Spring 3) | ၂ ပတ် | ၁၈-၃-၂၀၁၄ ရက် |
| (၁၁) | Ruby on Rails Framework-based Development Course | ၂ ပတ် | ၂-၄-၂၀၁၄ ရက် |

၂။ အမှတ်စဉ်(၁)နှင့် (၂) သင်တန်းများတွင် မိမိကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။
၃။ အမှတ်စဉ်(၃) သင်တန်းအတွက် Programming အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၄။ အမှတ်စဉ်(၄) သင်တန်းအတွက် ICTTI Network Development သင်တန်းတက်ရောက်အောင်မြင်ပြီး Cisco Networking အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၅။ အမှတ်စဉ် (၅)သင်တန်းအတွက် Database အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၆။ အမှတ်စဉ် (၆)နှင့် (၉)သင်တန်းများအတွက် ICTTI သင်တန်းဌာနမှ Software Development သင်တန်းနှင့် IMCEITS သင်တန်းဌာနမှ Java Programming သင်တန်း တက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
၇။ အမှတ်စဉ် (၇)သင်တန်းအတွက် ICTTI Network Development သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
၈။ အမှတ်စဉ် (၈)သင်တန်းအတွက် IT Professional အဖြစ် အသက်မွေးဝမ်းကျောင်းမှု သက်တမ်းအနည်းဆုံး(၅)နှစ်နှင့်အထက်ရှိသူများ လျှောက်ထားနိုင်သည်။
၉။ အမှတ်စဉ် (၁၀)သင်တန်းအတွက် Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၁၀။ အမှတ်စဉ် (၁၁)သင်တန်းအတွက် Java Programming နှင့် Framework အခြေခံရှိသူများ လျှောက်ထားနိုင်သည်။
၁၁။ သင်တန်းများသည် အစိုးရ ရုံးပိတ်ရက်မှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။
၁၂။ သင်တန်းအောင်မြင်ပြီးဆုံးပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်) နှင့် ဂျပန်နိုင်ငံ (JICA) တို့မှ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်သည်။
၁၃။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-
(က) B.C.Sc/ B.C.Tech/ B. Tech (IT)/ B.E (IT)/ B.Sc (Computer Science)/ M.C.Sc/ M.C. Tech/ M.I. Sc/ M.A.Sc/ M.E(IT)/ M.Sc (Computer Science) (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ Network Development သင်တန်းအတွက် အဆိုပါဘွဲ့များအပြင် B.Tech (EC), B.E (EC), M.E (EC) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ Computer Hardware ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။
(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသောကတိဝန်ခံချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။
(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာပါရှိရမည်။
(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။
၁၄။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၁-၁၀-၂၀၁၃ နှင့် ၁၂-၁၀-၂၀၁၃ | Online ဝင်ခွင့်စာမေးပွဲ | နံနက် ၉း၀၀နာရီမှ ၁၁း၀၀ နာရီအထိ | ICTTI သင်တန်းဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း (လှိုင်) |

၁၅။ လျှောက်လွှာများအား သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ ICTTI သင်တန်းဌာနတွင် ၉-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။
၁၆။ အခြားသိရှိလိုသည်များရှိပါက ICTTI သင်တန်းဌာန ဖုန်း-၀၁-၅၂၂၄၂၉၊ ၀၁-၆၆၁၇၁၄၊ ၀၁-၆၅၂၅၄၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောက်ဖော်ပြပါတက္ကသိုလ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁ | ကျောင်းပတ်လည်အုတ်ခြံစည်းရိုးနှင့်ဂိတ်တံခါး(၈)ခုပြုလုပ်ခြင်းလုပ်ငန်း |
| | | ၂ | ပြင်ပလျှပ်စစ်လုပ်ငန်း (Over Head Line ကြိုးများမရှိသော နေရာများတွင် Over Head Line ကြိုးများသွယ်တန်းခြင်းနှင့် လုံခြုံရေးမီးများတပ်ဆင်ပေးခြင်း) |
| | | ၃ | (၆)ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်ထပ်အဆောက်အအုံ (၂)လုံး ဆောက်လုပ်ခြင်း (ပေ၁၂၀× ပေ၂၀) (ရေမီးအပါအဝင်) RC |
| | | ၄ | (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (၂)ထပ် အဆောက်အအုံ (၂)လုံး ဆောက်လုပ်ခြင်း (၆၀' ×၃၀') (ရေမီးအပါအဝင်) RC |
| | | ၅ | တက္ကသိုလ်ဝင်းအတွင်း ၈" ထု ကွန်ကရစ်လမ်းခင်းခြင်း (၃၀၀၀'×၁၄') |
| | | ၆ | မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း ပြုလုပ်ခြင်း (ပွဲကြည့်စင်မပါ) |
| ၂ | ဒဂုံတက္ကသိုလ် | ၇ | စာကြည့်တိုက်အဝင်အထွက် ကျောက်ချောကတ္တရာလမ်း ပြုလုပ်ခြင်း (၁၃၉၆'×၁၁') |
| | | ၈ | ဘောလုံးကွင်း ပွဲကြည့်စင် (၂)ထပ်၊ လှေခါးထစ် ၁၅ထစ် (၁၅၀'×၃၄') ၁ခု ဆောက်လုပ်ခြင်း (RC) |
| | | ၉ | ရေပန်းအဝိုင်းမှ ဂိတ် (၁)ဘက်သို့ (၃'×၅'×၉") ပေ အရှည် (၅၂၄၀')နှင့် ရေပန်းအဝိုင်းမှ ဂိတ် (၂)ဘက်သို့ (၃'×၅'×၉")ပေအရှည် (၃၇၃၅') ရေမြောင်းပြုလုပ်ပေးခြင်း |
| | | ၁၀ | ဒဂုံတက္ကသိုလ်စာသင်ဆောင် (၃၈၊ ၃၉၊ ၄၀) ရှေ့သပြေလမ်းကို ကျောက်ချောကတ္တရာ လမ်းသားသစ်တင်ပေးခြင်း (၁၈၀၀'×၁၄')၊ |
| | | ၁၁ | ဒဂုံတက္ကသိုလ်ဝင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း[သိပ္ပံလမ်းနှင့်ဂိတ် (၃)ကြား]ကို ကျောက်ချောကတ္တရာ လမ်းသားအသစ်တင်ပေးခြင်း (၁၀၀၀'×၁၆') |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၉-၂၀၁၃ရက်မှစတင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များတွင် တင်သွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့်တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
ပါမောက္ခချုပ်ရုံးခန်း-ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)
ပါမောက္ခချုပ်ရုံးခန်း-ဒဂုံတက္ကသိုလ်
၅။ အသေးစိတ်သိရှိလိုသောအချက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ဖုန်း-၀၁-၅၈၅၀၆၇၊ ၀၁-၅၈၅၀၇၃၊ ၀၁-၅၈၅၀၇၂ နှင့် ဒဂုံတက္ကသိုလ် ဖုန်း-၀၁-၅၈၅၀၁၀၊ ၀၁-၅၈၅၀၀၈ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
## Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း (လှိုင်)ရှိ India-Myanmar Center for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်ရက် |
|---|---|---|---|
| (၁) | Java Programming Course | ၂၄ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၂) | MS.Net Programming Course | ၂၄ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၃) | Wireless and Mobile Computing | ၂၄ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၄) | Android Application Development | ၈ ပတ် | ၁၁-၁၁-၂၀၁၃ ရက် |
| (၅) | WinCE. Net Programming | ၆ ပတ် | ၂၇-၁-၂၀၁၄ ရက် |

၂။ အမှတ်စဉ် (၁)၊ (၂) နှင့် (၃)သင်တန်းများသည် မိမိ၏ပရိုဂရမ်စွမ်းရည်ကိုအခြေခံ၍ ကြိုက်နှစ်သက်ရာသင်တန်းကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။ အဆိုပါသင်တန်းများတွင် Software Program များကို မိမိကိုယ်တိုင်တာဝန်ယူ ရေးသားနိုင်ရန် သင်ကြားမည်ဖြစ်သည်။
၃။ အမှတ်စဉ် (၃)၊ (၄)၊ (၅)သင်တန်းများသည် Mobile Phone များပေါ်တွင် Mobile Application Program များကို ရေးသားနိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည်ဖြစ်သည်။
၄။ အမှတ်စဉ်(၄)သင်တန်းအား IMCEITS သင်တန်းဌာနနှင့် ICTTI သင်တန်းဌာနတို့မှ Software Development (Java Programming) သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
၅။ အမှတ်စဉ် (၅)သင်တန်းအား IMCEITS သင်တန်းဌာနမှ MS.Net Programming သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။
၆။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်မှအပ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ အချိန်ပြည့်သင်တန်းများဖြစ်သည်။
၇။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-
(က) B.C.Sc/ B.C. Tech/ B.Tech (IT)/B.E (IT)/ B.Sc (Computer Science) / M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/ M.E(IT)/ M.Sc(Computer Science) ဘွဲ့တစ်ခုခုရရှိပြီးသူ (သို့မဟုတ်)နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ IT အထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူ ဖြစ်ရမည်။
(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှသတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။
(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုအမိန့်စာ ပါရှိရမည်။
(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။
၈။ သင်တန်းလျှောက်ထားသူများသည် အောက်ပါရက်များတွင် Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်-

| နေ့ရက် | စာမေးပွဲ | အချိန် | နေရာ |
|---|---|---|---|
| ၁၁-၁၀-၂၀၁၃ | Online ဝင်ခွင့် စာမေးပွဲ | နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီထိ | IMCEITS သင်တန်းဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း (လှိုင်) |

၉။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာနတွင် ၉-၁၀-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။
၁၀။ အခြားသိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉၊ ၀၁-၆၆၂၃၂၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄က/၇၁၄၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်တူး ၁/မကတ(နိုင်)၀၅၁၈၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူတင်ပြသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

**အမည်မှန်**

ကျုံပျော်မြို့ (အထက) တက္ကသိုလ်ဝင်တန်း(C)မှ ဦးမြစံ၏သမီး နန့်ခိုင်နှင်းဆီသင်း၏ အမည်မှန်မှာ နန့်ခိုင်နှင်းဆီ ဖြစ်ပါသည်။

**နန့်ခိုင်နှင်းဆီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ခ/၃၇၁၅၊ မစ်ဆူဘီရှီဖူဆို Bus ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးလွင် ၉/မခန(နိုင်)၁၁၉၇၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၁ / ၂၀၁၃

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဦးစီးဌာနတွင်လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| ဦးစီးအရာရှိ | ၂ နေရာ | မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) |
| | ၁ နေရာ | မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၁-၁၀-၂၀၁၃ရက်နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇)နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး၁၁-၁၀-၂၀၁၃နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇-၆-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၁၇ / ရွေးချယ်ရေး (အမိက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၁-၁၀-၂၀၁၃ နေ့အရောက် ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၂-၃-၂၀၁၄ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀-၃-၂၀၁၄ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော် ( တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board

## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၃ / ၂၀၁၃

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

၁။ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| မန်နေဂျာ | ၂ နေရာ | ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) |
| | ၂ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၁ - ၁၀ - ၂၀၁၃ ရက်နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇)နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၁ - ၁၀ - ၂၀၁၃နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇ - ၆ - ၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၁၇ / ရွေးချယ်ရေး (အမိက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၁ - ၁၀ - ၂၀၁၃နေ့အရောက် ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၂-၃-၂၀၁၄ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀ - ၃ - ၂၀၁၄ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော် ( တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀ ) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။


## ပျောက်ဆုံးကြောင်း

ပြည်ပမှ ကားတင်သွင်းခွင့်ပါမစ်မူရင်း ဒေါ်ဥမ္မာ ၁၂/တမန(နိုင်)၀၀၄၄၄၅၊ ဒေါ်ခင်အေးရီ ၁၂/ဥကတ(နိုင်)၁၂၁၈၆၆ နှစ်စောင် ပျောက်ဆုံးပါ၍ ရရှိသူ အမြန်ဆက်သွယ်ပါ။

**ဦးဝင်းနိုင်**
**ဖုန်း-၀၉-၇၃၀၆၀၆၀၇၊ ၀၉-၃၁၈၃၅၁၀၇**

## အမည်ပြောင်း

ဦးဖျားရယ်၏သား၊ လှိုင်ကော်မြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဖဲဘူးအား မောင်မီရယ်ဖဲဘူးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မီရယ်ဖဲဘူး**

## ကားရောင်းမည်

Mitsubishi, Lancer
EVO 10, 2009,
2.0 turbo, premium grade,
Manual, ယာယီ Price : 430,
**Ph: 09-43064615**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ကိုကို ၁၂/တမန(နိုင်)၀၄၈၄၅၂၏ မော်တော်ကားသွင်းကုန်ပါမစ်အမှတ် (ISP IDV8 13-14 8541 03/06/13)မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၁၁၆၃၅၅**

## အများသိစေရန်နှင့် OK ဆန်စက် အမှတ် ၃၈၈ ပိုင်ရှင် ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၀၈၆၇၇၊ (ကိုဝင်းနိုင်နှင့် ညီအစ်ကိုမောင်နှမများ OK ဆန်၊ ဆီနှင့် အထွေထွေရောင်းဝယ်ရေး၊ ဘုရင့်နောင်ပွဲရုံ) တို့အား အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ပြည်လမ်း၊ အမှတ် ၁၁၅၊ တတိယထပ်နေ ဦးဝင်းနိုင် ၁၂/မဘန(နိုင်)၀၇၆၉၄၉ ASIA ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြား တောင်းဆိုခြင်းပြုသည်မှာ-

၁။ ကျွန်ုပ်တို့၏အမှုသည် ဦးဝင်းနိုင် ၁၂/မဘန(နိုင်)၀၇၆၉၄၉ ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်နှင့် လူကြီးမင်း OK ဦးဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၀၈၆၇၇တို့သည် ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့ရှိ OK ဆန်စက်အပါအဝင် မြေနေရာနှင့် ဆန်ဂိုဒေါင်၊ သိုလှောင်ရုံများနှင့် အဆိုပါဝင်းအတွင်းရှိ မရွှေ့မပြောင်းနိုင်သော စက်ပစ္စည်းများအားလုံးအတွက် ငွေကျပ်သိန်း ၃၅၀၀(ကျပ်သိန်းသုံးထောင့်ငါးရာတိတိ)ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် နှစ်ဦးနှစ်ဖက် သဘောတူခဲ့ကြပြီး ကျပ်သိန်း ၂၅၀၀(ကျပ်သိန်းနှစ်ထောင့်ငါးရာတိတိ)ပေးချေခဲ့ပြီးဖြစ်ပါသည်။

၂။ ကျွန်ုပ်အမှုသည်က လူကြီးမင်းသို့ OK ဆန်စက် အမှတ်၃၈၈ နှင့် မြေတည်နေရာအပါအဝင် ဆန်ဂိုဒေါင်၊ သိုလှောင်ရုံများနှင့် အဆိုပါဝင်းအတွင်းရှိ မရွှေ့မပြောင်းနိုင်သော စက်ပစ္စည်းများအားလုံးအတွက် ရောင်းဖိုးကျန်ငွေ ကျပ်သိန်း ၁၀၀၀(ကျပ်သိန်းတစ်ထောင်တိတိ) ပေးချေရန်ဖြစ်ပြီး၊ လူကြီးမင်းဘက်မှ ရောင်းဖိုးကျန်ငွေလက်ခံ၍ တရားဝင်အပြီးသတ်စာချုပ်ချုပ်၍ ကျွန်ုပ်တို့၏ အမှုသည် ဦးဝင်းနိုင် ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရေးအတွက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း (၂)ကြိမ်တိတိ နို့တစ်စာပေးပို့ထားပြီးဖြစ်သော်လည်း လူကြီးမင်းမှ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိပါ။

၃။ ကျွန်ုပ်တို့၏အမှုသည် ဦးဝင်းနိုင် ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်အနေဖြင့် OK ဆန်စက် အမှတ်၃၈၈၊ မြေနေရာနှင့် ဆန်ဂိုဒေါင်သိုလှောင်ရုံများအပါအဝင် အဆိုပါဝင်းအတွင်းရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံးအတွက် ရောင်းဖိုးကျန်ငွေကျပ်သိန်း ၁၀၀၀(ကျပ်သိန်းတစ်ထောင်တိတိ)ကို ပေးချေရန် အသင့်ဖြစ်နေပါသည်။ လူကြီးမင်းမှ ရောင်းဖိုးကျန်ငွေလက်ခံရယူပြီး တရားဝင် အရောင်းအဝယ်အပြီးသတ် စာချုပ်ချုပ်ဆို၍ အမည်ပေါက်ပိုင်ဆိုင်ရေးကို ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မပျက်မကွက်ဆောင်ရွက်ပေးပါရန် အလေးအနက် အသိပေးအကြောင်းကြားတောင်းဆိုအပ်ပါသည်။ လူကြီးမင်းမှ ဆောင်ရွက်ရန်ပျက်ကွက်ပါက ဦးဝင်းနိုင် ASIA ဆန်စက်နှင့် ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်၏ ညွှန်ကြားချက်အရ တည်ဆဲဥပဒေများနှင့်အညီမလွဲမသွေ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချစ်ကိုကို**
**LL.B, H.G.P, Dip in Business Law**
**Dip in Applied Psychology, Dip in Martime Law**
**WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄**

**ဦးသန်းဌေး LL.B**
**D.L.101, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး (စဉ်-၃၈၅၁/၁၉၈၆ ခုနှစ်)**
**ဖုန်း-၀၉-၇၃၁၈၁၁၀၇/၀၁-၅၅၃၂ ၁၆**
**E-mail: thanhtay.myanmar@ gmail.com**
**အမှတ် ၅၀၁၊ ယမုံနာလမ်း၊ မြို့သစ်ရပ်ကွက်၊ (ဗန္ဓုလတံတားအနီး) ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**


## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ် (၇၄/ရွှေအိုက်)၊ ဦးပိုင်အမှတ် ၂၄၄၊ မြေဧရိယာ ၀ဒသမ၁၁၀၈က အကျယ်အဝန်း စတုရန်းပေ ၄၈၀၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ရှိ နေအိမ်၌ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဗိုလ်မှူးခင်မောင်ဝင်း ၁၂/မဘန(နိုင်)၀၀၂၀၃၃ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၃၀(၃) ၂၀၀၈-၂၀၀၉အရ (၂၉-၇-၂၀၀၈)မှ (၂၈-၇-၂၀၀၉)ရက်အထိ နှစ် (၃၀) မြေငှားဂရန်ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါမြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် ဗိုလ်မှူးခင်မောင်ဝင်းက တင်ပြတောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟု တင်ပြသောမြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၂၂၆၁၊ KIABESTA, M/B (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၂/ဒဂမ(နိုင်)၀၀၉၉၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**


## ဖခင်အမည်မှန်

အထက(၂) တပ်ကုန်း နဝမတန်း(J)မှ မောင်ဝေဠုကျော်၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၉/တကန(နိုင်)၀၇၃၅၂၆ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**
**၉/တကန(နိုင်)၀၇၃၅၂၆**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁ ရပ်ကွက်၊ ဇေယျာသစ္စာလမ်း၊ အိမ်အမှတ် ၁၅(ခ)၊ မြေကွက်အမှတ် ၄၁၄၊ ဦးစန်းကြည်အမည်ပေါက် ပိုင်ဆိုင်ပြီး ယခုလက်ရောက်ပိုင်ရှင်ဖြစ်သူ ဒေါ်ရင်ရွှေနှင့်သားသမီးများက အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိ၍ အစဉ်အဆက်ပိုင်ဆိုင်သည်ဟု အဆိုပြုကာ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်က ဝယ်ယူရန် သဘောတူကြသည့်အလျောက် ၁၄-၉-၂၀၁၃ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများအနေဖြင့် သက်သေခံစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မနွယ်နီမင်း (K. thousands Beauty Sloon)**
**၁၀/သထန(နိုင်)၁၄၉၀၇၆**
**ဖုန်း-၀၉-၈၆၂၁၃၆၂၊ ၀၉-၄၂၀၁၇၉၈၅၀**
**အမှတ် ၁၀B၊ ခေမာလမ်း၊ ၈ ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**


## ဖခင်အမည်မှန်

အထက ဗထူး၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဝိဝိစိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင် ၁၃/ရစန(နိုင်)၀၇၀၂၁၈ ဖြစ်ပါကြောင်း။ **ဦးမြင့်မောင်**


## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၉ဂ/၄၃၇၂၊ ISUZU ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းအောင် ၁၃/တကန(နိုင်)၁၂၅၁၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## လူမှုရေးကြော်ငြာ

### မိခင်အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(E)မှ မဇယ်ညွယ်၏ မိခင်အမည်မှန်မှာ ဒေါ်ဟောင်နန်း ၁၃/ကလတ(နိုင်)၀၁၆၀၀၇ ဖြစ်ပါသည်။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သီလဝါစက်မှုဇုန်၊ မြေကွက်အမှတ် ၁၀၃၊ ဧရိယာ ၁ ဒသမ ၈ ဧကကို အမည်ပေါက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း) ၈/မကန(နိုင်)၀၂၀၂၉၂ ထံမှ ဦးစိုင်းညာ ၁၃/မကန(နိုင်)၀၁၄၅၉၉ က ဝယ်ယူခဲ့ပြီး ၄င်း၏အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်မြင့် (ခ) ဦးဟုတ်လှိုင် (မြောင်းမြ)

## အသက်(၅၉)နှစ်

ဦးကြူစူးချန်(ခ)ဦးစုစွမ်-(ဒေါ်ကောက်ပို့)တို့၏သားကြီး ဦးအောင်မြင့်သည် ၁၅-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မိုး-ဒေါ်အေးမြအောင်**
**Steel Dragon (စတီးလ်စတီးဆိုင်)မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးအောင်တင် (ငြိမ်း)**

**အသက်(၈၁)နှစ်**

Air Bagan Ltd. ၏ Training Manager လေယာဉ်မှူးကြီး ဦးဇော်ထွန်းအောင်နှင့်ဇနီး၊ ဒေါက်တာသီတာအေး (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး/မြောက်ဥက္ကလာပဆေးရုံ) တို့၏ ဖခင် ဒုတိယဗိုလ်မှူးကြီးအောင်တင်(ငြိမ်း) အသက်(၈၁)နှစ်သည် ၁၅-၉-၂၀၁၃ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးမေတ္တာဆေးရုံမိသားစု**
**ဆင်ရေတွင်း၊ ကမာရွတ်၊ ရန်ကုန်**

# ဝမ်းနည်းကြေကွဲခြင်း

အမှတ် ၂၃၊ အေးလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့နေ ကျေးဇူးရှင် ဦးအောင်မြင့်(ခ)ဦးဟုတ်လှိုင် အသက်(၅၉)နှစ်သည် ၁၅-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကိုနေဇင်လင်းထွဋ်-မဥဥချစ်ပိုင်**
**(VENUS) နေပူခံလက်အိတ်လုပ်ငန်း**
**မန္တလေး**

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃) သတ္တမတန်း(D)မှ ဦးသိန်းကျော်၏သမီး မယဉ်မိုးကျော် ကျောင်းဝင်အမှတ် ၄/၀၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၂-၂၀၀၁ ဖြစ်ပါကြောင်း။

### ဦးကျော်မြင့်

**ဆည်မြောင်းဝန်ကြီးဌာန(ငြိမ်း)**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၃/၈၃၊ နတ်ပန်းချီလမ်းနေ (ဦးလောရှိန်-ဒေါ်မြ)တို့၏သား၊ (ဦးကျင်ဟုတ်-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်ကျင်တီ၏ခင်ပွန်း၊ (ဦးထွန်းအေး)၊ (ဒေါ်ရှုခင်)၊ (ဒေါ်ရှုသန်း)၊ (ဦးကျော်ညွန့်)၊ (ဦးမြင့်အုန်း)၊ (ဦးကျော်ဖေ)တို့၏ ညီ/မောင်၊ (ဦးဝင်းတင်)၊ ဦးငွေးဝင်းတို့၏အစ်ကို၊ ဦးကျော်ဦး-ဒေါ်ချို၊ ဒေါ်အေးအေးမြင့် (အမက-၂၈၊ ရွှေပြည်သာ)၊ ဦးအောင်ခိုင်-ဒေါ်ချိုမာ၊ (ဦးအောင်နိုင်)-ဒေါ်သီတာဝင်း (Blue Diamond Co.,Ltd.)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၈-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၉- ၂၀၁၃ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးတင်မော်သန်း

**B.A (စိတ်ပညာ)၊ နေလ(စာပေ)**

**အသက်(၆၆)နှစ်**

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ် ၃၁၊ ဦးပိုင်အမှတ် ၂/က၊ ဧရိယာ ၀ ဒသမ ၁၁၇ဧကရှိ နှစ် ၃၀အငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်သွင်သွင်အေးထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ၄င်းမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B, H.G.P**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၂၄)**
**အမှတ် ၁၆၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄(A)၊ မြေကွက်အမှတ် ၁၆၆၊ အကျယ်အဝန်းစတုရန်းပေ ၂၁၇၆၀၊ ဧရိယာ ၀ ဒသမ ၄၉၉ဧကအကျယ်အဝန်းရှိ ဒေါ်ညွှန့်ယဉ်ဝင်းအမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင် ဒေါ်ညွှန့်ယဉ်ဝင်း ၁၂/ရကန(နိုင်)၀၀၉၇၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုခိုင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၁၉၂၈)**
**အခန်း ၄၊ ၃၆ လမ်း၊ (၉/၁၁)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၈၇၈၃၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board

**လျှောက်လွှာခေါ်ယူခြင်း**

ကြော်ငြာစာအမှတ်၊ ၁၂ / ၂၀၁၃

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

၁။ [illegible]

| စဉ် | ရာထူး | လစာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | [illegible] | | [illegible] |
| (ခ) | [illegible] | | [illegible] |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) [illegible]

(ဂ) [illegible]

၃။ [illegible] **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် စာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ စာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ [illegible] **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** [illegible]

၅။ **ဝန်ထမ်းများသည်** [illegible]

၆။ [illegible]

၇။ [illegible]

၈။ [illegible]

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။


# နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

ညည်းရည်ချက်

[illegible]

**ဗုဒ္ဓဂယာခရီးစဉ် -(၇)ရက်ခရီး - ၈၅ သိန်း၊ (၁၂)ရက်ခရီး - ၉၁ သိန်း၊ (၁၅)ရက်ခရီး - ၁၀၀ သိန်း**

[illegible]

**သိရိလင်္ကာ - ဘန်ကောက် ခရီးစဉ် (၇) ရက်ခရီး - (၁၂.၅) သိန်း**

**(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။**

[illegible]

**MCC Training Institute**

**3rd Year - B.Sc (Hons) Business IT, (University of Greenwich, UK)**

**2nd Year - Level 5 Diploma in Computing (NCC, UK)**

**1st Year - Level 4 Diploma in Computing (NCC, UK)**

- အလုပ်ခွင်မပျက် ပညာရှာလိုသူများ၊ ကျောင်းတက်ချိန်ရှိသူများအတွက် စနေ၊ တနင်္ဂနွေသီးသန့် သင်တန်းဖြစ်ပါသည်။
- သင်တန်းပြီးလျှင် အင်္ဂလန်နိုင်ငံမှ တိုက်ရိုက်ချီးမြှင့်သော နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာနှင့် ဘွဲ့ရရှိနိုင်သော အခွင့်အရေးဖြစ်ပါသည်။

**နေပြည်တော် Campus တွင်**

- အစိုးရဝန်ထမ်းများအတွက် Special Discount နှင့် Installment အစီအစဉ်ရှိသည်။

*Yangon Campus*
Ph- 01-245762, 01-249152, 01-246634, 01-395512

*Naypyitaw Campus*
Ph- 067-421617 Ext: 108, 067-421198

[illegible] Student Recruitment Agent [illegible]


**အမည်မှန်**

ဦးစိုးမင်း-ဒေါ်ခင်မာစန်းတို့၏သမီး၊ အထကရတနာပုံ၊ တက္ကသိုလ်ဝင်တန်း (A) မှ မကေခိုင်စိုးမင်း၏ အမည်မှန်မှာ မကေခိုင်စိုး ၁၃/ရစန(နိုင်)၀၉၇၇၇၃ ဖြစ်ပါကြောင်း။ **မကေခိုင်စိုး**

## အမည်ပြောင်း

ဦးအောင်နိုင်သိန်း ၁၂/အစန(နိုင်)၀၇၁၁၃၀၏သား အထက-၃၊ အင်းစိန်၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ထက်အောင်ဝေအား မောင်ဇေမင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

ဦးဝင်းမြင့်(ခ)သန်းဌေး၁၂/သလန(နိုင်)၀၃၄၆၀၂ ၏သမီး အထက-၃ အင်းစိန်၊ တက္ကသိုလ်ဝင်တန်း(I)မှ မဇွန်ဇွန်သန်းဌေးအား မဇွန်လပြည့်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ် ၇၃၊ အကွက်အမည် ဥယျာဉ်သာ၊ မြေကွက်အမှတ် ၇၇၊ ဧရိယာ ၀ ဒသမ ၀၅၇ ဧကရှိ ဒေါ်စဝ်လောင်ခမ်း အမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

## အများသိစေရန်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ မြေတိုင်းကွင်းအမှတ် ၁၄၊ အကွက်အမည် အစိုးရရပ်၊ ဦးပိုင်အမှတ် ၁၅၊ ဧရိယာ ၃ ဒသမ ၁၉၄ ဧကရှိ ဦးစဝ်ထွန်းအေး အမည်ပေါက် မူရင်းဂရန်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ဦးစိုင်းနော်အမည်ဖြင့် ဦးပိုင်အမှတ် ၁၅-ပ၊ မြေကွက်အမှတ် ၂၃/၈၈၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧကရှိ မြေကွက်အား ခွဲစိတ်ဂရန် ထုတ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဃ/၈၀၁၉ Toyota Probox ယာဉ်လက်ဝယ်ရှိသူဒေါ်ရီရီမြင့် ၈/ရနခ(နိုင်)၀၀၃၁၂၄က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၅၂၉ အမည်ပေါက် ဦးအောင်မြင့်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်မြမြဝင်း၈/စလန(နိုင်)၀၁၀၇၅၄ က မြေကွက်စလစ် မူရင်းများနှင့် အရောင်းအဝယ်စာချုပ် မူရင်းများ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းရွာမရပ်ကွက်၊ ၁၅၃လမ်း၊ အမှတ် ၁၇ ရှိ ဆောက်လုပ်ဆဲ RC ခြောက်ထပ်တိုက်၏ သုံးလွှာ၊ Second Floor တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ (မြေရှင်များ)ဖြစ်ကြသော ဦးမျိုးသန့်လွင် ၁၂/တမန(နိုင်)၀၅၀၃၈၇၊ ဒေါ်လဲ့လဲ့မျိုး ၁၂/တမန(နိုင်)၀၃၃၇၂၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၈၂)**
**အမှတ် ၁၁၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ်၁၈၃၀၊ မူလအမည်ပေါက် ဦးဝင်းရွှေ၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြမြထွေး ၉/မမန(နိုင်)၀၂၀၇၀၉ က မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန် မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြ၍ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ-၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရန် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆/K ၊ မြေကွက်အမှတ် ၁၁၁-T/၂-B၁ ၊ ဧရိယာ ၀ ဒသမ ၁၂၄ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၅၁ ဟု ခေါ်တွင်သော တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်များဖြစ်ကြသော ဦးဌေးဝင်း ၁၂/ဗဟန(နိုင်)၀၁၉၂၂၈၊ ဒေါ်အေးအေးနွဲ့ ၁၂/ဗဟန (နိုင်)၀၂၀၁၀၆၊ ဒေါ်ဌေးဌေးနွဲ့ ၁၂/ဗဟန(နိုင်)၀၁၈၉၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်မာသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**မောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ (၈၀၈၂)**
**တိုက်(၉/၁၁)၊ အခန်း ၃၀၁၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၁၂၁၁၈၊ ၀၉-၇၃၁၅၁၂၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ လှည်းငုတ်ချောင်းကျေးရွာ၊ ကွင်းအမှတ်- ၆၂၉/ဘီ၊ ကွင်းအမည်- ရေတွင်းကုန်းတောင်၊ ဦးပိုင်အမှတ် (၁၉/က)၊ (၁၉/ဃ)၊ ၁၉/၃ ရှိ မြေဧရိယာ ၁၉ ဧကခန့်ရှိ မြေကွက်များနှင့်တကွ သီးပင်စားပင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်စိုး ၁၂/မဘန(နိုင်)၀၆၁၉၇၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ၁၂-၉-၂၀၁၃ ရက်စွဲပါ မြေကွက်အပြီးအပိုင် အရောင်းအဝယ် စရန်ငွေပေးချေခြင်း ပဋိညာဉ်စာချုပ်အရ ရောင်းဖိုးငွေများမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း (မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ကျုံးနီဒိမ်** | **ဒေါ်သက်သက်လှိုင်** | **ဒေါ်ဌေးနွဲ့** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **(LL.B,D.B.L, D.M.L)** |
| | | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် ၁၀/၁၂၊ အခန်း ၁၀၄-ဈ၊ (ပ)ထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၁၉၄၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀၊ မြေကွက်အမှတ် ၈၉၇/က၊ မြေကွက်တည်နေရာ အမှတ် ၈၉၇/က၊ အာသဃ ၂၄လမ်း၊ ၁၀ ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ဒေါ်ငွေကျော့ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ငွေကျော့၊ ခင်ပွန်း-ဦးထွန်းစိန်၊ သမီး-ဒေါ်ခင်စန်းရီတို့ အသီးသီး ကွယ်လွန်သဖြင့် ဦးထွန်းအောင်တင် ၁၂/ဥကတ (နိုင်) ၀၈၁၇၄၅၊ ဒေါ်သန္တာကျော် ၁၂/ဥကတ(နိုင်)၁၃၁၄၉၇၊ဦးရဲလင်းထွန်း ၁၂/ဥကတ(နိုင်)၁၅၃၅၈၇၊ ဒေါ်ဆုသက်မွန် ၁၂/ဥကတ (နိုင်) ၁၆၇၆၆၇ တို့က သားနှင့်မြေးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၄ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၆-၉-၂၀၁၃ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၆-၁၂-၂၀၁၃ ရက်နေ့မှ ၁၄-၁၂-၂၀၁၃ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓါတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၅၅၀၀၀ိ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၅၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။| ၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။|

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၇၄၀၀၀ | ၁၀၀၀ | ၅၀၀၀ | ၈၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၇၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၈၀၅၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၇၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၈၁၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၈၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၉၃၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၉၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၉၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရ သေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

မြန်မာ့အလင်း
# လူမှုစီးပွားအားကစား
၂၀၁၃ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ သောကြာနေ့။

SUPER
စူပါကြွေကာ

လူမှုစီးပွား

ပွဲ့ဖြိုးတိုးတက်လျက်ရှိသည့် မြို့အုန်းဘောင် (သို့မဟုတ်) သီပေါမြို့ ဇာ်ပုရိုပ်များ

စာ-၃

ခရီးသွား

ရေးမြို့နယ်နှင့် ခရီးသွားလုပ်ငန်း

စာ-၆

ကြော်ငြာ

မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

ကမ္ဘာ့သစ်မီဒီယာ စီးပွားရေးရောင်စုံ ကြော်ငြာများ

## ပရီမီယာလိဂ်ရဲ့ မမြင်နိုင်တဲ့ အန္တရာယ်

စာ-၇

## စက်တင်ဘာ ၂၂ရက်မှာ ကစားမယ့် မန်စီးတီးနဲ့မန်ယူ

စာ-၈

မန်ယူသည် လက်ရှိအချိန်၌မန်စီးတီးထက် ကစားပုံပိုကောင်းသည်မှာ မှန်သည်၊ သို့သော်....

## အဲဒီတုန်းကအသင်းရဲ့ အင်္ဂလန်ကြယ်ပွင့်

ဘာခ်လေ

စာ-၇

မန်ယူမှ ဗန်ပါစီ

## ဂွတ်ဒီဆင်ပွဲခါပြတင်းဝက လှမ်းမြင်ရတဲ့ ချယ်လ်ဆီးရဲ့ လားရာ

စာ-၂

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်

(၂) နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုအရ ဝင်ငွေကိုခွဲဝေခြင်း

ဖုန်း-၀၉-၄၃၁၀၀၈၈၄၊ ၀၁-၆၆၆၇၆၁၈၊ ၀၉-၄၅၀၀၁၁၀၂၇၊ ၀၉-၈၆၃၄၄၅၅
E-mail:braver 2013 ww.@gmail.com

TODAY
GROUP OF COMPANIES

နှစ် ၂၀ပြည့်အထိမ်းအမှတ်
Beauty of Myanmar ဓာတ်ပုံပြိုင်ပွဲ

ရှုခင်းများ၊ လူနေမှုဘဝများ၊ ပွဲတော်များ၊ မြန်မာ့အနုပညာလက်ရာများ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ကျူးသော ၁၀ လက်မ x ၁၅ လက်မ အရွယ်ဓာတ်ပုံများကို အမှတ် (H)၊ လှိုင်မြစ်ရိပ်ကန်လမ်း၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ဖုန်း-၅၀၇၃၃၃-၃၊ ၅၀၇၃၈၅ သို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

- ပထမဆု ၁၀ သိန်း
- ဒုတိယဆု ၇ သိန်း
- တတိယဆု ၃ သိန်း
- နှစ်သိမ့်ဆု ၁ သိန်း x ၅ ဆု

Beauty of Myanmar Photo Contest in association with ASIAN Geographic

ဘောလုံးပွဲတစ်ပွဲရဲ့ အနိုင်အရှုံးနဲ့ ရလဒ်အပိုင်းအခြားဟာ အဲဒီပွဲတစ်ပွဲအတွက်ပဲ အကျုံးဝင်သတဲ့လား။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ အဲဒီရလဒ်ရဲ့ နောက်မှာ ဖြစ်တည်လာတဲ့ စေစားမှုတွေက အများကြီး။ ပြောချင်တာက ဘောလုံးပွဲတစ်ပွဲဟာ မိနစ် ၉၀ ပဲ ကြာမယ်။ ဒါမှမဟုတ် မိနစ် ၁၂၀ပဲ ကြာမယ်။ ဒါပေမယ့် အဲဒီ မိနစ် ၉၀၊ မိနစ် ၁၂၀ လောက်ကလေးသာကြာတဲ့ ခဏတာအချိန်အခိုက်အတန့်လေးကိုက အသင်းတစ်သင်းရဲ့ အနာဂတ်တစ်ခုလုံးကို လှစ်ဟပြတဲ့ အစွမ်းရှိတယ်။ အောင်မြင်မလား။ မအောင်မြင်ဘူးလား။ အားနည်းတဲ့နေရာ။ လိုအပ်တဲ့အချက်။ စတဲ့အရာအားလုံးကို အဲဒီမိနစ် ၉၀၊ မိနစ် ၁၂၀ လောက်သာကြာတဲ့ အချိန်တိုလေးအတွင်းမှာတင် တွေ့ရနိုင်တော့ ဘောလုံးပွဲတစ်ပွဲရဲ့ အနိုင် အရှုံးနဲ့ ရလဒ်အပိုင်းအခြားကို အဲဒီပွဲပြီးပြီဆိုတာနဲ့ မေ့ပျောက်လို့ ဖြစ်ပါ့မလား။

ဝေ
မိုး
ဆက်

## ဂွတ်ဒီဆင်ပ့ါခ်ပြတင်းဝက လှမ်းမြင်ရတဲ့
# ချယ်လ်ဆီးရဲ့ လားရာ

ပြောရရင် ယနေ့ခေတ်ဘောလုံးလောက ဆိုတာက ကစားရတဲ့ပွဲတွေက ဒုန်ဒေး။ ဘောလုံးတစ်ရာသီကို အသင်းတစ်သင်းအတွက် အနိမ့်ဆုံးပွဲ ၄၀ ကနေ ပွဲ ၆၀ အတွင်းအထိ ကစားကြရတယ်။ ဒီအတွက် ပွဲတိုင်းမှာ အဓိက လူစာရင်းကို ပွဲမထုတ်နိုင်တာမှန်တယ်။ လျှော့သင့်တဲ့အခါလျှော့ တင်သင့်အခါတင်နဲ့ ချိန်ခွင်လျှာကို ညီမျှအောင် ထိန်းသင့်တာလည်းမှန်တယ်။ ဒါပေမယ့် ဘယ်လိုအားကိုပဲ ထုတ်ထုတ် အဲဒီပွဲရဲ့ ဖြစ်တည်မှုဟာ အဲဒီထုတ်တဲ့အားရဲ့ စွမ်းဆောင်ရည်ပဲ။ အရန်လူတွေထုတ်သုံးလို့ ရှုံးရတာပါလို့ ကောက်ချက်မပေးနဲ့။ အဲဒီအရှုံးဟာ အဲဒီအသင်းရဲ့ အရန်အင်အားပြည့်စုံမှု ရှိ မရှိကို ထောက်ပြတဲ့သဘော။ အဓိကအင်အားကို ပွဲထုတ်ပြီး ရလာတဲ့ရလဒ်ကလည်း အဲဒီအသင်းရဲ့ပင်မအရင်းအမြစ်စွမ်းအင်ကို သုံးသပ်ပိုင်းချပြမှု။ ခပ်ရှင်းရှင်းပြောရရင် ပွဲတစ်ပွဲရဲ့ အဖြေနဲ့ အခြေအနေဟာ ပြိုင်ဘက်နှစ်သင်းစလုံးရဲ့ လားရာကို တစ်စိတ်တစ်ပိုင်း လှစ်ဟပြသရာ ရောက်တဲ့ ပြတင်းပေါက်ဆိုတဲ့သဘော။

တခြားမကြည့်နဲ့။ ပြီးခဲ့တဲ့ စက်တင်ဘာ ၁၄ ရက်မှာ ကစားသွားတဲ့ အဲဗာတန်နဲ့ ချယ်လ်ဆီးဆုံတဲ့ပွဲကိုပဲကြည့်။ အဲဒီပွဲမှာ ချယ်လ်ဆီးက အဲဗာတန်ကို ၁-၀ ဂိုးနဲ့ ရှုံးတယ်။ အဲဒီအရှုံးဟာ ချယ်လ်ဆီးရဲ့ တစ်ကျော့ပြန် ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး ရည်ရွယ်ချက်ကို သတိပေးရာရောက်တဲ့ အရှုံးလို့မြင်တယ်။ ဘာကြောင့်လဲ။ အဖြေက ခပ်ရှင်းရှင်းလေး။ အဲဒီပွဲမှာ ချယ်လ်ဆီးအနေနဲ့ ဂိုးတစ်ဂိုးတောင် အရမယူနိုင်ခဲ့တာက အဓိက ပြဿနာ။ ပြောရရင် ရာသီတစ်ရာသီမှာ အနိမ့်ဆုံးပွဲ ၄၀ ကနေ ပွဲ ၆၀ အထိ ကစားနေရတဲ့ အသင်းတစ်သင်းအနေနဲ့ အရှုံးဆိုတာ ရှောင်လွှဲဖို့ မလွယ်တဲ့ ပြဿနာဆိုတာမှန်တယ်။ တစ်ပွဲတလေရှုံးခြင်းဟာ စာဖွဲ့စရာမဟုတ်သလို တစ်ခါတစ်ရံ ဂိုးပေါက်ပျောက်မှုဟာလည်း ဖြစ်လေ့ဖြစ်ထရှိတဲ့သဘောဆိုတာ မှန်တယ်။ ဒါပေမယ့် အခု ချယ်လ်ဆီးရဲ့ ပြဿနာက လုံလောက်တဲ့ တိုက်စစ်အားရှိပါလျက် ခြေချော်မှုမျိုးမဟုတ်ဘူး။ ခပ်ရှင်းရှင်း ပြောရရင် အဲဒီအဲဗာတန်နဲ့ပွဲဟာ ချယ်လ်ဆီးတိုက်စစ်ရဲ့ လိုအပ်ချက်ကိုအပြည့်အဝဖွင့်ချပြရာရောက်သွားတဲ့ပွဲ။ ဘာကြောင့်လဲ။ အဖြေက ရှင်းရှင်းလေး။

ဒီနေရာမှာ ကြားဖြတ်ပြောစရာရှိတာက ချယ်လ်ဆီးရဲ့ နွေရာသီအပြောင်းအရွှေ့ဈေးကွက်တုန်းက လှုပ်ရှားမှု။ အထူးသဖြင့် ဒီနွေရာသီအပြောင်းအရွှေ့ ဈေးကွက်မှာ မော်ရင်ညိုအနေနဲ့ ရွှန်းနေကိုရဖို့ ဘာကြောင့် တစ်စိုက်မတ်မတ် အားထုတ်ခဲ့သလဲ။ ပြီးတော့ အသက် ၃၂ နှစ်အရွယ် အီတူးကို တစ်နှစ်လစာယူရို ၈ သန်းပေးပြီး တစ်နှစ်စာချုပ်နဲ့ ဘာကြောင့်ခေါ်ခဲ့သလဲ။ အဖြေက ရှင်းရှင်းလေး။ မော်ရင်ညိုအနေနဲ့ အသင်းကို ရောက်လာချိန်မှာကတည်းက အသင်းရဲ့ တိုက်စစ်အင်အားကို အားမရတဲ့သဘော။ ပြောရရင် မနှစ်ကဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်း တိုက်စစ်မှူး တောရက်စ်က ရှစ်ဂိုးသာသွင်းနိုင်တယ်။ တိုက်စစ်မှူးဒမ်ဘာဘာက နှစ်ဂိုးသာ သွင်းပေးတယ်။ ခပ်ရှင်းရှင်း ပြောရရင် မနှစ်က ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချယ်လ်ဆီးရတာက ၇၅ ဂိုး။ ဒီအထဲမှာ တိုက်စစ်ပိုင်းရဲ့ သွင်းဂိုးက ၁၀ ဂိုးသာပါပြီး ကျန်ဂိုး ၆၀ ကျော်ကို ခံစစ်မှူးတွေရဲ့ ကွင်းလယ်ကစားသမားတွေက သွင်းပေးခဲ့တဲ့အခြေအနေ။ ဒီတော့ ဒီတိုက်စစ်အားနဲ့ မရဘူးဆိုတာ မော်ရင်ညို သိသလို သိလို့လည်း ရွှန်းနေကိုရဖို့ ထိထိမိမိ ကြိုးစားခဲ့တဲ့သဘော။ ဒီနေရာမှာ ရွှန်းနေကို မရတဲ့အဆုံး အီတူးကို ခေါ်ခဲ့တာ။ ပြောချင်တဲ့ အဓိပ္ပာယ်က တိုက်စစ်ပိုင်းလိုအပ်မှုကို မောင်ရင်ညိုက ကြိုမြင်ပြီး ကြိုကာထားတယ်ဆိုတဲ့ အဓိပ္ပာယ်။

တခြားမကြည့်နဲ့။ ဒီရာသီ ချယ်လ်ဆီး ကစားခဲ့တဲ့ပွဲတွေကိုပဲကြည့်။ အဖွင့်ပွဲစဉ်မှာ ဟားလ်ကို နှစ်ဂိုးပြတ်နဲ့နိုင်တော့ နှစ်ဂိုးစလုံးကို ကွင်းလယ်ကစားသမားတွေချည်းဖြစ်တဲ့ အော်စကာနဲ့ လမ်းပတ်တို့ကပဲ သွင်းပေးတာ။ အဲဒီပွဲအပြီး ဗီလာကို ၂-၁ နဲ့ နိုင်တော့လည်း တစ်ဂိုးက ဗီလာခံစစ်မှူးလူနာရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှု။ နောက်တစ်ဂိုးက ခံစစ်မှူး အိုင်ဗန်နိုဗစ်ရဲ့ သွင်းဂိုး။ ဘိုင်ယန်မြူးနစ်နဲ့ ရင်ဆိုင်ရတဲ့ပွဲမှာကျတော့ တောရက်စ်နဲ့ ဟာဇက်က တစ်ဂိုးစီသွင်းတယ်။ ပြောရရင် အဲဗာတန်နဲ့ ပွဲမတိုင်ခင်မှာ ချယ်လ်ဆီးရတဲ့ ခြောက်ဂိုးအနက် တိုက်စစ်မှူးသွင်းတဲ့ ဂိုးဆိုလို့ တစ်ဂိုးသာရှိတဲ့ အခြေအနေ။ ဒါကြောင့် မော်ရင်ညိုက အီတူးကို ခေါ်တာ။ ပြောရရင် မန်ယူနဲ့ ဂိုးမရှိတဲ့သရေကျခဲ့တဲ့ပွဲမှာ မိနစ် ၆၀ အထိ တိုက်စစ်မှူးစစ်စစ်မပါဘဲ ကစားစေခဲ့တာကိုက မော်ရင်ညိုအနေနဲ့ သူ့တိုက်စစ်မှူးတွေအပေါ် သူကိုယ်တိုင်ယုံကြည်မှု မရှိတာ ထင်ရှားတယ်။ ဒါကြောင့်ပဲ အဲဗာတန်နဲ့ပွဲမှာ အီတူးရောက်လာတော့ အပြောင်းအလဲလုပ်ခဲ့တာ။ ဒါပေမယ့် မော်ရင်ညိုအတွက် ကံဆိုးတာက အပြောင်းအလဲဟာ ထိရောက်တဲ့ ပြောင်းလဲမှု မဖြစ်ခဲ့ခြင်းပဲ။

ဒါကို သူကိုယ်တိုင်လည်း သိတယ်။ အဲဒီပွဲမှာ ချယ်လ်ဆီးက ပွဲကိုပိုပြီး စိုးမိုးနိုင်တယ်။ ဂိုးကန်သွင်းမှု ၂၁ ကြိမ်တိတိ ရှိတယ်။ ဒါဟာ ချယ်လ်ဆီးအနိုင်ရဖို့ လုံလောက်တဲ့အခြေအနေ။ ဒါပေမယ့် အခွင့်အရေးတွေကို အသုံးမချနိုင်ဘူး။ ကစားပုံပိုကောင်းသလို အနိုင်ရဖို့လည်း ပိုပြီးပြင်းပြင်းထန်ထန်ကြိုးစားတဲ့ကြားက ရှုံးတာဆိုတော့ ချယ်လ်ဆီးအရှုံးက ထိုက်တန်မှု မရှိဘူးဆိုပြီး ပွဲအပြီးမှာ သူကိုယ်တိုင်ပြောခဲ့တာကို ကြည့်ရင် သူ့အသင်းအပေါ် သူကိုယ်တိုင် အားမရတာက ရှင်းတယ်။

ခပ်ရှင်းရှင်းပြောရရင် လက်ရှိချယ်လ်ဆီးရဲ့ တိုက်စစ်မှာ ကစားသမား သုံးဦးပဲရှိတယ်။ ဒီသုံးဦးမှာ တောရက်စ်က ချယ်လ်ဆီးအတွက် ၁၃၅ပွဲမှာ ၃၆ ဂိုးသာ သွင်းပေးနိုင်တဲ့သူ။ အီတူးက အသက်ကြောင့် အကျပိုင်းရောက်နေပြီး အရင်လို အဆုံးသတ်အားတွေ မရှိတော့ဘူး။ ဆိုတာက အဲဗာတန်နဲ့ပွဲမှာ အဖြေပေါ်ခဲ့ပြီးပြီ။ ဒမ်ဘာဘာကျတော့ ကမ္ဘာ့အဆင့် မဟုတ်ဘူး။ မော်ရင်ညိုကလည်း ကြိုက်ပုံမပေါ်သလို ဒီနှစ် တစ်ပွဲမှ မကစားရသေးဘူး။ ဒီလိုတိုက်စစ်အားနဲ့ ချယ်လ်ဆီးဘယ်လိုရှေ့ခရီးဆက်မလဲ။ တကယ်တော့ မော်ရင်ညိုလည်း မှားတာပဲ။ ရွှန်းနေကို မရနိုင်မှန်းသိသိနဲ့ အချိန်ကုန်ခံပြီးကြိုးစားတယ်။ နောက်ဆုံးအချိန်ကုန်ခါနီးကျမှ မဖြစ်နိုင်မှန်းသိလို့မရ၊ ရတဲ့အီတူးကို အိမ်ဖြည့်ခေါ်တယ်။ တကယ်လို့ ရွှန်းနေအတွက် ကုန်ခဲ့တဲ့အချိန်အတွင်း အစားထိုးနိုင်တဲ့ အဆင့်မီ တိုက်စစ်မှူးကောင်းကို ထိထိမိမိကြိုးစားခဲ့ရင် ချယ်လ်ဆီး ဒီလိုဖြစ်ပါ့မလား။ အခုတော့ မလုံလောက်တဲ့ တိုက်စစ်အားနဲ့ ဇန်နဝါရီအထိ ခရီးဆက်ရတော့မယ်။

ပြောရရင် ဘောလုံးတစ်ပွဲရဲ့ အနိုင်အရှုံးနဲ့ ရလဒ်အပိုင်းအခြားဟာ အဲဒီပွဲတစ်ပွဲအတွက်ပဲ အကျုံးဝင်သတဲ့လား။ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ အဲဒီရလဒ်ရဲ့နောက်မှာ ဖြစ်တည်လာတဲ့ အကျိုးဆက်တွေက အများကြီး ဘောလုံးပွဲတစ်ပွဲကစားလို့ ကြာမြင့်ချိန်ဆိုတာက မိနစ် ၁၂၀ ထက် လုံးဝမပိုဘူး။ ဒါပေမယ့် အဲဒီအချိန်ခဏတာလေးကိုက အသင်းတစ်သင်းရဲ့ အနာဂတ်တစ်ခုလုံးကို လှစ်ဟပြနိုင်တဲ့ အစွမ်းရှိတယ်။ တခြားမကြည့်နဲ့ အဲဗာတန်နဲ့ချယ်လ်ဆီးပွဲကို ကြည့် ချယ်လ်ဆီးတိုက်စစ်ရဲ့ လိုအပ်ချက်တွေ ရှင်းရှင်းလင်းလင်းကို ပေါ်ခဲ့ပြီ။ ချယ်လ်ဆီးအနေနဲ့ ဂိုးရအောင်စွမ်းဆောင်နိုင်ဖို့လိုတယ်။ လှပတဲ့ ကစားပုံဖြစ်ပေမယ့် ဂိုးမရရှိရင်အဲဒီကစားပုံ ဘာမှအသုံးမဝင်ဘူးလို့ မော်ရင်ညိုပြောခဲ့တာက သက်သေ။ ခပ်ရှင်းရှင်းပြောရရင် ပွဲတစ်ပွဲရဲ့ အဖြေနဲ့ အခြေအနေဟာ ပြိုင်ဘက်နှစ်သင်းစလုံးရဲ့လားရာကို တစ်စိတ်တစ်ပိုင်းလှစ်ဟပြရာရောက်တဲ့ ပြတင်းပေါက်ဆိုတာပါပဲ။


**ရွှန်းနေအတွက် ကုန်ခဲ့တဲ့ အချိန်အတွင်း အစားထိုးနိုင်တဲ့ အဆင့်မီတိုက်စစ်မှူးကောင်းကို ထိထိမိမိကြိုးစားခဲ့ရင် ချယ်လ်ဆီး ဒီလိုဖြစ်ပါ့မလား။ အခုတော့ မလုံလောက်တဲ့တိုက်စစ်အားနဲ့ ဇန်နဝါရီအထိ ခရီးဆက်ရတော့မယ်။**

# ရီယိုဒီဂျနေးရိုးအိုးပင်း တင်းနစ်ပြိုင်ပွဲ နာဒယ်ယှဉ်ပြိုင်မည်

လာမည့် ၂၀၁၄ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပမည့် Rio de Janeiro Open တင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ်သမား ရာဖေးလ်နာဒယ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့ တာဝန်ရှိသူများက ပြီးခဲ့သည့် အင်္ဂါနေ့တွင် အတည်ပြုပြောဆိုလိုက်သည်။

မြေစေးကွင်း၌ ယှဉ်ပြိုင်ရမည့် Rio de Janeiro Open တင်းနစ်ပြိုင်ပွဲအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ မှ ၂၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

လက်ရှိ ကမ္ဘာ့အဆင့် ၂ တင်းနစ်သမား ရာဖေးလ်နာဒယ်က "ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှာ ပထမဆုံး သွားရောက်ယှဉ်ပြိုင်ရမယ့်အတွက် စိတ်လှုပ်ရှားမိပါတယ်။ ရီယိုဒီဂျနေးရိုးမြို့ရဲ့ ကောင်းသတင်းများစွာကို ကျွန်တော်ကြားသိခဲ့ရတယ်။နောက်ဆုံးမှာတော့ ကျွန်တော်က ရီယိုဒီဂျနေးရိုးမြို့ကိုရောက်ရှိဖို့ အခွင့်အရေးကြုံလာခဲ့ပြီဖြစ်ပါတယ်"ဟု ပြောသွားသည်။

Rio de Janeiro Open တင်းနစ်ပြိုင်ပွဲတွင် နာဒယ်နှင့်အတူ သူ၏ တစ်နိုင်ငံတည်းသား ဒေးဗစ်ဖာရာလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ရာဖေးလ်နာဒယ်သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် ကမ္ဘာ့အဆင့် ၅ နေရာအထိ ကျဆင်းခဲ့သော်လည်း ၂၀၁၃ ခုနှစ်အတွင်း ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲများတွင် ချန်ပီယံဆုများရယူနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့် ၂ သို့ ပြန်လည် တက်ရောက်လာနိုင်ခဲ့သူဖြစ်သည်။

Rio de Janeiro Open တင်းနစ်ပြိုင်ပွဲကို ၁၉၈၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် ကျင်းပခဲ့ပြီးနောက် ထပ်မံကျင်းပဖြစ်ခြင်းမရှိခဲ့ဘဲ လာမည့် ၂၀၁၄ ခုနှစ်တွင်မှ ပြန်လည်ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ ကျင်းပပြုလုပ်ခဲ့သည့် Rio de Janeiro Open တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲများတွင် ၁၉၉၅ ခုနှစ်၌ တင်းနစ်ကစားသမားဘဝမှအနားယူသွားခဲ့သူဘရာဇီးတင်းနစ် ကစားသမား လူးဝစ်ဇ်မက်တာ(၅၀နှစ်)က ချန်ပီယံဆုများ ရရှိခဲ့သည်။

**ထက်အောင်**

*စာမျက်နှာ ၈ မှ*

တာဝန်ရှိသူများကဘရာဇီးအပြေးသမား မာရီဆန်ဂို မက်စ်ဒေ့ါဆန်းတို့စ်သည် ယခုနှစ် ဘာလင် မာရသွန်ပြိုင်ပွဲ၌ ကမ္ဘာ့စံချိန်သစ်တင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်ဟု ဆိုသည်။

ဒေ့ါစ်ဆန်းတို့စ်သည် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နယူးယောက်မာရသွန်ပြိုင်ပွဲများတွင် အောင်ပွဲခံနိုင်ခဲ့သူဖြစ်ပြီး သူ၏ အကောင်း ဆုံး အပြေးမှတ်တမ်းမှာ ၂ နာရီ ၆ မိနစ်နှင့် ၃၈ စက္ကန့်ဖြစ်သည်။

# ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် မြို့အုန်းဘောင် (သို့မဟုတ်) သီပေါမြို့၏ပုံရိပ်များ



အကွက်အကွင်းကျနစွာ တည်ဆောက်ထားသော သီပေါမြို့ မြင်ကွင်းအလှ။

**သတင်းမြင်ကွင်း-စိုင်းသာလှိုင်(လိမ္မော်မြေ)၊ ဓာတ်ပုံ-စိုင်း(သီပေါ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၃၉၀ တွင် တည်ရှိပြီး ဧရိယာစတုန်းမိုင် ၂၀၄၅ ဒသမ ၃၄ ကျယ်ဝန်းသည်။ သီပေါမြို့နယ်ကို ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇အုပ်စု၊ ကျေးရွာပေါင်း ၄၇၈ ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ စုစုပေါင်း ၁၃၃၇၄၅ဦး နေထိုင်ကြသည်။

သီပေါမြို့နယ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေအတွင်း အချက်အချာကျသော ဒေသတစ်ခုဖြစ်သည်။ မြို့နယ်အတွင်း မန္တလေး၊ လားရှိုး၊ မူဆယ်သွားလမ်းမကြီးကဲ့သို့သော ပြည်ထောင်စုလမ်းမကြီးပါဝင်ပြီး သီပေါ-နမ္မတူ၊ သီပေါ-မိုင်းရယ်၊ သီပေါ-မိုင်းကိုင် လမ်းများလည်း ပါဝင်သည်။

လမ်းပန်းဆက်သွယ်ရေး အနေဖြင့် မန္တလေး-လားရှိုးရထားလမ်းနှင့် ကားလမ်းနှစ်ခုစလုံး သီပေါမြို့နယ်အတွင်းမှ ဖြတ်သန်းသွားပြီး အရှေ့ဘက်တွင် လားရှိုးမြို့နယ်နှင့် မိုင်းရယ်မြို့နယ်၊ အနောက်ဘက်တွင် ကျောက်မဲမြို့နယ်၊ တောင်ဘက်တွင်ရပ်စောက်မြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် ကျေးသီးမြို့နယ်၊ မြောက်ဘက်တွင် နမ့်ဆန်မြို့နယ်၊ နမ္မတူမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ သီပေါမြို့နယ်သည် မြေပြန့်လွင်ပြင်နည်းပါးပြီး တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများသည်။ သို့သော်လည်း အခြားသောမြို့နယ်များနှင့် စာလျှင် မြေပြန့်ဒေသပေါများပြီး အကွင်းအကွက်ကျနစွာ မြို့တည်ထားခြင်းကြောင့် ဒုတိယမန္တလေးမြို့ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

တောင်များပတ်ရံဝန်းလျက်ရှိသော သီပေါမြို့ကို ထပ်ဆင့်အလှပန်းချီခြယ်သမှုမှာ မြို့၏မြောက်ဘက်မှ တောင်ဘက်သို့ ဒုဋ္ဌဝတီမြစ်နဒီမှာ မြွေကြီးတစ်ကောင်အလား ကွေ့ကာဝိုက်ကာဖြင့် လှပစွာဖြတ်သန်းစီးဆင်းနေခြင်းပင်။

မိုးတေချောင်းသည် နမ္မတူမြို့နယ်မှ စတင်စီးဆင်းလာပြီး သီပေါမြို့တောင်ဘက်ခြမ်းတွင် ဒုဋ္ဌဝတီမြစ်အတွင်းစီးဝင်သည်။ နမ့်ပေ့ါချောင်းသည် သီပေါမြို့အနောက်ဘက်မှ ရှေ့သို့စီးဆင်းပြီး ဒုဋ္ဌဝတီမြစ်အတွင်းစီးဝင်သည်။ ကျင်သီချောင်းသည် သီပေါမြို့အနောက်ဘက်မှ စတင်စီးဆင်းလာပြီး ကျင်သီကျေးရွာအနီးတွင် ဒုဋ္ဌဝတီမြစ်အတွင်းသို့ စီးဝင်သည်။

သီပေါမြို့နယ်၏ စုစုပေါင်း ဧရိယာ ၁၃၀၉၀၁၅ ဧကရှိသည့်အနက် အသားတင်စိုက်ဧကမှာ ၁၀၂၂၄၀ ဧကဖြစ်ပြီး လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်၊ တောင်ယာတို့ပါဝင်သည်။ မိုးစပါး၊ နွေစပါး စိုက်ပျိုးသည့်အပြင် အဓိကသီးနှံကိုးမျိုးအနက် ကြံ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊နေကြာနှင့်အစေ့ထုတ်ပြောင်းတို့ကို စိုက်ပျိုးထုတ်လုပ်သည်။ ထို့အပြင် ကော်ဖီသီးနှံနှင့် လက်ဖက်တို့ကိုလည်း စိုက်ပျိုးထုတ်လုပ်သည်။

သီပေါမြို့နယ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ ၁၀၁ ဒီဂရီဖာရင်ဟိုက်၊ အနိမ့်ဆုံးအပူချိန်မှာ ၃၉ ဒီဂရီဖာရင်ဟိုက်ဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၅၃ ဒသမ ၂ လက်မရွာသွန်းသည်။ မြို့နယ်အတွင်းအမြဲစိမ်းတော၊ ရွက်ကြွေတောများ ရောနှောလျက်ရှိပြီး ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက်၊ ကညင်၊ သစ်စေး၊ ထောက်ကြံ့၊ ကြိမ်၊ ဝါးပင်များ ပေါက်ရောက်သည်။ သစ်တောကြိုးဝိုင်း ၁၀၇၀၃၄ ဧကရှိသည်။

တောရိုင်းတိရစ္ဆာန်များအဖြစ် ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ တောဝက်၊ ချေ၊ ဒရယ်နှင့် တောင်ဆိတ်များကို တွေ့ရသည်။ ကျွဲ၊ နွား၊ ကြက်၊ဘဲ၊ ဝက်၊ သိုး၊ ဆိတ်နှင့် ငါးမွေးမြူရေးများလုပ်ကိုင်ကြသည်။ သီပေါမြို့နယ် မန်ဟဲကျေးရွာ၌ အမှတ်(၃)သတ္တုတွင်းလုပ်ငန်းက ဂေါဒန်ကျောက်ထုတ်လုပ်ပြီး စံလောင်းကျေးရွာတွင် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် အေသုံးလုံးကုမ္ပဏီတို့ အကျိုးတူဖက်စပ်လုပ်ကိုင်သော ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းရှိသည်။

ပို့ဆောင်ရေးအနေဖြင့် သီပေါ-မန္တလေးယာဉ်လိုင်းလေးလိုင်း၊ သီပေါ- လားရှိုးယာဉ်လိုင်း ငါးလိုင်း၊သီပေါ-ကျောက်မဲယာဉ်လိုင်းနှစ်လိုင်း၊ သီပေါ မြို့တွင်းအနီးပြေးယာဉ်လိုင်းရှစ်လိုင်းရှိသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မန္တလေး-လားရှိုး ရထားခရီးစဉ်ပုံမှန်ပြေးဆွဲလျက်ရှိရာ သီပေါမြို့နယ်အတွင်း ဘော်ကြို၊ သီပေါ၊ တာပုလဲ၊ စင့်အင်နှင့် မန်ဆန်းဘူတာတို့၌ ရပ်နားသည်။

သီပေါမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး အဓိကလမ်းကြောင်းလေးခုအဖြစ် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း၊ သီပေါ-နမ္မတူလမ်း၊လွယ်လင်-ပန်ကေတုသီပေါလမ်း၊ ပန်ညု-ဆောင်ကြဲ-မိုင်းရယ်လမ်းတို့ ပါဝင်သည်။ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင် စဥ့်အင်တံတား၊ သီပေါတံတားနှင့် ကျင်သီတံတားတို့ရှိပြီး သီပေါ-နမ္မတူလမ်းပေါ်တွင် အရှည်၃၈၈ပေရှိ မိုးတေတံတားရှိသည်။

သီပေါမြို့နယ်တွင် ပညာရေးကဏ္ဍအနေဖြင့် အခြေခံပညာအထက်တန်းကျောင်းခြောက်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းငါးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲကိုးကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၁၇ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၇ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲ ၁၉ ကျောင်း၊ တွဲဖက်အခြေခံပညာ မူလတန်းကျောင်း ငါးကျောင်း စုစုပေါင်း ထက်၊ လယ်၊ မူကျောင်းပေါင်း ၁၇၉ ကျောင်းတို့ဖြင့် ဒေသခံတိုင်းရင်းသား ကလေးသူငယ်များကို ပညာရည်နို့တိုက်ကျွေးလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ နမ့်လန်တိုက်နယ်အတွက် ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ၊ ၁၆ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေး ဌာနလေးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၇ ခု၊ အထူးဒေသဆေးပေးခန်းနှစ်ခု၊ တိုင်းရင်းဆေးဌာနတစ်ခု၊ တီဘီတိုက်ဖျက်ရေးဌာနတစ်ခု၊ ငှက်ဖျားတိုက်ဖျက်ရေးဌာနတစ်ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ တို့ကိုဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်း၊ မြို့ပြတံတား ကျေးလက်လမ်း၊ ကျေးလက်တံတားနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာပေါင်း ၁၆ ရွာ၌ စက်ရေတွင်းပေါင်း ၃၀ တူးဖော်ပေးနိုင်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၁၀၇ သိန်းငါးသောင်းနှင့်ကျေးလက်နေပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် နောက်ထပ်ကျေးရွာမှ တိန်းချေတိန်းစံကျေးရွာအထိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပေပေါင်း ၂၁၄၀၃ ဖာလုံ ပြီးစီးခဲ့သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် ၁၇၅ သိန်းနှင့် ကျန်ရှိသည့် လမ်းအရှည်ပေ ၇၀၃၀ ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သီပေါမြို့သည် မန္တလေး-လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင်တည်ရှိပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ နေ့စဉ် ဝင်လာမစဲတသဲသဲဖြင့် စည်ကားလျက်ရှိရာ မြို့အင်္ဂါရပ်နှင့်ညီညွတ်မှုရှိစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၈၅ သိန်း အကုန်အကျခံကာ အကြီးစားပြုပြင်မွမ်းမံ၍ ဒီဂျစ်တယ်(LED ) နာရီများကို အရပ်လေးမျက်နှာစလုံး တပ်ဆင်ဆောင်ရွက်ပြီး ဖြစ်သည်။

ယခုအချိန်တွင် သီပေါမြို့သည် မြို့ပြအင်္ဂါရပ်နှင့်အညီပြည့်စုံပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံစည်းလုံးညီညွတ်စွာ နေထိုင်ရာမြို့နယ်စပ်ဒေသနှင့် လမ်းကြောင်းထိစပ်ပြီး စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင်သွားလာဆက်သွယ်မှု ကောင်းသည့်အပြင် သာယာဝပြောဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် မြို့ တစ်မြို့ဖြစ်ပါကြောင်းရေးသားဖော်ပြအပ်ပါသည်။

ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များ နေ့စဉ် ဝင်လာမစဲ တသဲသဲဖြင့် စည်ကားလျက် ရှိသည့် မြို့သီပေါ။

# သီပေါသို့ ပြည်ပခရီးသွားများပြားလာ၍ ခေတ်မီဧည့်ရိပ်သာများ တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်

**စိုင်း(သီပေါ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် သာယာလှပသော တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ နယ်မြေအေးချမ်းသာယာသဖြင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အဝင်အထွက်များရာ ဌာနီတစ်ခုဖြစ်သည်။

သီပေါမြို့တွင်သမိုင်းဝင်ရှေးဟောင်းဘော်ကြိုမြတ်ဘုရားကြီးနှင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာ စေတီပုထိုးများ၊ အဆောက်အအုံများတည်ရှိသဖြင့် မြန်မာနှင့်ကမ္ဘာကပါ လူသိများပြီး နိုင်ငံခြားခရီးသွားတို့ လာရောက်မှုအထူးများပြား၍ ၎င်းတို့နှစ်ခြိုက်ပျော်မွေ့ရာ မြို့တစ်မြို့ဖြစ်သည်။ ယခုအခါသီပေါမြို့တွင် ပြည်တွင်းပြည်ပခရီးသည်များ တည်းခိုနိုင်ရန် ခေတ်မီ ဧည့်ရိပ်သာများ ၁၁ ခုထက်မနည်းရှိနေပြီး နောက်ထပ်အသစ်တည်ဆောက်ရန်လည်း သက်ဆိုင်ရာများသို့ ခွင့်ပြုမိန့်တင်ထားကြောင်း သိရသည်။

ပြည်တွင်းပြည်ပခရီးသွားများ ခေတ်မီ အဆင့်မြင့်မြင့်အေးချမ်းစွာ တည်းခိုနိုင်ရေး သီပေါတောင်မြို့ရပ်တွင် မြို့ကျက်သရေဆောင်အဖြစ် လှပခံ့ညားစွာ တည်ဆောက်ဖွင့်လှစ်ထားသည့် ဧည့်ရိပ်သာတစ်ခုကို စက်တင်ဘာ ၁၂ရက်က တွေ့မြင်ခဲ့ရသည်။ **(အပေါ်ပုံ)**

ကရင်ပြည်နယ်

# ငြိမ်းချမ်းခြင်းနှင့်ထပ်တူ

မြင့်စိုး(နတလ)

ဒေသထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားရာတွင် အားထားရသည့် မြိုင်ကြီးငူ- မဲသဝေါလမ်း။

နိုင်ငံတော်အစိုးရဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေး အန္တိမရည်မှန်းချက်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတာကြောင့် ကရင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရဲ့ အကျိုးရလဒ်များအဖြစ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိလာပြီ ဖြစ်ပါတယ်။

### မြိုင်ကြီးငူ -မဲသဝေါလမ်း(၂၈မိုင်)

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကစပြီး မြိုင်ကြီးငူ-မဲသဝေါလမ်းကို ဖောက်လုပ်ပေးလျက်ရှိရာမှာ စုစုပေါင်းမြေသားလမ်းအရှည် ၂၈ မိုင်ဖြစ်ပြီး ဒီကနေ့အချိန်ထိ ၁၅ မိုင် ခုနစ်ဖာလုံကို ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးပြီးဖြစ်ပါ တယ်။

အဲဒီလမ်းပေါ်ကအရှည် ပေ ၇၂၀ရှိ မဲပေါ်ထတံတားကြီးကို မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနရဲ့ ဦးဆောင်မှုနဲ့ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာ လုပ်ငန်းများပြီးစီးခဲ့ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ အရှည် ၂၇၅ ပေရှိ ရင်းဘိုင်းချောင်းကူးတံတား၊ အရှည်ပေ ၂၇၀ ရှိ ကျုံထော်တံတားများအပါအဝင်တံတားငယ် ၁၅ စင်းကို ဆက်လက်တည်ဆောက်လျက်ရှိပါတယ်။ မြိုင်ကြီးငူ-မဲသဝေါလမ်းဖောက်လုပ်ပြီးစီးသွားပါက ဒေသခံတိုင်းရင်းသားများ အဓိကအားထားစိုက်ပျိုးနေတဲ့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း၊ ဒူးရင်းပိန္နဲ စိုက်ပျိုးရေးလုပ်ငန်းများအပါအဝင် ဒေသထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားရာမှာ အားထားရတဲ့လမ်းမကြီးတစ်ခုဖြစ်လာမှာဖြစ်သလို နောင်အနာဂတ်ကာလမှာ နယ်စပ်ကုန်သွယ်ရေးအတွက် ထိရောက်လျင်မြန်စွာ ကူးလူးဆက်သွယ်နိုင်မယ့် အကျိုးပြုလမ်းတစ်လမ်းအဖြစ် တွေ့မြင်လာရမှာ ဖြစ်ပါတယ်။

လမ်းမကြီးအနီး သာယာလှပတဲ့ ကျုံထော်ရေတံခွန်ရှိနေခြင်းကြောင့်လည်း ဒေသရဲ့ခရီးသွားလုပ်ငန်းကို အထောက်အကူပြုလာမှာ ဖြစ်ပါတယ်။

### မြိုင်(၅)မြိုင်မှာ နေအိမ် ၅၄၄ လုံးတည်ဆောက်ပေး

ကရင်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသေးမီကာလက ရွာပုန်းရွာရှောင်လေးများမှာ သွားရောက်နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားများ၊ ခြေလက်အင်္ဂါများ စွန့်လွှတ်ခဲ့ရတဲ့ တပ်ဖွဲ့ဝင်ဟောင်းများနှင့် မိသားစုဝင်များအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနကနေအိမ် များဆောက်လုပ်ပေးပြီး စနစ်တကျပြန်လည်နေရာချထားပေးခဲ့ပါတယ်။ အဲဒီလို ဆောက်လုပ်နေရာချထားပေးခဲ့ရာမှာ မြိုင်ကြီးငူဒေသ သစ္စာအေးမြိုင်ကျေးရွာမှာ နေအိမ် ၂၇၈ လုံး၊ ပိုင်ကျုံဒေသ ပွင့်ဆန်းမြိုင်ကျေးရွာမှာ နေအိမ် ၆၄ လုံး၊ ဖောထိခုဒေသ သဇင်အေးမြိုင်ကျေးရွာမှာ နေအိမ် ၈၅ လုံး၊ ကန်ဆင့်မြိုင်ကျေးရွာမှာ နေအိမ် ၂၅ လုံး၊ ရွှေကုက္ကိုဒေသ ထိုက်ဆန်းမြိုင်ကျေးရွာမှာ နေအိမ် ၉၂ လုံး စုစုပေါင်းနေအိမ် ၅၄၄ လုံး ဆောက်လုပ်နေရာချထားပေးပြီး ဖြစ်ပါတယ်။

ကျေးရွာအလိုက် သောက်သုံးရေရရှိရေးအတွက် ခြောက်လက်မ အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပေးပြီး လျှပ်စစ်မီးရရှိရေး၊ တိုင်းရင်းသားကလေးငယ်များအတွက် စာသင်ကျောင်းများဖွင့်လှစ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးပေးခန်းများဖွင့်လှစ်နိုင်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

### ရော်ဘာစိုက်ခင်းများ ထူထောင်

ကရင်တိုင်းရင်းသားသွေးချင်းမိသားစုများ ရေရှည်ဘဝရပ်တည်ရေးအတွက် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို အိမ်ထောင်စုတစ်စုလျှင် ငါးဧကနှုန်း ဖော်ထုတ်စိုက်ပျိုးပေးသွားရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ စုစုပေါင်း မြေဧက ၂၅၀၀ ဖော်ထုတ်လျက်ရှိရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း မြိုင်ကြီးငူဒေသမှာ ၂၅၆ ဧက၊ ကမမောင်းဒေသမှာ ၂၄၄ ဧက စုစုပေါင်းဧက ၅၀၀ ဖော်ထုတ်စိုက်ပျိုးပေးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ လှိုင်းဘွဲ့ဒေသမှာ ဧက ၆၀၀၊ မြိုင်ကြီးငူဒေသမှာ ဧက ၂၀၀၊ပိုင်ကျုံဒေသမှာ ဧက ၂၀၀၊ ဖောထိခုဒေသမှာ ဧက ၂၀၀၊စုစုပေါင်း ဧက ၁၂၀၀ ဖော်ထုတ်လျက် ရော်ဘာပျိုးပင်များ ပျိုးထောင်ထားရှိခြင်း၊ ပီလောပီနံ မျိုးပွားစိုက်ခင်းများ ထူထောင်ခြင်း၊ စပါးနှင့် ငါးကန်များ ပူးတွဲစိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

### ရိက္ခာဆန်များဖြန့်ဝေ

ရော်ဘာစိုက်ခင်းဧက ၂၅၀၀ ဖော်ထုတ်စိုက်ပျိုးပေးနေဆဲကာလအတွင်း ဒေသခံ တိုင်းရင်းသားများစားဝတ်နေရေး အဆင်ပြေစေဖို့ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစပြီး ရိက္ခာဆန်များ ဖြန့်ဝေဆောင်ရွက်လျက်ရှိရာ မြိုင်ကြီးငူဒေသမှာ အိမ်ထောင်စု ၁၂၇၆ စု၊ လှိုင်းဘွဲ့ဒေသမှာ အိမ်ထောင်စု ၁၇၉ စု၊ နဘူး ဒေါ်လန်းဒေသမှာ အိမ်ထောင်စု ၁၄၂ စု၊ မြဝတီ၊ သက်န်းညီနောင်၊ ရွှေကုက္ကိုဒေသမှာ အိမ်ထောင်စု ၄၆၅ စု၊ ဟောင်သရောဒေသမှာ အိမ်ထောင်စု ၁၀၃ စု စုစုပေါင်း အိမ်ထောင် စု ၂၁၆၅ စု၊ လူဦးရေ ၇၅၉၁ ဦးတို့အတွက် လူကြီးတစ်ဦးလျှင် ရှစ်ပြည်နှုန်း၊ ကလေးတစ်ဦးလျှင် ခြောက်ပြည်နှုန်းဖြင့် လစဉ်ဖြန့်ဝေပေးလျက်ရှိပါတယ်။ ရိက္ခာဆန်များကို ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ သုံးနှစ်ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းနဲ့ စပါး၊ ငါးစိုက်ပျိုးရေးလုပ်ငန်းများအပေါ် မှီခိုအားထားခြင်း မပြုနိုင်သေးမီကြားကာလမှာ ဘဝရပ်တည်ရေးအဆင်ပြေစေဖို့ နိုင်ငံတော် အစိုးရကထောက်ပံ့ပေးနေခြင်းပဲဖြစ်ပါတယ်။

### ငြိမ်းချမ်းခြင်းသည်သာ အလိုအပ်ဆုံးအရာ

နိုင်ငံတော်အနေနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်လာ ရေးကြိုးပမ်းတည်ဆောက်လျက် တစ်ဖက်မှလည်း တိုင်းရင်းသား အဖွဲ့အစည်းများနဲ့ ယုံကြည်မှုခိုင်ခိုင်မာမာတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်လျက်ရှိပါတယ်။ ဒါ့ကြောင့် ကရင်ပြည်နယ်ကြီးဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတည်ငြိမ်အေးချမ်းပြီး ဒေသခံတိုင်းရင်းသား သွေးချင်းများအနေဖြင့်လည်း ငြိမ်းချမ်းခြင်းရဲ့ အကျိုးရလဒ်အသီးအပွင့် များကိုလည်း ရရှိခံစားကြရမှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

ကယားပြည်နယ်

# ကယားပြည်နယ်တွင် လမ်းပန်း ခရီးသည်ပို့ဆောင်ရေးယာ

ဒေသတစ်ခု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့် လူမှုကိစ္စအဝဝကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရန်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် အထူးလိုအပ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာသွားလာရေးအဆင်ပြေချောမွေ့ပြီး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့် လူနှင့်ဆိုင်ရာကိစ္စအရပ်ရပ်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ယခင်က ကယားပြည်နယ်သည် သွားလာရေးခက်ခဲသော နေရာဒေသတစ်ခုဖြစ်ခဲ့သည်။ ပြည်နယ်တွင်း တစ်နေရာနှင့်တစ်နေရာ သွားလာရန်လည်း ခက်ခဲသည်။

ပြည်နယ်ပြင်ပအခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များနှင့် ကူးလူးသွားလာရန်လည်း ခက်ခဲသည်။ ထို့ကြောင့် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့ရသည်။ ကယားပြည်နယ်အတွင်း အချို့သောဒေသများမှာ သွားလာရေးခက်ခဲသဖြင့် ထိုဒေသရှိဒေသခံလူများမှာ အလွန်ရှေးကျသော ခေတ်ဟောင်းကလူမှုရေးအဆင့်မှာပင် နေထိုင်နေသလိုရှိသည်။ ယခုကား ထိုသို့မဟုတ်တော့ပါပြီ။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် လွိုင်ကော်-တောင်ကြီး ခရီးမဝေးတော့ပြီ။ လွိုင်ကော်-မိတ္ထီလာခရီးမဝေးတော့ပြီ။ လွိုင်ကော်-နေပြည်တော် ခရီးမဝေးတော့ပြီ။ ပြည်နယ်တွင်းခရီးတွေမှာလည်း ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့်တစ်မြို့နှင့်တစ်မြို့ကူးသန်းသွားလာရန်မှာ အလွန်စဉ်းစားရသည်။ သွားပြန်တော့လည်းခရီးမပေါက်၊ လွိုင်ကော်-ဖရူဆို မိုင် ၂၀ ခရီးကိုပင် တစ်နေကုန်မှ ရောက်သည်။ လွိုင်ကော်-ရှားတော ခရီးတွင် လွိုင်ကော်မှ ပွန်ချောင်းကျေးရွာအထိ လိုင်းကားအိုကြီးကို တမေ့တမောစီးပြီး ပွန်ချောင်းကျေးရွာမှ ရှားတောအရောက် အဆင်းခြောက်မိုင်၊ အတက်ခြောက်မိုင် လမ်းလျှောက်ရသည်။ ကိုယ်တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်နယ်တွင်းမှာပင် တစ်နေရာနှင့်တစ်နေရာ ကူးလူးသွားလာဆက်ဆံမှု နည်းခဲ့ကြသည်။ လွိုင်ကော်ကလူဘော်လခဲလောက်ရောက်ဖူးသည်ဆိုလျှင်ပင် အထူးအဆန်းကြီးတွေဖြစ်ခဲ့ကြရသည်။

ယခုတော့ လွိုင်ကော်-ဒီးမော့ဆို-ဖရူဆို-ဘော်လခဲ-

ကယားပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ပြည်နယ်အတွင်းနှင့် နိုင်ငံတစ်ဝန်းသို့ အလွယ်တကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

မွန်ပြည်နယ်

# ရေးမြို့နယ်နှင့် ခရီးသွားလုပ်ငန်း

ရေးမြို့နယ်၌ ထင်ရှားကျော်ကြားသော စေတီများတွင် တစ်ဆူဖြစ်သည့် စကားတောင်စေတီကို သပ္ပာယ်စွာဖူးတွေ့ရစဉ်။

ဒေါက်တာမင်းနွယ်စိုး

မွန်ပြည်နယ်သည် တနင်္သာရီရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်တို့အကြားတွင် တည်ရှိသောကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည်။ ယခင်ခေတ်ကာလများက ပြည်တွင်းပဋိပက္ခများကြောင့် မွန်ပြည်နယ်အချို့ဒေသများကိုသာ နိုင်ငံခြားခရီးသွားဧည့်သည်များကို သွားလာခွင့်ပြုခဲ့ပြီး ဒေသခပ်များများသို့ သွားလာခွင့်ကို ကန့်သတ်ထားခဲ့သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နေပြည်တော်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌရာထူးကို လက်ခံဆောင်ရွက်တော့မည်ဖြစ်သကဲ့သို့ ၂၀၁၅ခုနှစ်တွင် AFTA ခေါ် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဧရိယာသည် အဖွဲ့ဝင်နိုင်ငံများအကြား

ပုပ္ဖရမ္မ ဗုဒ္ဓသိမ်တော်ကို ခံ့ညားတင့်တယ်စွာတွေ့ရစဉ်။

လွတ်လပ်သော ကုန်သွယ်မှုစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်တော့မည်ဖြစ်ရာ နိုင်ငံခြားခရီးသွားများသည် ယခုထက်ပို၍ မြန်မာနိုင်ငံကို လာရောက် တော့မည်ဖြစ်သည်။ အရှေ့-အနောက်ကော်ရီဒါသည်လည်း ထိုင်းမှ မွန်ပြည်နယ်ကို ဖြတ်သန်းသွားရန်ရှိသည်။ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံချက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လာသည်နှင့် မွန်ပြည်နယ်သို့ ခရီးသွားအများအပြား ရောက်လာတော့မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်တွင် ခရီးသွား ၈၁၆၃၆၉ ဦး ဝင်ရောက်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လအထိ မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ထုတ်ပေးရာတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၇၆၇လုံး၊ အိပ်ခန်းပေါင်း ၂၇၁၄၈ ခန်းရှိကြောင်း တွေ့ရသည်။ နိုင်ငံခြားခရီးသွားများ အဓိကဝင်ရောက်လျက်ရှိသည့် ရန်ကုန်မြို့၌ ဟိုတယ်အခန်းပေါင်း ၉၁၁၀ ရှိသည့်အနက် ဟိုတယ်အခန်း ၂၀၀၀ ခန့်သည် နိုင်ငံတကာအဆင့်မီကြောင်းသိရပြီး ၂၀၁၄-၂၀၁၅ ခုနှစ်များအတွင်း နိုင်ငံတကာအဆင့်မီ အခန်းများတိုးတက်လာရန် စီမံဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

မွန်ပြည်နယ်သို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှုသည် ၂၀၁၂ ခုနှစ်တွင် ၇၄၄၈၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ဇွန်လကုန်အထိ ၄၉၃၉၆ ဦးရှိသည်။ တစ်ခါကလုံခြုံရေးအကန့်အသတ်၊ လမ်းပန်းဆက်သွယ်မှုအကန့်အသတ်ကြောင့် မွန်ပြည်နယ်သို့ လာရောက်သော နိုင်ငံခြားခရီးသွားများ၏ အဓိကခရီးသွားနေရာသည် ကျိုက်ထီးရိုးသာဖြစ်ခဲ့သည်။ တိုးတက်ပြောင်းလဲလာသော အခြေအနေများအရ မော်လမြိုင်ခရိုင်ဘက်သို့သွားလာမှု တစ်စတစ်စများလာနေပြီဖြစ်သည်။ မွန်ပြည်နယ်တွင် သီးခြားဟိုတယ်ဇုန်ကြီးတစ်ခုအဖြစ် တည်ဆောက်ရန် မြေနေရာအခက်အခဲရှိသော်လည်း ဟိုတယ်ဆောက်လုပ်နိုင်ရန် မြေနေရာအများအပြားရှိနေဆဲဖြစ်သည်။ ပေါင်မြို့နယ် မုတ္တမတောင်ရိုးတန်းနှင့်ကမ်းပါးဝန်းကျင် သံလွင်မြစ်အတွင်းရှိကျွန်းများသည် ဟိုတယ်တည်ဆောက်ရန်ကောင်းမွန်သော မြေနေရာများဟု ဆိုနိုင်သည်။ အလားတူပင် စက်စဲကမ်းခြေသည် အသေးစား၊ အလတ်စားဟိုတယ်ဇုန် ဖြစ်ထွန်းနိုင်မည့်ဒေသတစ်ခုဖြစ်သည်။

မကြာမီကာလအတွင်း သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းကို အဆင့်မြှင့်တင်တော့မည်ဖြစ်ရာ ထိုင်းနိုင်ငံမှ ခရီးသွားများအတွက် နေ့ချင်းပြန် သို့မဟုတ် တစ်ညအိပ် မွန်ပြည်နယ်ခရီးစဉ်အဖြစ် နေရာအများအပြားကို လည်ပတ်နိုင်တော့မည်ဖြစ်သည်။ မဲဆောက်-မော်လမြိုင် လေကြောင်းခရီးစဉ် စတင်ပျံသန်းပြေးဆွဲနေသည်ကိုလည်း တွေ့ရှိနေရပြီ ဖြစ်သည်။ ကုလားကုတ်ကျွန်းပေါ်တွင် ရေနံချက်စက်ရုံ စီမံကိန်းသည်လည်း ပေါ်ထွန်းလာရန် အလားအလာများရှိနေပြီ ဖြစ်သည်။ ကုလားကုတ် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုများ ပြုလုပ်ရန် လာရောက်လေ့လာနေကြသည့် အဖွဲ့အစည်းများအနက် ထိုင်းနိုင်ငံမှ EMERALD GRAND HOTEL GROUP နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့အကြား ပြီးခဲ့သည့် ဩဂုတ်လ ၉ ရက်နေ့က သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ အဆိုပါအဖွဲ့သည် နိုင်ငံတကာ ပင်လယ်ကူးသင်္ဘောအစင်း ၃၀တစ်ပြိုင်နက် ဆိုက်ကပ်နိုင်သည့် ရေနက်ဆိပ်ကမ်းအပါအဝင် စက်မှုစီမံကိန်းတစ်ခုကိုပါ ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းထားသည် ဆိုသည်။ ထိုသို့သောစီမံကိန်းများအပြင် ထားဝယ်ရေနက်ဆိပ်ကမ်းသည်လည်း မွန်ပြည်နယ်ခရီးသွားလုပ်ငန်းကို တိုးတက်ထွန်းကားလာစေရန် တွန်းအားတစ်ခုဖြစ်သည်မှာသေချာသည်။

မွန်ပြည်နယ် သထုံခရိုင်၌ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင် (ဟ/ တ)ရ ၁၁ လုံး၊ အခန်းပေါင်း ၅၄၂ ခန်းရှိပြီး တည်းခိုရိပ်သာလိုင်စင်(တ) လျှောက်ထားဆဲ ၄၇ ခန်းရှိသည်။ မော်လမြိုင်ခရိုင်၌ ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင် (ဟ/တ)ရ ၁၀ လုံး၊ အခန်းပေါင်း ၂၈၈ ခန်းရှိသည်။ ၎င်းအပြင် လျှောက်ထားဆဲ ဟိုတယ်လိုင်စင်(ဟ)၂၆ ခန်းနှင့် တည်းခိုရိပ်သာ လိုင်စင်(တ) ၁၆ခန်း ရှိပြီး တည်ဆောက်ဆဲ ဟိုတယ်လိုင်စင် (ဟ)တွင် အခန်း ၇၂ခန်း ပါရှိဦးမည်ဖြစ်သည်။ သို့ရာတွင် ရေးမြို့နယ်၌ နိုင်ငံခြားသားများတည်းခိုနိုင်မည့်ဟိုတယ်နှင့် တည်းခိုရိပ်သာ တစ်ခုတလေမျှ မရှိသေးခြင်းက လိုအပ်ချက်တစ်ခုဟုဆိုနိုင်သည်။

ပထဝီအနေအထားအရ ရေးမြို့နယ်သည် ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားရှိပြီး အလွန်လှပသည့်ကမ်းခြေ အမြောက်အမြားရှိပါသည်။ ကော့ဒွတ်ကမ်းခြေ၊ အံ့ဒင်ကမ်းခြေ၊ ဇီးဖြူသောင်ဘုရားတောင်ကမ်းခြေ၊ သဲခုံကမ်းခြေ၊ ကဗျာဝကမ်းခြေ၊ တရုတ်ထောက်ကမ်းခြေ၊ မကျီးကမ်းခြေ၊ ခနိုကြာ(ခနိုသကြား) ကမ်းခြေတို့သည် ခရီးသွားတို့အတွက် ကောင်းမွန်သော အပန်းဖြေစခန်းနှင့် ဟိုတယ်ဇုန်များတည်ဆောက်နိုင်သည့်နေရာများ ဖြစ်သည်။ ကမ်းရိုးတန်းတစ်လျှောက်ရှိသည့် ကျွန်းများသည်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကိုဖိတ်ခေါ်နေသည်။ တစ်ခါက လက်နက်ကိုင်ပဋိပက္ခကြောင့် အချို့သော တောတောင်များ မူလပကတိအနေအထားနီးပါးရှိနေသည်မှာလည်း အားသာချက် ဖြစ်သည်။ အဏ္ဏဝါဇီဝသိပ္ပံဆိုင်ရာ လေ့လာလိုသူများအတွက် ကောင်းမွန်သော ဒေသတစ်ခုလည်းဖြစ်သည်။ မာရဒေဝီတည်ဆောက်ခဲ့သော ရေးမြို့ဟောင်း၏ ကျုံးအပါအဝင်မြို့ဟောင်းအကြွင်းအကျန်များကိုလည်း ယခုတိုင်တွေ့မြင်နိုင်ဆဲဖြစ်သည်။ ဘဒ္ဒန္တပုပ္ဖရမ္မ(ကိုရင်လေး)ဆရာတော်၏ ဒိုးတမော့ဗရတ်တောင်သာသနာ့နယ်မြေ၊ လမိုင်းကေလာသစေတီ၊ ရေး ရွှေဆံတော်စေတီ၊ စကားတောင်စေတီ၊ ဟံဂံကျိုက်မံမလော့စေတီများသည်လည်း ထင်ရှားကျော်ကြားသောဘုရားစေတီများဖြစ်ကြသည်။

ရေးမြို့နယ်အတွင်းလမ်းပန်းဆက်သွယ်မှုသည်လည်း အားနည်းလျက်ရှိပြီး နိုင်ငံခြားခရီးသွားများ တည်းခိုနိုင်မည့်ဟိုတယ်နှင့်အဆင့်မြှင့်တည်းခိုရိပ်သာ ရေးမြို့ပေါ်တွင်ပင်မရှိသေးသည်မှာ ကြီးမားသောအားနည်းချက်ဟု ဆိုရမည်။ ဟိုတယ်နှင့်တည်းခိုရိပ်သာများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဒေသခံလုပ်ငန်းရှင်များ ရင်းနှီးတည်ဆောက်နိုင်လျှင်အကောင်းဆုံးဖြစ်မည်။ သို့မဟုတ်ပါက ပြည်တွင်းတိုင်းရင်းသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ မကြာသောကာလအတွင်း လာရောက်ပြီး ရင်းနှီးမြှုပ်နှံကြမည်မှာ သေချာသည်။

နိုင်ငံခြားခရီးသွားများ တည်းခိုနိုင်သည့်ဟိုတယ်နှင့်တည်းခိုရိပ်သာများ မရှိသည့်အတွက် HOME STAY အစီအစဉ်ဖြင့် တည်းခိုခွင့်ပြုမည်လားဆိုသည်မှာ စဉ်းစားရန်ဖြစ်သည်။ ယဉ်ကျေးမှုဓလေ့ထုံးစံမတူသော အုပ်စုနှစ်ခုအကြား အတူနေထိုင်တည်းခိုမှုသည် လေးလေးနက်နက်စဉ်းစားရမည့် အချက်ဖြစ်သည်။ ရေးမြို့နယ်အတွင်းဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့်တည်းခိုခန်းကဏ္ဍတစ်ခုတင်မဟုတ်ဘဲ ဆက်စပ်ကဏ္ဍများဖြစ်သည့် လျှပ်စစ်မီး၊ ဧည့်လမ်းညွှန်၊ ခရီးသွားလုပ်ငန်း၊ ခရီးသွားရဲ၊ အဆင့်မီစားသောက်ဆိုင်များ၊ ပို့ဆောင်ရေး၊ သွားရောက်လည်ပတ်နိုင်မည့်နေရာများ၊ အမှတ်တရပစ္စည်းများ စသည့်ကဏ္ဍများသည်လည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။

ထိုင်းနိုင်ငံနှင့်အချိန်တိုသွားလာနိုင်မည့်လမ်းကြောင်းပေါ်ပေါက်လာပါက ရေးဒေသ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည်လည်း အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ရေးမြို့နယ်သည် သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဘာသာရေး အမွေအနှစ်များစုဝေးရာ ဒေသတစ်ခုဖြစ်သည့်အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ပြည်သူလူထု အခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာများနှင့်ကိုက်ညီသည့် ဒေသတစ်ခုဟုဆိုလျှင် မှားမည်မထင်ပါ။

**ပေါင်မြို့နယ် မုတ္တမတောင်ရိုးတန်းနှင့်ကမ်းပါးဝန်းကျင် သံလွင်မြစ်အတွင်းရှိကျွန်းများသည် ဟိုတယ်တည်ဆောက်ရန် ကောင်းမွန်သော မြေနေရာများဟု ဆိုနိုင်သည်။ အလားတူပင် စက်စဲကမ်းခြေသည် အသေးစား၊ အလတ်စားဟိုတယ်ဇုန် ဖြစ်ထွန်းနိုင်မည့် ဒေသတစ်ခုဖြစ်သည်။**



ခရီးသွားများ သဘာဝအရှိတရားများအတိုင်း အပန်းဖြေအနားယူနိုင်သည့် ဘုရားတောင် ပင်လယ်ဝကမ်းခြေအလှ။

# ၈ နိုင်ငံတကာအားကစား

မြန်မာ့အလင်း

၂၀-၉-၂၀၁၃ (သောကြာနေ့)


Date - 22 September
Kick-off - 21:30
Venue - Etihad Stadium

# MAN CITY vs MAN UTD

| Team | League | FACup | Capital Cup | European Cup | UEFA Cup | Cup Winner's Cup | UEFA SuperCup | Intercontinental Cup | Club World Cup | Total |
|---|---|---|---|---|---|---|---|---|---|---|
| မန်စီးတီး | ၃ကြိမ် | ၅ကြိမ် | ၂ကြိမ် | - | - | ၁ကြိမ် | - | - | - | ၁၀ကြိမ် |
| မန်ယူ | ၂၀ကြိမ် | ၁၁ကြိမ် | ၄ကြိမ် | ၃ကြိမ် | - | ၁ကြိမ် | ၁ကြိမ် | ၁ကြိမ် | ၁ကြိမ် | ၄၂ကြိမ် |

## PREDICTED TEAM

မန်စီးတီးသည် မန်နေဂျာပယ်လီဂရီနီ၏ လက်အောက်တွင် ထင်သလောက် အထိုင်မကျသေးပေ။ စတုတ်နှင့်ပွဲတွင် ဂိုးမရှိသရေကျခဲ့ရာ အသင်းကစားပုံမှာ အားနည်းမှုများ ရှိခဲ့သည်။ သို့သော် အိမ်ကွင်းတွင် ခြေစွမ်းပိုင်း ပိုကောင်းတတ်သည်။

## PREDICTED TEAM

မန်ယူသည် လက်ရှိအချိန်၌ မန်စီးတီးထက် ကစားပုံ ပိုကောင်းသည်မှာ မှန်သည်။ သို့သော် ရွန်းနေနှင့် ဗန်ပါစီတို့၏ တိုက်စစ်ပိုင်းသည် မိုယက်စ်လက်ထက်တွင် ယမန်နှစ်ကလောက် ဂိုးသွင်းခြေမငြိမ်ပေ။

## KEY PLAYER

### အဂွေရို(တိုက်စစ်)

| | | |
|---|---|---|
| ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု | - | ၃ပွဲ |
| ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး | - | ၁ဂိုး |
| ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး | - | ၁၇၂ဂိုး |
| ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး | - | ၃၆ဂိုး |
| မန်စီးတီးအတွက် စုစုပေါင်းပွဲကစားမှု | - | ၉၁ပွဲ |
| မန်စီးတီးအတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး | - | ၄၈ဂိုး |

## KEY PLAYER

### ဗန်ပါစီ(တိုက်စစ်)

| | | |
|---|---|---|
| ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု | - | ၄ပွဲ |
| ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး | - | ၃ဂိုး |
| ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး | - | ၁၈၉ဂိုး |
| ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး | - | ၁၂၅ဂိုး |
| မန်ယူအတွက် စုစုပေါင်းပွဲကစားမှု | - | ၅၃ပွဲ |
| မန်ယူအတွက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး | - | ၃၅ဂိုး |

## Manuel Pellegrini Record Vs Man Utd

## သစ်မင်းအိမ်

## David Moyes Record Vs Man City

Manuel Pellegrini Record Vs Man Utd: ၀ပွဲ ၀ပွဲနိုင် ၀ပွဲသရေ ၀ပွဲရှုံး ရဂိုး ၀ဂိုး ပေးဂိုး ၀ဂိုး

David Moyes Record Vs Man City: ၂၂ပွဲ ၁၂ပွဲနိုင် ၄ပွဲသရေ ၆ပွဲရှုံး ရဂိုး ၂၇ဂိုး ပေးဂိုး ၂၃ဂိုး

## ပရီမီယာလိဂ် ပွဲစဉ်(၅)

| | | | | |
|---|---|---|---|---|
| နော့ဝှစ်ချ် | - | ဗီလာ | ည ၆း၁၅ | (၂၁-၉-၂၀၁၃) |
| လီဗာပူး | - | ဆောက်သမ်တန် | ည ၈း၃၀ | (၂၁-၉-၂၀၁၃) |
| နယူးကာဆယ် | - | ဟားလ်စီးတီး | ည ၈း၃၀ | (၂၁-၉-၂၀၁၃) |
| ဝက်စ်ဘရွန်း | - | ဆန်းဒါန်းလန်း | ည ၈း၃၀ | (၂၁-၉-၂၀၁၃) |
| ဝက်စ်ဟမ်း | - | အဲဗာတန် | ည ၈း၃၀ | (၂၁-၉-၂၀၁၃) |
| ချယ်လ်ဆီး | - | ဖူလ်ဟမ် | ည ၁၁း၁၀ | (၂၁-၉-၂၀၁၃) |
| အာဆင်နယ် | - | စတုတ် | ည ၇း၀၀ | (၂၂-၉-၂၀၁၃) |
| ပဲလေ့စ် | - | ဆွမ်ဆီး | ည ၇း၀၀ | (၂၂-၉-၂၀၁၃) |
| ကာဒစ်ဖ် | - | စပါး | ည ၉း၃၀ | (၂၂-၉-၂၀၁၃) |
| မန်းစီးတီး | - | မန်ယူ | ည ၉း၃၀ | (၂၂-၉-၂၀၁၃) |

**မန်စီးတီး ၂-၃ မန်ယူ (၉-၁၂-၁၂) (ပရီမီယာလိဂ်)**

အိမ်ကွင်းဖြစ်သော်လည်း မန်စီးတီးရှုံးကန်ခဲ့ရသည်။ ၁၆ မိနစ်နှင့် ၂၉မိနစ်တို့တွင် ရွန်းနေက မန်ယူအတွက် နှစ်ဂိုးသွင်းယူသွားမှုကို မိနစ် ၆၀နှင့် ၈၆မိနစ်တို့တွင် တိုရေးနှင့်ဇာဘလက်တာတို့က ပြန်ချေပနိုင်ခဲ့သော်လည်းနာကျင်အချိန်ပိုတွင် ဗန်ပါစီကပြစ်ဒဏ်ဘောကနေ မန်ယူအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

**မန်စီးတီး ၂-၃ မန်ယူ (၈-၁-၁၂) (အက်ဖ်အေ)**

ထိုပွဲတွင်လည်း ၁၂မိနစ်၌ ကွန်ပနေအထုတ်ခံရပြီး မန်စီးတီး ရှုံးကန်ခဲ့ရသည်။၁၀၊၃၀၊ ၄၀မိနစ်တို့၌ ရွန်းနေ၊ဝဲလ်ဘက်တို့က မန်ယူအတွက် ဂိုးများသွင်းယူသွားမှုကို ၄၈နှင့် ၆၄ မိနစ်တို့တွင် ကိုလာရော့စ်နှင့် အဂွေရိုတို့က နှစ်ဂိုးသာ ပြန်၍ ချေပနိုင်ခဲ့သည်။

**မန်စီးတီး ၁-၀ မန်ယူ (၁၆-၄-၁၁)(အက်ဖ်အေ)**

ထိုပွဲတွင်မူ မန်စီးတီးသည် မန်ယူကိုကောင်းစွာ ထိန်းနိုင်ခဲ့ပြီး ၅၂မိနစ်တွင် တိုရေးက အဖိုးတန်ဂိုး သွင်းယူပေးခဲ့သည်။ မန်ယူ၏ ချေပဂိုးရရေး ကြိုးစားမှုများသည် ၇၂မိနစ်တွင် ပေါလ်စခိုးအနီကတ်ဖြင့် အထုတ်ခံခဲ့ရသည်။

**မန်စီးတီး ၀-၀ မန်ယူ (၁၁-၁၁-၁၀)(ပရီမီယာလိဂ်)**

နှစ်သင်းစလုံး တိုက်စစ်အားပြုခဲ့သော်လည်း ဂိုးမရခဲ့ပေ။ အထူးသဖြင့် ဗန်ဒါဆားနှင့် ဂျိုးဟတ်တို့၏ လက်စွမ်းတည်ငြိမ်မှုနှင့်ခံစစ်ကစားပုံကောင်းမွန်မှုများက နှစ်သင်းစလုံး၏ ဂိုးရနိုင်ခွင့်များကို ပျောက်ဆုံးစေခဲ့ပြီး ဂိုးမရှိသရေကျခဲ့သည်။

**မန်စီးတီး ၀-၁ မန်ယူ (၁၇-၄-၁၀)(ပရီမီယာလိဂ်)**

ထိုပွဲတွင် မန်စီးတီးသည် မန်ယူအား ကောင်းစွာထိန်းချုပ်နိုင်ခဲ့သည်။ သို့သော်လည်း ဆက်တိုက် ဖိအားပေးခဲ့သည့် မန်ယူကို ပွဲပြီးသည်အထိ မထိန်း နိုင်ဘဲ နာကျင်အချိန်ပိုတွင် ပေါလ်စခိုး မန်ယူအတွက် အနိုင်ဂိုး သွင်းယူခဲ့ခြင်း ဖြစ်သည်။

# ဘာလင်မာရသွန်ပြိုင်ပွဲတွင် မိမိတင်ထားသည့် ကမ္ဘာ့စံချိန်ဆက်လက်တည်ရှိနေရန် မျှော်လင့်ကြောင်း ကင်ညာအပြေးသမား မာကာယူပြောဆို

**ထက်အောင်**

ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့ သည့် ၂၀၁၂ ခုနှစ် ဖရန့်ဖွတ် မာရသွန် အပြေးပြိုင်ပွဲ၌ ချန်ပီယံဆု ရယူနိုင်ခဲ့သူ ပက်ထရစ်မာကာယူက ဘာလင်မာရသွန်ပြိုင်ပွဲ၌ သူ၏ မာရသွန် အပြေးပြိုင်ပွဲ ကမ္ဘာ့စံချိန် ချိုးဖြတ်ခံရခြင်းမရှိရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၈ နှစ်အရွယ်ရှိ ကင်ညာနိုင်ငံသား ပက်ထရစ်မာကာယူသည် ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ် ဘာလင်မာရသွန်ပြိုင်ပွဲများတွင် ချန်ပီယံဆုများရရှိခဲ့ပြီး ၂၀၁၁ ခုနှစ် ဘာလင်မာရသွန်ပြိုင်ပွဲ၌ ၂ နာရီ ၃မိနစ် ၃၈ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။

မာရသွန်အပြေးသမား မာကာယူသည် ဒဏ်ရာပြဿနာကြောင့် လာမည့် စက်တင်ဘာ ၂၉ရက်တွင် ကျင်းပမည့်ဘာလင် မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည် မဟုတ်ပေ။

မာကာယူက "ဘာလင်မာရသွန်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိတာက ကံမကောင်းမှုတစ်ခုပါပဲ။ ကျွန်တော့်ရဲ့ကြံ့ခိုင်မှု ပုံစံအကောင်းဆုံးပုံစံရရှိဖို့ အချိန်ပေးကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် ဒူးဒဏ်ရာနာကျင်မှု ခံစားနေရဆဲပါ။ ဒူးဒဏ်ရာအခြေအနေက အဆိုးရွားကြီးမဟုတ်ပေမယ့် ဘာလင်မာရသွန်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် ကြံ့ခိုင်မှုအပြည့်အဝရှိနေဖို့ လိုပါတယ်။ ဘာလင်မာရသွန်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ့်ပြိုင်ပွဲဝင်တွေအားလုံး အကောင်းဆုံး ယှဉ်ပြိုင်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ဘာလင်မာရသွန်ပြိုင်ပွဲမှာ ကျွန်တော်တင်ထားတဲ့ ကမ္ဘာ့စံချိန် ဆက်လက်တည်ရှိနေမယ်လို့မျှော်လင့်ပါတယ်"ဟု ပြောသွားသည်။

မာကာယူကသူ၏ ဒဏ်ရာနှင့်ပတ်သက်၍ "ဆရာဝန်တွေက ကျွန်တော့်ကို လာမယ့်နှစ်လလောက်အတွင်းမှာ အပေါ့စား လေ့ကျင့်မှုတွေသာ ပြုလုပ်ဖို့ပြောထားပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ လေ့ကျင့်မှုအပြည့်အဝ ပြန်လည်ပြုလုပ်သွားမှာပါ"ဟု ပြောသွားသည်။ဘာလင်မာရသွန် ပြိုင်ပွဲအား ၁၉၇၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ခရီးအကွာအဝေး ၂၆ မိုင် ၃၈၅ ကိုက် (၄၂ . ၁၉၅ ကီလိုမီတာ) ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သည်။

ယခုနှစ် ဘာလင်မာရသွန်ပြိုင်ပွဲသည် အကြိမ် ၄၀ မြောက် ကျင်းပသည့် ပြိုင်ပွဲဖြစ်သည်။ ဘာလင်မာရသွန်ပြိုင်ပွဲ ကျင်းပရေး

*စာမျက်နှာ ၂ သို့*